စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၄၁*

ကပ်ဆိုးကြီးမှစ၍ကမ္ဘာသည်ပို၍ကြီးမားသောနေရာတစ်ခုဖြစ်လာခဲ့ပြီး ကမ္ဘာ၏ထောင့်တစ်နေရာမှတစ်ခြားတစ်နေရာသို့သွားလာရန်လည်းခက်ခဲလာသည်။

ဒါကဟွားရှားမှာနိုင်ငံခြားသားတွေကိုအများကြီးမတွေ့ရတဲ့အကြောင်းအရင်းတွေထဲက တစ်ခုလည်းဖြစ်သည်။

## စာစဉ် ၁၆

ကောင်းဖန်၏နောက်တွင်တစ်စုံတစ်ခု 'ရှူးရှူးရှဲရှ' အသံမြည်နေသည်၊ လှည့်ကြည့် လိုက်တော့, ကြီးမားသောအနက်ရောင်အန်ဒါကွန်ဒါမြွေနှင့်အတူသူ့ကို ယိသူ မျက်နှာချင်းဆိုင်နေသည်ကိုတွေ့လိုက်ရသည်။

ကောင်းဖန်ကနောက်သို့ခြေလှမ်းအနည်းငယ်ဆုတ်လိုက်သည်။

"မင်းငါ့ကိုနှလုံးရောဂါရအောင်များလုပ်နေတာလား?" ကောင်းဖန်ကကျွင်းမော့ယီကို ပြောလိုက်သည်။

ကျွင်းမော့ယီကသူမ၏ အနက်ရောင်အန်ဒါကွန်ဒါမြွေ၏ဘေး၌ရပ်နေရင်း သောက်စရာ အိတ်နှစ်အိတ်ကိုကိုင်ထားပြီး လက်ထဲတွင်မုန့်များလည်းကိုင်ထားသည်။

သူမကကောင်းဖန်ကို စူးစမ်းလျက်ကြည့်ကာပြိုင်ပွဲဝင်မဟုတ်သူတစ်ဦးက

ဤနေရာသို့ဘယ်လိုဝင်ရောက်လာနိုင်လဲဆိုတာကိုအံ့ ဩနေမိသည်။ ထို့နောက် သူမက သူ့ကိုစွလည်းမဟုတ်ကြောင်းဆုံးဖြတ်ကာ ရိုးရိုးတန်းတန်းပင်ဖြတ်သွား တော့သည်။

ကောင်းဖန်ကတောင်ပေါ်အိမ်ကြီးများကြားတွင် ဆက်လက်လျှောက်သွားနေခဲ့သည်၊ သူ့လမ်းကြောင်းမှာသားရဲရှိသူတစ်ယောက်ကိုတွေ့တိုင်း ဒေတာဇယားထဲမှသူတို့၏ အချက်အလက်များကိုရှာဖွေပြီး သူတို့၏အားသာချက်နှင့်အားနည်းချက်တွေကို အလွတ် ကျက်ဖို့ကြိုးစားသည်။

ဒါကိုစူးစမ်းချင်စိတ်ကြောင့်ဘဲလုပ်တာပါနော်, သူ့ကိုယ်သူတွေးလိုက်သည်။

သားရဲများသည်သဘာဝအလျောက်တိရိစ္ဆာန်များဖြစ်ကြ သော်လည်း, လူသားများနှင့်

## စာစဉ် ၁၆

ကာလကြာစွာအတူယှဉ်တွဲနေထိုင်ခဲ့ခြင်းက
၎င်းတို့ကိုတောရိုင်းတိရိစ္ဆာန်များထက်
ရိုင်းစိုင်းမှုနည်းပါးစေသည်။

ဖတ်! သိပ်မဝေးသည့်နေရာတွင်,
လေးပေမြင့်သောမြွေကဲ့သို့သတ္တဝါတစ်ကောင်သည်
ရုတ်တရက်ခုန်အုပ်လိုက်ပြီး မျက်နှာကိုရိုက်လိုက်ကာ
ကုတ်ခြစ်ရာသုံးခုကိုချန်ထားခဲ့ သည်။

မြွေက ၂၆ပေလောက်ရှည်လျားပြီး,၎င်း၏ခန္ဓာကိုယ်ကအ
စိမ်းရောင်ဖြစ်ကာ
တစ်ခုချင်းထပ်နေသောအကြေးခွံများဖြင့်ဖုံးထားသည်။

[မကောင်းဆိုးဝါးအမည်]–နတ်ဆိုးမြွေနဂါး

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၉

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–အဆိပ်အာနိသင်အဆင့်၁

[မကောင်းဆိုးဝါးစွမ်းရည်]–အဆိပ်

[မကောင်းဆိုးဝါးအားနည်းချက်]–၁–အမှောင်အမျိုးအစား,၂–ကျောက်စိမ်းပင့်ကူပင်၏သစ်ရည်သည်၎င်း၏နှာခေါင်းပေါက်ကိုစပ်ဖျဉ်းဖျဉ်းဖြစ်စေသည်။

နတ်ဆိုးမြွေနဂါးသည်သူ၏ပါးစပ်ကိုကျယ်ကျယ်ဖွင့်လိုက်ပြီး အဆိပ်အခိုးအငွေ့များကိုလေထဲသို့လွှင့်ထုတ်လိုက်ပြီးနောက်, ၎င်းကိုတိုက်ခိုက်သောခွေးတူဝက်တူ၏ရှေ့သို့တိုးလိုက်သည်၊ သို့သော်, ၎င်းကလွဲချော်သွားသည်။

အဆိပ်အခိုးအငွေ့များခွေးတူဝက်တူ၏သားမွေးပေါ်သို့အန္တရာယ်မရှိသောအရည်အမှုန်များအဖြစ်သို့ပေါင်းစပ်သွားသည်။

စာစဉ် ၁၆

အဖြူရောင်မီးခိုးငွေ့များသည်လေထဲမှ မြေပြင်ပေါ်သို့ကျသွားသည်။

[မကောင်းဆိုးဝါးအမည်]-ရွှေရောင်ကျောပြင်ခွေးတူဝက်တူ

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၂၇

[မကောင်းဆိုးဝါးအဆင့်အတန်း]-အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]-အဆိပ်ပြီးခြင်းအဆင့်၂

[မကောင်းဆိုးဝါးစွမ်းရည်]-ရွှေ

မိနစ်ဝက်လောက်ကြာပြီးနောက်, အလုပ်သမားနှစ်ယောက်ကထိုဖြစ်ပျက်သည့်နေရာသို့ရောက်လာပြီးသားရဲနှစ်ကောင်၏တိုက်ခိုက်မှုကြားတွင်ရပ်တန့်ရန်ကြိုးစားကြသည်၊

ကောင်းဖန်ကကော်ရစ်ဒါတွင်ရပ်နေသည်ကိုသတိထားမ
ိတော့, အလုပ်သမား တစ်ယောက်ကမေးလိုက်သည်,
"သူတို့ကမင်းရဲ့သားရဲတွေလား?"

"ဟင့်အင်း"

ကောင်းဖန်ကသူ့ခေါင်းကိုယမ်းကာပြောလိုက်သည်။

ကောင်းဖန်ကိုလျစ်လျူရှုလိုက်ကာ, အလုပ်သမားသည်
၎င်းတို့၏လေ့ကျင့်သူများကို ရှာဖွေနေစဉ်
ခွေးတူဝက်တူနှင့်
နတ်ဆိုးမြွေနဂါးတို့ကိုဝေးကွာအောင်ထားရန်
အလုပ်သမားများအား၎င်းတို့၏သားရဲများကိုအမိန့်ပေးခို
င်းလိုက်သည်။

ခွေးတူဝက်တူသည်ဒဏ္ဍာရီထဲတွင်ဖော်ပြထားသည့်အတို
င်း, ကြောက်စရာကောင်းကြ သည်။

စာစဉ် ၁၆

ကောင်းဖန်က
လေးပေမြင့်သောသတ္တဝါသည်မြွေနဂါးအားဦးစွာတိုက်ခိုက်သည်ကို မြင်တာဖြစ်သည်။
မြွေနဂါးသည်ပြင်းရှိစွာဖြင့်နေရောင်အောက်တွင်နေပူစာလှုံနေရင်း ရုတ်တရက်ခွေးတူဝက်တူကမြက်ခင်းထဲမှခုန်ထွက်လာကာ ၎င်း၏မျက်နှာကိုလွှဲရိုက်လိုက်တာဖြစ်သည်။

တစ်စုံတစ်ဦးမှအကြောင်းပြချက်မရှိဘဲ၎င်းတို့ကိုတိုက်ခိုက်ခြင်းဖြင့် ၎င်းတို့၏နေပူစာလှုံနေခြင်းကိုနှောက်ယှက်ပါကမည်သူမဆိုဒေါသဖြစ်မိလိမ့်မည်ဖြစ်သည်။

ခွေးတူဝက်တူတစ်ကောင်၏ညှံ့ဖျင်းသောအမြင်အာရုံသည်၎င်း၏ရန်လိုသောအပြုအမူ
နောက်ကွယ်မှအကြောင်းအရင်းဖြစ်သည်ဟုဆိုကြသည်။
ခွေးတူဝက်တူအတွက်,

ခြသေ့်တစ်ကောင်သည်ကြောင်တစ်ကောင်ကဲ့သို့ပေါ်နေပြ
ီး, မြွေတစ်ကောင်သည်
တီကောင်ထက်ပို၍အန္တရာယ်မရှိဘူးလို့မြင်နေမည်ဖြစ်သ
ည်။

ခွေးတူဝက်တူသည်
နတ်ဆိုးမြွေနဂါးကဲ့သို့အဆိပ်အမျိုးအစားရှိသောသတ္တဝါ
များထက်
ကြီးမားသောအားသာချက်ရှိမည်ဖြစ်သော်လည်း
၎င်း၏အဆိပ်ခုခံနိုင်စွမ်းကြောင့်
၎င်းထက်ပိုကြီးပြီးသန်မာသောသတ္တဝါများနှင့်တွေ့ဆုံရာ
တွင်တော့ခက်ခဲလိမ့်မည်ဖြစ် သည်။

ကောင်းဖန်သည်ထိုနေရာရှိသားရဲများ၏ဒေတာအချက်
အလက်များကိုစစ်ဆေးပြီး
နောက်ထိုနေရာမှထွက်ခွာခဲ့တော့သည်။

ပထမတော့ကောင်းဖန်ကဒီကိုလာဖို့ချီတုံချတုံဖြစ်နေခဲ့တာဖြစ်သည်။ အထူးသဖြင့်, အထက်တန်းကျောင်းသားတွေစိတ်ပူပန်နေတဲ့အချိန်, ခုန်ပေါက်သွားလာနေသော မြင်းနက်များလည်းရှိနေမည်ဖြစ်သည်။နောက်ဆုံးတော့, အထက်တန်းကျောင်းသား များသည် ချီတျန်းကဲ့သို့သောကပ်ဆိုးကြီး၏အကြိုဇာတ်လမ်းများထုတ်ဝေမှုတွင်ပင် အဓိကဇာတ်ဆောင်များဖြစ်ကြသည်။ သို့သော်လည်းကောင်းဖန်သည်အနည်းငယ်မျှ တွေ့ခဲ့ရပြီးငင်းတို့အနက်မှမည်သူကမျှသူ့ကိုခြိမ်းခြောက်နိုင်မည့်ပုံမပေါ်သောကြောင့် သူသည်တောင်ပေါ်အိမ်ကြီးများမှ ခြေလှမ်းများကျော်လှမ်းကာပင်ထွက်သွားခဲ့သည်။

ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပြိုင်ပွဲနေ့ဝင်, ခြောက်လကြာတည်ဆောက်ထားသော

စင်ပေါ်မှပြိုးပြိုးပြက်ပြက်အလင်းတန်းများဖြင့်လင်းလက်တောက်ပနေသည်။

နေရာတစ်ခုလုံးသည်ဘောလုံးကွင်းကဲ့သို့ကျယ်ဝန်းသည်၊ ပရိသတ်များဘေးကင်းစေဖို့
အတွက်ကွင်းတစ်ဝိုက်တွင်ကျည်ကာဖိုက်ဘာမှန်နံရံရှစ်ခုအလွှာကိုစိုက်ထူထားသည်။
ခံများပေါ်တွင်ခေါင်မိုးတစ်ခုစီတပ်ထားသည်၊သို့မှသာ,
ထိုနေရာသည်ဒြပ်စင်များဖြင့်
လုံးဝထိမှန်မှုမရှိမည်ဖြစ်သည်၊
လေးစားထိုက်သောသားရဲလေ့ကျင်သူတိုင်းသည်
မည်သည့်အခြေအနေကိုမဆိုသူတို့ကိုယ်သူတို့နေသားတကျဖြစ်အောင်နေနိုင်သည်။

ကြီးမားသောမှန်ပြင်လေးခုသည်လေထဲတွင်လွှင့်တင်ထ ားသည်။

ကွင်းပြင်ကိုကျောက်စိမ်းဖြူနှင့်မီးသင့်ကျောက်နက်တို့ကို ရောစပ်ဖုံးအုပ်ထားခြင်းဖြစ် သည်။
ထိုပေါင်းစပ်မှုကကွန်မန်ဒါအဆင့်သားရဲများ၏တိုက်ခိုက် မှုများကိုခံနိုင်ရည် ရှိလောက်အောင်ခိုင်ခံ့သည်။
၎င်း၏သိပ်သည်းဆမြင့်မားမှုသည်သိမ်းယူခြင်းနှင့် ပုံဖော်မှုခက်ခဲပြီးဈေးကြီးရခြင်း၏အကြောင်းလည်းဖြစ် သည်။

ဤပစ္စည်းကိုအသုံးပြုရခြင်းသည် ဟွားရှားနယ်ပယ်၏ကြွယ်ဝမှုနှင့်ဩဇာလွှမ်းမိုးမှုကို ကိုယ်စားပြုချင်ရုံသာမက ထိုအရေးကြီးသောအချိန်အခါတွင်ဟွားရှားနယ်ပယ်ကို မည်မျှပင်အလေးထားကြောင်းကိုလည်းဖော်ပြသည်။

မနက်ခုနှစ်နာရီထိုးတော့ ပရိတ်သတ်များသည်ကွင်းထဲ၌စပြီးစုဝေးနေကြပြီဖြစ်သ ည်။

## စာစဉ် ၁၆

ကျောက်စိမ်းဖြူနှင့်မီးသင်းကျောက်ကြွေပြားများသည်နံ နက်ခင်းအလင်း၌တောက်ပ နေသည်။

ပွဲကြည့်ပရိတ်သတ်တွေပြည့်နှက်နေတာကြောင့် နေရာကပိုပြီးအသံကျယ်လာသည်။

နေရာ၏အနီးတဝိုက်တွင်သတင်းထောက်များကသတင်း ပေးပို့နေသည်ကိုလည်း တွေ့ရသည်။

“ဒါကတော့ရှီးနန်သတင်း ဟန်ယွမ်ကျန့်ကနေ ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံ ပြိုင်ပွဲအကြောင်းကိုတိုက်ရိုက်တင်ဆက်နေတာဘဲဖြစ်ပါ တယ်၊ မင်းတို့မြင်ကြတဲ့ အတိုင်းငါ့နောက်ကလူအုပ်ကြီးကတိုးလာနေကြတယ်… .”

“ဒါကပဟောင်ဦးမြို့တော်သတင်းကပါ၊ ပရိတ်သတ်တွေကရင်တထိတ်ထိတ်နဲ့ ပွဲစချိန်ကို စောင့်မျှော်နေကြပါတယ်…”

စာစဉ် ၁၆

နာရီဝက်အကြာတွင်ကြီးမားသောကုန်တင်ကားကြီးများ
သည့်အားကစားဝန်းအတွင်း၌ ရပ်သွားကြသည်၊
ထို့နောက်ပြိုင်ပွဲဝင်များသည်၎င်းတို့၏သားရဲများနှင့်အ
တူ
တောက်ပသောယူနီဖောင်းအရောင်များဖြင့်ထွက်လာကြ
သည်။

အချို့ကရက်စက်ပုံရသည်,
အချို့ကရည်မွန်ပုံပေါက်သည်, ပြီးတော့တစ်မျိုးက
အနည်းငယ်စိတ်လွတ်လပ်နေပုံရသည်။

အယ်ဘိုင်နိုလူဝံသည်စိတ်လှုပ်ရှားစွာဖြင့်ကွင်းအတွင်းသို့
ဝင်လာပြီး ၎င်းဝတ်ဆင်ထား
သည့်ခေါင်းစွပ်ကိုဖယ်ရှားလိုက်ကာ,
ကွယ်ထားသောအစိတ်အပိုင်းများကိုလူထုအား
ပြသလိုက်သည်။

## စာစဉ် ၁၆

"အန်ဒရူး,

ငါတို့ကအခုကမ္ဘာလုံးဆိုင်ရာထုတ်လွှင့်မှုအစီအစဉ်မှာရေ
ာက်နေတာနော်၊

မင်းရဲ့သားရဲကိုထိန်းချုပ်ထားလို့ရနိုင်မလား?"

တင်းတိပ်များနှင့်ဆံပင်ရွှေအိုရောင်

ရှိသောကောင်လေးကိုမိန်းကလေးကပြောလိုက်သည်။

ကောင်လေး၏နာမည်ကအန်ဒရူးဖြစ်ပြီး

သူ့သားရဲကိုမြန်မြန်ပြန်ဆွဲကာတီးတိုး ပြောလိုက်သည်,

"ဘုရင်ဖြူ, ကိုယ်ကိုယ့်ကိုဂရုစိုက်ရရနေ"

အယ်ဘိုင်နိုလူဝံကခေါင်းကိုကုတ်လိုက်သည်၊

သူတစ်ခုခုများမှားသွားလို့လား?

ပြိုင်ပွဲဝင်များကွင်း၏အစွန်းပိုင်းရှိစောင့်ဆိုင်းသည့်ရေိယ
ာသို့ဝင်ရောက်လာကြသည်၊

စာစဉ် ၁၆

အားကစားကွင်းအပေါ်ရှိဖန်သားပြင်ကြီးပေါ်တွင်အီလ
က်ထရွန်နစ်နာရီ၏နာရီလက်တံ
သည်ယခုတွင်နံပါတ်ရှစ်အားညွှန်ပြနေသည်။

ခေါင်းလောင်းသံများသည်အထက်မှတဟုန်ထိုးမြည်နေ
ေဒရမ်သံများနှင့်
ငြိမ့်ညောင်းသောသံစဉ်တို့နှင့်အတူလိုက်၍
ကွင်းပြင်အတွင်းသို့ပျံ့နှံ့သွားတော့သည်၊

“မင်္ဂလာမနက်ခင်းပါ, လူကြီးမင်းတို့ခင်ဗျ၊
ပထမဆုံးကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံ
ပြိုင်ပွဲကနေကြိုဆိုပါတယ်”
စင်ပေါ်မှပေါ်လာသောအစီအစဉ်တင်ဆက်သူက
ပြောလိုက်သည်။

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၄၂*

စင်ပေါ်မှပရိတ်သတ်တို့၏အားပေးသံများနှင့်လက်ခုပ်သံများမြင့်တက်လာသည်၊

အစီအစဉ်တင်ဆက်သူကဆက်ပြောလာသည်,

“ဒီနေ့ကမ္ဘာ့လူငယ်လေ့ကျင့်သူ ချန်ပီယံပြိုင်ပွဲမှာ မျိုးဆက်သစ်သားရဲလေ့ကျင့်သူတွေအများအပြားပါဝင်ခွင့်ရတဲ့ အတွက်အလွန်ကိုဝမ်းမြောက်မိပါတယ်ဗျာ၊ အကယ်၍မင်းတို့အားလုံးငါ့ကို အချိန်နည်းနည်းကြာကြာလေးပေးပြီး ပြိုင်ပွဲရဲ့စည်းမျဉ်းတွေကိုရှင်းပြခွင့်ပြုပါ....”

ဒိုင်လူကြီးများနားနေရာနေရာတွင်,

ကောင်းဖန်ကသမ်းဝေလိုက်သည်။

သူနှင့်အတူနောက်ထပ်ဒိုင်လူကြီးနှစ်ယောက်လည်းရှိနေသေးသည်၊ သူတို့နှစ်ယောက်ကသားရဲလေ့ကျင့်သူအဖွဲ့ချုပ်မှထိပ်တန်းသားရဲလေ့ကျင့်သူများဖြစ်ကြပြီးဧကရာဇ်အဆင့်သားရဲပိုင်ဆိုင်ထားသူများလည်းဖြစ်ကြသည်။

ကောင်းဖန်ကပြိုင်ပွဲစည်းမျဉ်းတွေကိုအနှောက်အယှက်ခံပြီးနားပင်ထောင်မနေတော့ ပေ။

ဒိုင်လူကြီးများနှင့်ပတ်သတ်ပြီးသူသိထားရမည့်အချက်ကနှစ်ဖက်စလုံးမှစည်းမျဉ်းစည်းကမ်းများကိုလိုက်နာကြောင်းသေချာသိနိုင်စေရန်ဖြစ်သည်။ သူမထွက်လာခင်မှာသူ့အဘိုးကဒိုင်လူကြီးတာဝန်ကိုအလေးအနက်ထားသင့်တယ်လို့ကောင်းဖန်ကို သတိပေးခဲ့သည်။

“ဟွားရှားမှာ
ငါတို့ကဒီလိုအရာမျိုးတွကိုပွင့်လင်းမြင်သာစွာဘဲလုပ်ေ
ောင်ပြီး
လက်သီးပုန်းလှည့်ကွက်လိုအရာတွေကိုအသုံးမပြုတာ
ကို လူအားလုံးကိုပြလိုက်၊
ငါတို့ရဲ့အရှုံးတွေကိုလည်းတခြားဒေသတွေလိုမျိုးများစွာ
သောကျက်သရေရှိမှု, ဂုဏ်ရှိမှုတွေနဲ့အတူ
လက်ခံနိုင်တယ်ဆိုတာကိုပြရမယ်”

ကောင်းဖန်ကသူ့အဘိုး၏စကားလုံးများထဲတွင်အမှားအ
ယွင်းကိုရှာမတွေ့ပေ၊
အကယ်၍ဟွားရှားအဖွဲ့ကရှုံးခဲ့လျှင်,
သူတို့ကနောက်ထပ်ချန်ပီယံပြိုင်ပွဲအတွက်
ကြိုးစားလို့ရသေးသည်။

ပြီးတော့, ဒိုင်တစ်ယောက်အနေဖြင့်,
သူကစည်းမျဉ်းတွေကိုအသေးစိတ်ကျကျသိရန်

မလိုအပ်ပေ။

သူကပါဝင်ယှဉ်ပြိုင်တဲ့သားရဲတွေကပြိုင်ပွဲအပြီးမှာဆိုးဝါး စွာ ဒဏ်ရာမရစေရန်သေချာဖို့သာ လိုအပ်သည်။

ပြိုင်ပွဲဝင်များသည်
၎င်းတို့ကိုယ်စားပြုသည့်ဒေသအလိုက်
ပိုင်းခြားထားသည့်
စောင့်ဆိုင်းနေရာများသို့ဝင်ရောက်လာကြသည်။

ဟွားရှားအပိုင်းတွင်,
ပြိုင်ပွဲဝင်များ၏စည်းမျဉ်းများကိုနားထောင်ပြီး,ဟန်လဲ့က
သက်ပြင်းချကာသူ့အသင်းသားတွေကိုပြောလိုက်သည်,
“မင်းတို့အားလုံးစိတ်လှုပ်ရှား နေကြလား?”

သူတို့အားလုံးထဲကတစ်ယောက်မျှပင်ပြန်ပြီးမတုန့်ပြန်ေ ၊ တစ်ချို့ကသူတို့၏
စိတ်လှုပ်ရှားမှုတွေကိုတည်ငြိမ်စေရန်

ပါးစပ်ထဲတွင်တစ်ခုခုထည့်၍ဝါးနေကြသည်။ တစ်ချို့ကတော့ရိုးရိုးရှင်းရှင်းပင်ဆိုဖာပေါ်၌သူတို့၏နားကြပ်များကိုတပ်၍နားထောင် နေကြသည်၊ တစ်ချို့ကတော့သူတို့၏ဖုန်းနှင့်မျက်လုံးကိုပင်ကပ်ကာကြည့်နေကြသည်၊

ဟန်လဲ့ကဒီလိုဖြစ်နေမှုအတွက် အနည်းငယ်စိတ်မသက်မသာဖြစ်သလိုခံစားလိုက်ရသည်၊ သူ့အသင်းဖော်တွေက သူ့နဲ့ပတ်သက်ပြီးသိပ်မတွေးသည့်အကြောင်းမှာ သူကအဖွဲ့ထဲတွင်အစားထိုးဝင်သည့်တစ်ယောက်တည်းသောလူဖြစ်သောကြောင့်ဖြစ် သည်။

ဆိုတော့, ငါကအစားထိုးဆိုတော့ရောဘာဖြစ်လဲ? ထက်မြက်တဲ့အရည်အချင်းတွေရှိတဲ့ အဖွဲ့မျိုးဖြစ်အောင်ငါလုပ်ခဲ့တာလေ၊ အများစုကတော့သူ့ထက်အဆင့်မြင့်နိုင်ပေမယ့်,

ကံကောင်းခြင်းကတော့ဘာမှလုပ်လို့မရဘူးလို့ဘယ်သူကပြောလဲ?

ဟန်လဲ့ကသူ့၏အာရုံကိုကွင်းပြင်ထဲတွင်ဘာတွေဖြစ်နေပြီလဲဆိုတာကိုထုတ်လွှင့်သောတီဗွီဆီသို့ပြန်လှည့်လိုက်သည်။

ငါဘယ်လောက်တောင်ပြောင်းလဲသွားပြီလဲဆိုတာမင်းကိုပြမယ် ဟန်လဲ့ကသူ့ကိုယ်သူ
ကျိန်ကာပြောလိုက်သည်။

ကောင်းဖန်ကအဖွဲ့မှအနားယူလိုက်ပြီးနောက်,
သူ့အဖေဟန်ယွမ်မင်းသည်ဟန်လဲ့အား
အသင်းသို့ခေါ်ဆောင်ရန်အတွက်ကြိုးများဆွဲပေးခဲ့သည်၊
သို့သော်ထိုအချိန်က
လူများသည်သူ့အကြောင်းကိုမနှစ်မြို့စရာကောလဟာ
လများကိုတီးတိုးပြောဆိုလာ ကြသည်။

ဒါတွေကဟန်လဲ့ကိုဒေါသထွက်စေသည်၊ သူကိုယ်သူ ကမ္ဘာကြီးမှာသက်သေပြဖို့က လွဲ၍ဘာမှမလိုချင်ပေ။

ငါ,ဟန်လဲ့က,

ကောင်းဖန်ထက်သေချာပေါက်ကောင်းဖန်ထက်အားနည်းမနေဘူး၊ သူလုပ်နိုင်တာတွေထက် ငါကပိုကောင်းအောင်လုပ်နိုင်တယ်!

နားနေသောနေရာသည်ရုတ်တရက်တံခါးပွင့်သွားခဲ့သည်၊ အလုပ်သမားတစ်ယောက် ကဝင်လာပြီးကြေငြာလိုက်သည်,

“မင်းအားလုံးကပထမအကြိမ်အတွက် မဲနှိုက်ရလိမ့်မယ်”

ပါဝင်ယှဉ်ပြိုင်သူ၁၂ယောက်လုံးကအခန်းထဲမှထွက်သွားကြသည်၊ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဒေသတစ်ခုဖြစ်သည့်ဟွားရှားနယ်ပယ်သည် အရည်အသွေးမြင့်မား

သောသားရဲလေ့ကျင့်သူအများအပြားကိုထုတ်ပေးနိုင်ခဲ့ပြီ
းချန်ပီယံပြိုင်ပွဲတွင်
ကိုယ်စားပြုသူအများအပြားရရှိခဲ့သည်။

သေချာတာပေါ့,
ဒီစည်းမျဉ်းများအတွက်ခြွင်းချက်လည်းရှိနေခဲ့သည်၊
ဥပမာအားဖြင့်,
ခူရှမ်နယ်မြေသည်သည်လူဦးရေထူထပ်သိပ်သည်းမှုရှိစေ
ော်လည်း, ၎င်းတို့အဖွဲ့မှာ လူခြောက်ဦးသာရှိသည်။

“ကျွန်တော်တို့ရဲ့ပြိုင်ပွဲဝင်တွေကို
သူတို့ရဲ့ပြိုင်ဘက်အတွက်ရွေးချယ်ဖို့
စင်ပေါ်ကိုခေါ်လိုက်ကြစို့ဗျာ”
အစီအစဉ်တင်ဆက်သူကပြောလိုက်သည်။

မျက်လုံးများအားလုံးက
ပုံသဏ္ဍာန်နှင့်အရွယ်အစားပြောင်းစုံရှိသည့်သားရဲလေ့ကျ
င့်သူ

စာစဥ် ၁၆

လူငယ်လေးများကစင်ပေါ်မှာလမ်းလျှောက်လာကြသည်ကို ရုပ်မြင်သံကြားအစုံ, ကွန်ပျူတာ, ဖုန်းတွေနဲ့ကမ္ဘာတစ်ဝှမ်းလုံးကနေစိုက်ကြည့်နေကြပြီဖြစ်သည်။

တစ်စုံတစ်ယောက်ကသူ့ဘေးနားကတစ်ယောက်ကိုဆွဲကာပြောလိုက်သည်, “ကြည့်စမ်း, ငါတို့နယ်ပယ်ကိုယ်စားပြုတွေ”

“အိုး, သူကအတော်လေးထူးခြားတဲ့ပင်ကိုယ်စရိုက်ရှိတယ်….”

ပရိတ်သတ်အများစုသည်၎င်းတို့၏အသင်းသားများကိုအားပေးရန်နယ်ပယ်အသီးသီးမှ လာခဲ့ကြသည်။

“အဲ့ရှီ, ဂိုရေ့တနယ်ပယ်ကိုကိုယ်စားပြုတဲ့ပြိုင်ပွဲဝင်တွေဘယ်ကောက်တောင်ချောလဲ ဆိုတာကြည့်လိုက်စမ်း”

## စာစဉ် ၁၆

"ကျင်းမှုအန်း၏မျက်လုံးတွေကဘယ်လောက်ကြီးလဲဆို
တာကြည့်စမ်း၊ ငါ့လိုဘဲ
လီဟောကော့စမတ်တစ်ခွဲစိတ်ပြုပြင်မှုဆေးရုံမှာ
သူတို့ကိုလုပ်ခိုင်းထားလားဘဲ!"

"ဘယ်လိုတောင်တိုက်ဆိုင်တာလဲ, ငါရောဘဲ!"

ထိုနေရာတွင်ပြိုင်ပွဲဝင်သူအားလုံးပေါင်း၆၄ယောက်ရှိသ
ည်၊ နောက်ထပ်၃၂ယောက်သာ
နောက်တစ်ချီသို့တက်ရောက်နိုင်မှာဖြစ်သည်၊
တတိယနှင့်နောက်ဆုံးအကြိမ်တွင်
ကျန်ရှိသောပြိုင်ပွဲဝင်၁၆ယောက်သည်
သူတို့အားလုံးတွင်အသန်မာဆုံး
သားရဲလေ့ကျင့်သူဖြစ်သည်ကိုဆုံးဖြတ်ရန်အတွက်အချင်
းချင်းထိပ်တိုက်တွေ့ကြမည် ဖြစ်သည်။

ပထမအကြိမ်နှင့်ဒုတိယအကြိမ်များတွင်
ပါဝင်သူများသည်တူညီသောဒေသမှ

စာစဉ် ၁၆

အခြားသူများနှင့်ယှဉ်ပြိုင်ရမည်မဟုတ်သည်ကို စိတ်ချယုံကြည်နိုင်သည်၊ သို့သော် တတိယအကြိမ်တွင်ထိုကဲ့သို့သောစည်းကမ်းချက်မျိုးရှိမည်မဟုတ်တော့ပေ။

မဲနှိုက်မှုလုပ်ငန်းစဉ်အပြီးတွင် ပါဝင်သူအားလုံးစင်မြင့်မှထွက်ခွာသွားကြသည်၊ ထို့နောက် ရလဒ်များကိုကွင်းပြင်အထက်ကြီးမားသောစခရင်ကြီးပေါ်တွင်ပြသခဲ့သည်၊

ဟွားရှားနယ်ပယ်မှဟန်လဲ့သည်ပထမပွဲတွင် ဖြိတိန်နယ်မြေမှ လူးကတ်စ်နှင့်ယှဉ်ပြိုင်ရ မည်ဖြစ်သည်။

ဘယ်ဒိုင်လူကြီးကိုအရင်ထွက်ပေးရမယ်ဆိုတဲ့တိကျတဲ့စည်းမျဉ်းတော့မရှိပေ၊ သူတို့ထဲမှတစ်ဦးဦးသည်သူတို့အလိုရှိသောမည်သည့်ပွဲ၌မဆိုဒိုင်လူကြီးလုပ်ရန် ရွေးချယ်နိုင်သည်။

စာစဥ် ၁၆

ကောင်းဖန်နှင့်ဟန်လဲ့တို့ကြားတင်းမာမှုကိုသတိပြုမိပြီး ဒိုင်လူကြီးတစ်ယောက်က, သူ့ကိုမေးလိုက်သည်, "မင်းဒီတစ်ခုကိုလိုချင်လား?"

သူကဒီလိုအပြုအမူမျိုးသည်ကောင်းဖန်လိုပါရမီရှင်တစ်ယောက်နှင့် ဆက်ဆံရေး ကောင်းစေဖို့အတွက်ကူညီပေးနိုင်မည်ဖြစ်သည်။

တခြားဒိုင်လူကြီးတွေကသူတို့ကိုဒီတိုင်းလွှတ်ထားလိုက်ပြ ြသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါတွေအားလုံးပြီးသွားရင်, ညစာကျောက်ပုစွန်စားဖို့အတွက် သွားကြတာပေါ့ဗျာ၊ ကျွန်တော်ဒကာခံပါ့မယ်"
ကောင်းဖန်ကပြောလိုက်သည်။

ဟန်လဲ့ကသူ့လက်သီးကိုဆုပ်လိုက်ပြီး စိတ်တည်ငြိမ်စေလိုက်ကာစင်ပေါ်မှဆင်းလာ သည်။

သူ့ကိုယ်သူကမ္ဘာကြီးကိုသက်သေပြချင်သည်၊ သို့သော်, ထိုအခွင့်အရေးက
မကြာမှီရောက်လာမယ်မှန်းတော့သူမျှော်လင့်မထားပေ၊
ဟန်လဲ့သည်သူ၏ကိုယ်ပိုင်သားရဲဖြစ်သော ၁၃ပေမြင့်ပြီး ၂၂ပေရှည်သောအရိုးစုကြွံကို ခေါ်ဆောင်လာခဲ့သည်၊
၎င်းကရှားပါးသောကွန်မန်ဒါအဆင့်ဖုတ်ကောင်အမျိုးအစားသားရဲဖြစ်သည်၊
ဖုတ်ကောင်အမျိုးအစားသားရဲတစ်ကောင်အနေဖြင့်, ၎င်းသည်ရုပ်ပိုင်းဆိုင်ရာ
တိုက်ခိုက်မှုများကိုအထူးခံနိုင်ရည်ရှိမည်ဖြစ်သည်။
ဟန်လဲ့သည်လူးကတ်စ်၏ဖိုင်ကို မြင်ခဲ့သည်၊
နောက်ဆုံးတော့,
သူကအကုန်လုံး၏ဖိုင်များကိုဖတ်ခဲ့တာဖြစ်သည်။
အကယ်၍သူသေချာမှတ်မိပြီဆိုလျှင်,

လူးကတ်စ်၏သားရဲသည်အနီးကပ်တိုက်ခိုက်မှု
ကိုအထူးပြုထားသောလူဝံတစ်ကောင်ဖြစ်သည်။

အောင်ပွဲကငါ့ဟာဘဲ, ဟန်လဲ့ကတွေးလိုက်သည်။

သတ္တုဂိတ်တံခါးနှစ်ပေါက်ကကွင်းပြင်၏မျက်နှာချင်းဆို
င်မှတဖြည်းဖြည်းမြင့်တက်လာ သည်၊
အရိုးစုကြွံ့သည်ခြေလှမ်းဖွဖွနင်းကာ
အနီရောင်ယူနီဖောင်းဝတ်ထားသည့်ဟန်လဲ့
ကိုနောက်ကျောတွင်တင်ထားသည်။

ဟန်လဲ့သည်အပြင်ပိုင်းတွင်တည်ငြိမ်အောင်ထိန်းသိမ်း
ထားသော်လည်း နက်ရှိုင်းစွာ
သူ၏စိတ်တွေကလှုပ်ရှားနေခဲ့သည်။ အားလုံးဘဲ
အနာဂါတ်ချန်ပီယံကိုကြည့်ကြစမ်း!

ထို့နောက်,
အနက်ရောင်ရွှံ့အစုအပုံလိုက်ကြီးသည်တခြားသောဂိတ်

တံခါးဘက်မှ လိမ့်ကာထွက်လာသည်။

ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသောရွှေရောင်ဆံပင်နှင့်

ကောင်လေးတစ်ယောက်ကရပ်နေသည်။

သူသည်တံခါးကိုဖြတ်လျှောက်လာရင်း

အော်ဟစ်ကာအားပေးနေသောကြောင့်တောက်ပစွာပြုံး

ကာကင်မရာများနှင့်

ပရိတ်သတ်များအားလက်ဝှေ့ယမ်းပြလိုက်သည်။

ဟန်လဲ့သည်ထိုအရာကိုကြည့်ကအနည်းငယ်ခါးသီးမှုကို

ခံစားလိုက်ရသည်၊ ထိုလူးကတ်စ်ဆိုသူက

သူ့ထက်အနည်းငယ်ကြည့်ကောင်းသည်ဆိုတာတော့ဝန်

ခံရ မည်။

ကမ္ဘာကြီးကတကယ်ကိုတိမ်မြုပ်နေပြီလား?

ပြိုင်ပွဲဝင်နှစ်ယောက်သည်ပေ၃၀အကွာတွင်ရပ်လိုက်သ

ည်၊ ထိုနှစ်ယောက်ကြားထဲ၌

လေထုသည်အားပြိုင်မှုများနှင့်ပြည့်နေသည်။

စာစဉ် ၁၆

အခြားသောထောင့်ဘက်ရှိသတ္တုတံခါးတစ်ခုကတဖြည်းဖြ
ည်းမြင့်တက်လာသည်၊ “အခုဆိုရင်တော့,
ကျွန်တော်တို့ရဲ့အငယ်ဆုံးဒိုင်လူကြီးကိုစင်ပေါ်ကြိုဆိုလို
က်ကြရ အောင်ဗျာ_ကောင်းဖန်!”
အစီအစဉ်တင်ဆက်သူကကြေငြာလိုက်သည်။

ဟန်လဲ့က
နာမည်ကိုကြားသောအခါတွင်ကြက်သေသေနေတော့သ
ည်။

ကောင်းဖန်?

နာမည်ကရင်းနှီးနေသလိုဘဲ။

ရုတ်တရက်, သူ့နှလုံးခုန်သံကမြန်ဆန်သွားသည်၊
တကယ်လည်း သူဖြစ်နိုင်ပါ့မလား?

မဟုတ်ဘူး, သေချာပေါက်မဟုတ်ဘူး,
ကောင်းဖန်နဲ့နာမည်တူတဲ့လူတစ်ယောက်ဘဲ

ဖြစ်လိမ့်မယ်။

အပြင်ဘက်မှာကောင်းဖန်တွေထောင်နဲ့ချီရှိမှာဘဲ၊ သူဖြစ်ဖို့အကြောင်း မရှိဘူး, ဟန်လဲ့ကတွေးလိုက်သည်။

ထို့နောက်, သူက ကွင်းပြင်ထဲသို့ဝင်လာသည့်ဒိုင်လူကြီးကို မယုံနိုင်သည့်မျက်လုံးများ ဖြင့်ကြည့်နေမိသည်။

ကောင်းဖန်! မင်းကငါတို့ရဲ့ဒိုင်လူကြီး?!

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၃*

ဟန်ယွမ်မင်း၏အပြုံးများသည်သူ့ရှေ့ရှိကွန်ပျူတာစခရင်ပေါ်မှကောင်းဖန်ကိုမြင်လိုက် ရသောအခါတွင် အေးခဲသွားတော့သည်။

အရင်ကသူကောင်းဖန်၏ပုံကိုမြင်ဖူးတာကြောင့် ချက်ချင်းမှတ်မိခဲ့သည်။

သူ့သားကကောင်းဖန်နေရာ၌အသင်းတွင်အစားထိုးခဲ့သူဖြစ်သည်၊ ထိုနေ့တွင်, ကျန့်ရှင်းရှင်းသည်ကိစ္စပြီးပြီဟုဖုန်းဖြင့်ပြောသောအခါတွင် ကောင်းဖန်ဟုခေါ်သော ကောင်လေးကိုသူ့နေရာသူထားလိုက်ပြီဖြစ်သောကြောင့်

တခြားနောက်ထပ်

ဘာမှစိုးရိမ်စရာမရှိဟုတွေးထားခဲ့တာဖြစ်သည်၊

ဟန်ယွမ်မင်းအပေါ်

လေးလေးနက်နက်အထင်ကြီးလောက်သောလူအမြော

က်အများ

မရှိကြောင်းကိုတော့ဒီနေရာတွင်မှတ်သားထားရမည်ဖြစ်

သည်၊ ထို့အပြင်, သူသည်

ကျင်းလင်မြို့၏မြို့တော်ဝန်ဖြစ်သည်၊

သူသည်သူတွေ့ဖူးသမျှလူတိုင်း၏အမည်များကို

မှတ်မိရန်အတွက်ကိုဘဲ

အလွန်ခက်ခဲတဲ့အရေးကြီးလူပုဂ္ဂိုလ်တစ်ယောက်ဖြစ်သ

ည်။

ဒီကလေးကပြိုင်ပွဲဝင်နေရာကနေနှုတ်ထွက်လိုက်ပြီမဟု

တ်ဘူးလား? သူကဘာလို့

အခုဒီနေရာကိုဒိုင်တစ်ယောက်အနေနဲ့ရောက်လာတာလဲ ?

ဟန်ယွမ်မင်းကအရူးတစ်ယောက်မဟုတ်ပေ၊ အကယ်၍သူကဟုတ်နေတယ်ဆိုရင် လည်း, သူကမြို့တော်ဝန်ပထမနေရာတွင်ရခဲ့မည်မဟုတ်ပေ။

အရည်အချင်းနှင့်နောက်ခံသည်ဒိုင်လူကြီးဖြစ်လာရန်လို အပ်သောအရေးကြီးဆုံး လိုအပ်ချက်နှစ်ခုဖြစ်သည်၊ ကမ္ဘာပေါ်တွင်အမည်မဖော်နိုင်သောမိဘမဲ့တစ်ယောက် ကို အောင်မြင်အောင်ဘယ်လိုစီမံနိုင်ခဲ့တာလဲ?

ဟန်ယွမ်မင်းကအသက်ပြင်းပြင်းရှူလိုက်သည်၊ ဖြစ်နိုင်သည့်ရှင်းပြချက်များအား သူစဉ်းစားကြည့်ရလျှင် ကောင်းဖန်ကသူတို့အားလုံးကိုသူကိုယ်တိုင်နှင့်ပတ်သတ်သည့်

အချက်အလက်များအားလုံးအားအမှားတွေကျွေးခဲ့တာဖြစ်သည်။

စာစဉ် ၁၆

သို့သော်, သူတကယ်စိုးရိမ်သင့်သည်မှာသူ့သားဖြစ်သည်၊ ပြိုင်ပွဲ၏ဒိုင်လူကြီးတစ်ဦး အနေဖြင့်ကောင်းဖန်သည်ဟန်လဲ့အားရည်ရွယ်ချက်ရှိရှိ ေခင်ချောက်လုပ်ထားနိုင် သည်။

ဟန်ယွမ်မင်းသည်ဖုန်းကိုကောက်ကိုင်လိုက်ပြီး အသံအက်အက်ဖြင့်ပြောလိုက်သည်, "သားရဲလေ့ကျင့်သူအဖွဲ့ချုပ်က ဒါရိုက်တာချန်ကိုလွှဲပေး"

ဖုန်းခေါ်ဆိုမှုကချက်ချင်းဆိုသလိုဘဲလုပ်ဆောင်သွားသ ည်။

"မြို့တော်ဝန်ဟန်" ရင့်ကျက်သောအမျိုးသမီးတစ်ယောက်အသံကတစ်ဖက် တွင် အဆုံးသတ်သွားသည်။

စာစဉ် ၁၆

“ဒါရိုက်တာချန်,
ကျွန်တော်ကောင်းဖန်နဲ့ချက်ချင်းစကားပြောလို့ရမလား?
”

တစ်ဖက်မှခဏလောက်တိတ်ဆိတ်သွားပြီးနောက်,
အမျိုးသမီးကရယ်လိုက်သည်၊
“မစ္စတာကောင်းကလက်ရှိပြိုင်ပွဲကြီးရဲ့ပထမပြိုင်ပွဲမှာဒို
င်လူကြီးလုပ်နေပါတယ်၊
ပြိုင်ပွဲပြီးမှခေါ်ပေးလို့ရမလားမသိဘူး?”
ထို့နောက်တွင်,အမျိုးသမီးကဖုန်းချလိုက် သည်။

ဟန်ယွမ်မင်းဖုန်းကိုလက်ခံသူအား
မျက်နှာမူ၍ပြန်ကြည့်လိုက်ကာ, ခဲတောင့်နေသော
မျက်နှာဖြင့်ဖုန်းကိုပြန်ရိုက်ချလိုက်သည်။
(ဖုန်းချခံလိုက်ရတော့ဖုန်းကိုပြန်ကြည့်ပြီးရိုက်ချလိုက်တ
ာပါ)

…

ကောင်းဖန်သည်ကြိုးဝိုင်းဆီသို့လျှောက်သွားကာပြိုင်ပွဲဝ
င်နှစ်ဦးကြားတွင်သူ့ကိုယ်သူ နေရာယူလိုက်သည်၊
သူ့အပြောအဆိုကမယုံကြည်နိုင်စရာဖြစ်သည်၊
သူကဟန်လဲ့ကို တစ်ချက်ကြည့်လိုက်သည်၊

ဟန်လဲ့၏နှလုံးသားသည်သူ့ရင်ဘတ်တွင်ပြင်းထန်စွာခုန်
လှုပ်လာသည်၊ ကောင်းဖန်
ကငါတို့ဒိုင်လူကြီးဖြစ်နေသည်ကိုငါမယုံနိုင်သေးဘူး!၊
သူငါ့ကိုအခုကြည့်လိုက်တဲ့ အကြည့်ကဘာကြီးလဲ?
ငါအခုဘာလုပ်ရမလဲ?

လူးကတ်စ်ကကောင်းဖန်ဘယ်သူမှန်းမသိပေ၊ သို့သော်,
သူကကောင်းဖန်၏ငယ်ရွယ်
သောအသွင်ပြင်ကြောင့်အနည်းငယ်ထိတ်လန့်သွားခဲ့သ
ည်၊ ပထမတစ်ချက်တွင်
ကောင်းဖန်သည်အထက်တန်းကျောင်းသားတစ်ယောက်
သာဖြစ်သည်ဟုသူထင်ခဲ့ သည်။

စာစဉ် ၁၆

ဒါကိုလည်းပရိတ်သတ်အများစုကအံ့အားသင့်သွားခဲ့ကြသည်။

သူကဒိုင်လူကြီးဖြစ်ဖို့ငယ်သေးသလားလို့?

အရှေ့ဘက်ထောင့်အနီးတွင်, ယွိကျိုးတက္ကသိုလ်ကျောင်းသားကောင်စီမှအားပေးသည့်အဖွဲ့သည်, “မင်းလုပ်နိုင်တယ်, ကျွင်းမော့ယီ!”, “မင်းကအကောင်းဆုံးဘဲ, ဝူကျင်းယွိ!”ဟူသောကြွေးကြော်သံများရေးထားသောဆိုင်းဘုတ်အမျိုးမျိုးကိုကိုင်ဆောင်ထားသည်ကိုတွေ့မြင်နိုင်သည်၊

“အဲ့….အဲ့တာကောင်းဖန်လား?” သူတို့ထဲမှတစ်ယောက်ကအထစ်ထစ်အငေါ့ငေါ့ဖြင့်ပြောလိုက်သည်။

## စာစဉ် ၁၆

"ငါတို့သိတဲ့ကောင်းဖန်နဲ့တော့မတူသလိုဘဲနော်"
ဒုတိယနှစ်တစ်ယောက်ကရယ်ရင်း ပြောလိုက်သည်၊
ကောင်းဖန်ကပြိုင်ပွဲကြီးကနေမကြာသေးခင်မှမှထွက်ထ
ားတာကို
ပြောဖူးတဲ့အကြောင်းသတိရသွားသောအခါသူကရှက်ရွံ့
သွားတော့သည်။

ထိုအဖြစ်အပျက်ကြောင့်အံ့အားအသင့်ဆုံးသူများမှာ
ဟွားရှားနယ်ပယ်ဒေသကို
ကိုယ်စားပြုသည့်အခြားပါဝင်သူများပင်ဖြစ်သည်၊
ကောင်းဖန်ကပြိုင်ပွဲကနေထွက်သွား
ပြီဆိုတာကိုအားလုံးသိကြသည်၊
သို့သော်လည်း,သူတို့ကရင်းကိုစိတ်ထဲမထားခဲ့ပေ၊
နောက်ဆုံးတွင်,
ကောင်းဖန်သည်ထိပ်ဆုံးငါးဦးတွင်မပါဝင်နိုင်ပေမယ့်,
အသင်းကို လုံးဝထိခိုက်စေမှာတော့မဟုတ်ပေ၊

သူသည်ပြိုင်ပွဲ၏ဒိုင်လူကြီးများထဲမှတစ်ဦးဖြစ်လာလိမ့်မည်ဆိုတာကိုတော့တစ်ခါမှ မထင်ထားမိပေ။

ကောင်းဖန်ကခေါင်းယမ်းလိုက်ပြီး သူ့နှုတ်ခမ်းဘေးမှာတပ်ဆင်ထားသည့် မိုက်ခရိုဖုန်းကိုချိန်ညှိလိုက်ပြီး, "တိတ်ပေးကြပါ! ဒီနှစ်မှာအသက်ဆယ့်ရှစ်နှစ်ဘဲရှိသေးပေမယ့်ဒီနေ့ပြိုင်ပွဲကိုအကဲဖြတ်ဖို့ရွေးချယ်ခံထားရတဲ့ ဒိုင်လူကြီးတွေထဲက တစ်ယောက်ဖြစ်ထိုက်တယ်လို့အားလုံးကိုအာမခံနိုင်ပါတယ်" ကောင်းဖန်က အခိုင်အမာပြောလိုက်သည်။

ကျိုဟန့်ဝူသည် သူ၏တီဗွီရှေ့တွင်ကျယ်လောင်စွာရယ်မောလိုက်သည်၊ "ဟားဟားဟား, အဲ့တာငါ့မြေးကွ!"

ယွိကျိုးတက္ကသိုလ်တွင်ရှုချင်းကျီသည်လည်းသူမ၏မျက်လုံးများကိုပွတ်သတ်လိုက်သည်, “ဒီနေ့ပြိုင်ပွဲမှာငါ့သူငွေးကဘယ်လိုလုပ်ဒိုင်သွားလုပ်နေတာလဲ?”

မကြာမီတွင်ပရိတ်သတ်၏အံ့အားသင့်နေမှုမှသံသယဖြစ်မှုသို့ပြောင်းသွားတော့သည်၊

မင်းကဆယ့်ရှစ်နှစ်ဘဲရှိသေးတာလား?

သွေးစာချုပ်ချုပ်ဖို့လိုအပ်တဲ့အနည်းဆုံးအသက်အရွယ်ကဆယ့်ရှစ်နှစ်လေ၊

မင်းလိုမလောက်လေးမလောက်စားငတိလေးကဒီလိုအရေးကြီးတဲ့ပြိုင်ပွဲကြီးမှာဒိုင်လူကြီးအဖြစ်ဘယ်လိုလုပ်စီမံနိုင်မှာလဲ?

တစ်ခဏချင်းမှာဘဲ,

ကောင်းဖန်ကိုဒိုင်နေရာမှဆင်းပေးဖို့တောင်းဆိုလာတာေြ ြောင့်, တစ်နေရာလုံးကမောက်ကမဖြစ်သွားရသည်။

စာစဉ် ၁၆

သူ့လက်ချောင်းများကိုလက်ဖျောင့်တီးလိုက်ပြီးကောင်းဖ
န်၏အမူအရာကမပြောင်းလဲ တည်ရှိနေသည်၊
ဒမ်ဘီကကောင်းဖန်နောက်မှထွက်လာပြီး
နက်ရှိုင်းသောအသံကြီး
ကိုသူ၏လည်ချောင်းနက်ထဲမှထုတ်လွှင့်လိုက်သည်၊

သူကသူ၏ညာဘက်လက်သီးကိုဖော်ထုတ်လိုက်ပြီးငင်း
၏အနက်ရောင်ဝတ်ရုံ
ထိပ်တစ်ဝက်ကိုအပိုင်းပိုင်းကွဲကြေသွားစေခြင်းဖြင့်အား
အင်အပြည့်လေပြင်းများ ထွက်လာသည်၊
ထို့နောက်တွင်သူ့ခြေဖဝါးကိုမြေပြင်ပေါ်သို့ဆောင့်ချလို
က်ပြီး
ငင်း၏ကေရာဇ်အဆင့်အရှိန်အဝါကလည်းအရပ်ရပ်သို့တ
စ်ဟုန်ထိုးထွက်လာတော့ သည်။

ကွင်းတစ်ကွင်းလုံးတိတ်ဆိတ်သွားတော့သည်။

ကောင်းဖန်၏လုပ်ပိုင်ခွင့်အတွက်ဘယ်သူကမှမေးခွန်းမထုတ်ရဲတော့ပေ၊ ကေရာဇ်
အဆင့်သားရဲသည်ဒိုင်လူကြီးတစ်ဦးအဖြစ်သူ၏တရားဝင်မှုကိုအကောင်းဆုံး သက်သေပြလိုက်သည်။

အော်ဟစ်နေသောသူတို့သည်ပို၍သတ္တိကောင်းလာလေေ လက်အောက်ခံရန် လျှင်မြန်လေဖြစ်သည်။

စောင့်ဆိုင်းနေသည့်နေရာ၌နယ်မြေကြီးများမှ
ပြိုင်ပွဲဝင်များသည်၎င်းတို့မြင်တွေ့ခဲ့ရ
သည့်အရာများအတွက်အံ့သြနေကြသည်။

နိုင်ငံခြားပြိုင်ပွဲဝင်အများစုသည်သက်ပြင်းချနေကြသည်၊
“ဘုရားသခင်ကိုကျေးဇူးတင် ရမှာဘဲ,
သူကဒိုင်တစ်ယောက်ဖြစ်နေလို့၊
သူ့ကိုရိုက်ချနိုင်ဖို့နည်းလမ်းမရှိဘူး” တစ်စုံတစ်ယောက်
ပြောလိုက်သည်။

စာစဉ် ၁၆

"သူကဆယ့်ရှစ်နှစ်ဘဲရှိသေးတာ၊ သူ့မှာကဇကေရာဇ်အဆင့်သားရဲတစ်ကောင်နဲ့တောင် စာချုပ်ချုပ်ပြီးသား...ဒီကောင်ကတစ်နည်းနည်းနဲ့လှည့်စားမှာဘဲ" နောက်ထပ် တစ်ယောက်ပြောလိုက်သည်။

ဟန်လဲ့ကထိုအရာအတွက်ခြောက်ခြားသွားတော့သည်၊ ဒမ်ဘီကဇကေရာဇ်အဆင့် ရောက်ပြီးသားဖြစ်နေသောဖုတ်ကောင်အဆင့်သားရဲဖြင့်ပြ ီး, သူ့သားရဲကတော့ ကွန်မန်ဒါအဆင့်ဖုတ်ကောင်သားရဲဘဲရှိသေးသည်။

ဒမ်ဘီ၏မယုံနိုင်လောက်အောင်စွမ်းအားပြသမှုသည် သူ၏အရိုးကြံ့ကိုပင်အလွန် ထိတ်လန့်တုန်လှုပ်စေခဲ့ပြီးယခုအခါတွင်လည်းထိန်းမရ သိမ်းမရတုန်လှုပ်လျက်ရှိသည်။

ကောင်းဖန်ကသူ့ကိုခြိမ်းခြောက်ချင်ရင်, သူကသားရဲတွေကိုအရှိန်အဝါတစ်ချို့လွှတ်ဖို့ ပြောပြီး

စာစဉ် ၁၆

အရိုးကြွံကိုကြောက်လန့်တကြားဖြစ်သွားစေဖို့အမိန့်ပေး ရုံလောက်သာ လုပ်ဖို့လိုအပ်သည်။

"ဒီမှာစည်းမျဉ်းတွေရှိတယ်၊ မင်းတို့နှစ်ယောက်လုံး ကွင်းပြင်ထဲမှာတိုက်ခိုက်ရလိမ့် မယ်၊ ကွင်းပြင်နယ်နမိတ်ထဲကနေထွက်သွားတာကိုတားမြစ် ထားတယ်၊ မင်းတို့အသုံးပြုတဲ့တိုက်ခိုက်မှုနည်းပညာတွေကိုကန့်သ တ်ထားတာမရှိဘူး၊ ဒါပေမယ့်, မင်းရဲ့ပြိုင်ဘက်ကိုတော့ချက်ချင်းတိုက်ခိုက်တာကိုတားြ ြစ်ထားတယ်။ ပြိုင်ပွဲကတော့ မင်းတို့ထဲကတစ်ယောက်က ရှုံးနိမ့်တာကိုဝန်ခံတဲ့အခါ ဒါမှမဟုတ် မင်းတို့ရဲ့ကိုယ်ပိုင်သားရဲတွေထဲကတစ်ကောင်ကောင်က ဆက်ပြီး မတိုက်ခိုက်နိုင်တော့ ရင် ပွဲကအဆုံးသတ်သွားပြီ"

စာစဉ် ၁၆

ကောင်းဖန်ကဒမ်ဘီကိုကွင်း၏အစွန်းသို့ပြန်သွားဖို့အမိန့် မပေးခင်မှာကောင်းဖန်ကပြောလိုက်သည်၊ သူကအချိန်ကိုတစ်ချက်ကြည့်ပြီးနောက်, ပြောလိုက်သည်, “နောက်ထပ်မေးခွန်းတွေမေးဖို့, မရှိတော့ရင်ပြိုင်ပွဲရဲ့ပထပွဲကိုစတင် လိုက်ကြရအောင်ပါ!”

ထိုကဲ့သို့လူငယ်တစ်ယောက်ကပြောသောစည်းမျဉ်းများ ကိုကြားရတာ တစ်ခုခုမှားယွင်းနေသလိုပင်ဖြစ်နေတော့သည်။

***

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၄*

ပြိုင်ပွဲဝင်နှစ်ယောက်၏သားရဲများကိုတစ်ချက်ကြည့်လိုက်ရုံနှင့်ကောင်းဖန်က
ပြိုင်ပွဲ၏ရလဒ်ကိုဆုံးဖြတ်နိုင်ပြီဖြစ်သည်၊
သို့သော်ပြိုင်ပွဲ၏ဒိုင်လူကြီးတစ်ဦးအနေဖြင့်
ပြိုင်ပွဲဝင်နှစ်ဦးအတွက်အရာအားလုံးကိုစံမမှီသလိုမျိုးကဖျက်ကယက်လုပ်ခြင်းတော့ မကောင်းပေ။

[မကောင်းဆိုးဝါးအမည်]–အရိုးစုကြွံ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၇

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–ဖုတ်ကောင်/အရိုး

စာစဉ် ၁၆

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(ကြောက်ရွံ့)

[မကောင်းဆိုးဝါးအားနည်းချက်]–စင်ကြယ်မွန်မြတ်ခြင်း

–

[မကောင်းဆိုးဝါးအမည်]–ရွံ့နွံသားရဲ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၆

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–မြေကြီး/ရွံ့

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(ကြောက်ရွံ့)

[မကောင်းဆိုးဝါးအားနည်းချက်]–၁–သစ်သား, ၂–ရေ

သားရဲနှစ်ကောင်လုံးကကြည့်ရတာထိပ်တန်းပုံစံများဖြစ်သည်ဟု ကောင်းဖန်တွေး လိုက်မိသည်၊

သူကဒမ်ဘီ၏ခေါင်းကိုပုတ်လိုက်သည်၊

“မင်းရဲ့ကေရာဇ်အဆင့်ရောင်ဝါ ကိုရပ်လိုက်တော့”

## စာစဉ် ၁၆

ဒမ်ဘီကသူပြောသည့်အတိုင်းလုပ်လိုက်သည်နှင့်သားရဲနှစ်ကောင်လုံး သိသိသာသာကို ဖြေလျော့သွားကြတော့သည်။

ထိုအချိန်တွင်ကွင်းအတွင်းရှိပြိုင်ပွဲဝင်နှစ်ဦးနှင့်သူတို့၏သားရဲများကိုမကြည့်ဘဲ ကောင်းဖန်ကိုသာကြည့်နေကြသည်။

ဧကရာဇ်အဆင့်သားရဲနှင့်အတူ, ပြိုင်ပွဲအကြိမ်တိုင်းကသူ့အတွက်တော့ပြဿနာရှိမည်မဟုတ်ပေ။

လူတွေကကောင်းဖန်နှင့်ဒမ်ဘီတို့ကိုကင်မရာတွေနဲ့ရိုက်ချိန်တွင် အလင်းတန်းများ ပေါ်လာတော့သည်။

အရင်ကတော့ကောင်းဖန်ကဒမ်ဘီ၏ပုခုံးပေါ်တွင်ထိုင်ရတာကိုနှစ်သက်ခဲ့သည်၊ သို့သော်အစွယ်နှင့်တူသောအချွန်အတက်တစ်စုံသည်ငင်း

၏ပုခုံးမှပေါက်ထွက်လာပြီး ကတည်းကသူထိုကဲ့သို့မနေနိုင်တော့ပေ။

ပြိုင်ပွဲဝင်နှစ်ဦးသည်ကွင်း၏အစွန်သို့ရောက်သည်အထိ ေ ြ ြေလှမ်းရာဂဏန်းလောက် နောက်ပြန်ဆုတ်ကြသည်။

စည်းမျဉ်းများတွင်ပြိုင်ဘက်ကိုတမင်တိုက်ခိုက်ခြင်းအား တားမြစ်ထားသောကြောင်း ရှင်းလင်းစွာဖော်ပြထားပြီး, ပြိုင်ပွဲဝင်နှစ်ယောက်ကိုလည်းသူတို့၏သားရဲနှစ်ကောင် ကြားတိုက်ခိုက်မှုမှမြေစာပင်မဖြစ်ဖို့ရှောင်ရှားနိုင်စေရန်ြ ြစ်သည်။

အရိုးစုကြွံ့ကမြေပြင်ပေါ်သို့အကြိမ်အနည်းငယ်လောက် ခြေလှမ်းကြမ်းကြမ်းနင်းသည် နှင့်အဖြူရောင်မီးခိုးများကငှင်း၏နှာခေါင်းထဲမှထွက်လာြ ြသည်၊ နောက်ခဏတွင်, ငှင်းကသူ့ရှေ့ရှိရှုံ့နှံ့သားရဲဆီသို့အပြေးအလွှားသွားတော့ သည်။

## စာစဉ် ၁၆

ရွှံ့နွံသားရဲသည်၁ဂပေကျယ်သောအသက်ရှိသည့်ရွှံ့များစုရုံးထားခြင်းဖြစ်သည်၊
ၚင်းကစိတ်ထဲတွင်တွေးထားသလိုမျိုးရွှံ့ရှာစရာပုံစံနှင့်ဆို းရွားသည့်အနံ့မျိုးလည်း မရပေ။

အရိုးစုကြံ့ကၚင်း၏ပြိုင်ဘက်ထဲသို့အပြေးအလွှားသွားေ ေပြီး, အပြာရောင်
မီးတောက်ကၚင်း၏ဘာမှမရှိသောမျက်အိမ်ထဲတွင်တော က်ပနေသည်။ ၚင်းက
ရွှံ့နွံသားရဲနှင့်နီးကပ်လာသည်နှင့်အမျှ,
ၚင်းကသူ၏နဖူးကိုလေထဲသို့မော့လိုက်ပြီး
ၚင်း၏ခန္ဓာကိုယ်အလေးချိန်တစ်ခုလုံးဖြင့်,
ထိုရွှံ့အပုံလိုက်ကြီးအားရိုက်ချရန်
အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ကြံ့ခွာများသည်ရွှံ့နွံသားရဲပေါ်သို့ကျသွားပြီး,
ရွှံ့များသည်ဖိသိပ်ထားမှုဖွာခနဲလွင့်စင် ကုန်ကြသည်၊

စာစဉ် ၁၆

ထိုအချိန်မှာပင်,

ရွှံ့နွံသားရဲ၏ခန္ဓာကိုယ်ကအပိုင်းအစများအဖြစ်သို့ ပြန့်ကျဲသွားသည်။

သို့သော်,

ရွှံ့နွံသားရဲသည်ပြင်းထန်သောဒဏ်ရာရသွားသည့်ပုံမပေါ်ပေ၊ ၎င်းက သူ၏ခန္ဓာကိုယ်မှထိရောက်စွာပါဝင်ခြင်းမရှိသောအစိတ်အပိုင်းများကိုသူ၏ဒဏ်ရာများမှဖယ်ထုတ်လိုက်သည်။

ရွှံ့များကဖြေးညင်းစွာဖြင့် ကြွံ၏ခွာနားလေးတွင်စုပုံလာကြသည်။

ဘာဖြစ်နေလဲဆိုတာကိုသတိထားမိတော့, ဟန်လဲ့သည်ချက်ချင်းပင်သူ၏သားရဲကို ရွှံ့နှင့်အဝေးသို့ဆုတ်ရန်အမိန့်ပေးလိုက်သည်။

သူကရှုံ့နှံ့သားရဲလိုမျိုးသားရဲအကြောင်းကြားဖူးသည်၊ ၎င်းကထူးခြားသော ပြိုင်ဘက်ကင်းရုပ်အင်္ဂါကြောင့်တုံ့ပြန်သည့်နည်းလမ်းပေ ါင်းစုံရှိကာအနိုင်ယူရန် ခက်ခဲသည်ဟုပြောကြသည်၊ ကံမကောင်းစွာနဲ့ဘဲ, အရိုးစုကြွံကၡင်းကိုဆန့်ကျင်ဖို့ ပြုလုပ်နိုင်ခြင်းမရှိပေ။ သူ၏ကိုယ်ပိုင်သားရဲသည်လုံးဝကိုရှုံ့နှံ့သားရဲနှင့်ဆန့်ကျင် လျက် ရှိသည်။

"သေစမ်း, သူ့ဖိုင်ထဲမှာပြောထားတာကသူ့သားရဲကငွေကျောပြင်လူ ဝံတစ်ကောင်ဆို? ဘယ်ကနေရှုံ့နှံ့သားရဲကပေါ်လာတာလဲ?" ဟန်လှဲ့ကသူ၏အသက်ရှူသံအောက်ကနေ တီးတိုးရေရွတ်လိုက်သည်၊ သို့သော်, ပြိုင်ပွဲ၏စည်းမျဉ်းများအရပြိုင်ပွဲဝင်များသည်

စာစဉ် ၁၆

ပြိုင်ပွဲ၏ပထမအကြိမ်တွင်တိုက်ခိုက်မှုအလယ်တွင်၎င်း
တို့၏သားရဲများကိုပြောင်းလဲ
ခြင်းမပြုရန်တားမြစ်ထားသည်။

အရိုးစုကြွံသည်ရွှံ့ထဲမှ၎င်း၏ခွာများကိုရုန်းထွက်၍အော်
ညည်းနေသည်၊ သို့သော်,
ရွှံ့များက၎င်း၏ခြေထောက်ပတ်လည်တွင်ဆက်၍စုရုံးလ
ာကြပြန်ကာ, ခြိမ်းခြောက်မှု
တို့ဖြင့်၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးကိုပတ်ရံထားတော့သ
ည်။

အရိုးစုကြွံ၏မျက်လုံးအိမ်ထဲရှိအပြာရောင်မီးတောက်သ
ည်ပို၍ပင်တောက်လောင်လာ
တော့သည်၊ထို့နောက်ကားတစ်စီးသည်အရှိန်မြင့်ပြီးတစ်
စုံတစ်ခုအားနင်းမိသွားသကဲ့
သို့၎င်း၏ကျောရိုးမှဖျောက်အိုးများပေါက်သလိုအသံမျိုး
ထွက်လာတော့သည်။

နောက်ဆုံးတွင်,
အရိုးစုကြွံ့သည့်ရွံ့ထဲမှသူ့ကိုယ်သူလွတ်မြောက်သွားအောင်စီမံနိုင်သွား ပြီဖြစ်သည်၊
၎င်းကရွံ့နွံသားရဲနှင့်ဝေးသောဘက်သို့ယိမ်းထိုးကာလျှောက်သွားလိုက်ပြီး
၎င်း၏ကိုယ်ဟန်အနေအထားကိုအချိန်မှီတည်ငြိမ်စေလိုက်သည်။

ထိုအချိန်တွင်ပြိုင်ပွဲကြည့်စင်မှ
အားပေးသောအသံများပေါက်ကွဲထွက်လာကြသည်။

ရုတ်တရက်ဆိုသလို,
ရွံ့နွံသားရဲသည်အရိုးစုကြွံ့ကတုန့်ပြန်ရန်အချိန်မရှိသေးခင်မှာတင် ၎င်း၏ခေါင်းဆီသို့တိုက်ရိုက်သွားလိုက်သည်၊

၎င်း၏အမြင်မှာလုံးဝကိုပိတ်ဆို့ခံလိုက်ရပြီး,
အရိုးစုကြွံ့သည်ကွင်းပြင်ထဲတွင်အရှုံးအမူး
ခြေလှမ်းပြင်းပြင်းနင်းနေတော့သည်။

ဟန်လဲ့၏မျက်နှာတွင်နာကျင်နေသောအမူအရာပေါ်လာ
တော့သည်၊ ဒီပွဲတွင်
သူရှုံးတော့မည်ဆိုတာလူတိုင်းရှင်းလင်းစွာသိနေပြီဖြစ်သ
ည်။

သူ့ကိုယ်ပိုင်သားရဲသည်ဖုတ်ကောင်အမျိုးအစားသားရဲဖြ
စ်သော်လည်း, ၎င်းတွင်နိုးထ
သောမှော်စွမ်းရည်များမရှိသေးသောဖုတ်ကောင်အမျိုးအ
စားသာဖြစ်သည်။ ယခု
ပြုလုပ်နိုင်သောတစ်ခုတည်းသောအရာမှာ၎င်း၏အနီးနာ
းရှိပိတ်ဆို့ခံထားရသော ခန္ဓာကိုယ်ကို
ရွှံ့နွံသားရဲထံမှလွှဲယမ်းထွက်ရန်သာဖြစ်သည်။

ရွှံ့နွံသားရဲသည်အရိုးစုကြွံ၏မျက်အိမ်အတွင်းသို့ပါဝင်လ
ာပြီး ယခုတွင်တော့၎င်း၏
အပေါက်ဖြစ်နေသောနေရာများတွင်ရွှံ့များဖြင့်ပြည့်နေပြီဖြ
ြစ်သည်။

စာစဉ် ၁၆

"ဒမ်ဘီ, အကယ်၍မင်းရွှံ့နွံသားရဲနဲ့တိုက်ခိုက်ရမယ်ဆိုရင် မင်းဘာလုပ်မှာလဲ?"
ကောင်းဖန်ကဒမ်ဘီအားသွေးစာချုပ်မှတစ်ဆင့်မေးလိုက်သည်။

ဒမ်ဘီကသူ၏ဦးခေါင်းကိုတဆတ်ဆတ်ညိတ်ပြနေပြီး,
"ငါအပိုင်းပိုင်းဖြတ်ပစ်မယ်!"

"နောက်ပြီး?"

"ငါပိုပြီးအပိုင်းပိုင်းဖြစ်သွားအောင်ဖြတ်ပစ်မယ်!"
ဒမ်ဘီကခိုင်မာစွာဖြင့်ပြောလိုက် သည်။

ဟန်လဲ့က
ကောင်းဖန်သည်သူ့ကိုပွဲအလယ်သို့ရည်ရွယ်ချက်ရှိရှိထေ
ာင်ချောက်ဆင်၍
ဆွဲထည့်ပြီးအတုအယောင်လုပ်မည်ဟုတွေးမိနေခဲ့တာဖြ
စ်သည်။

စာစဉ် ၁၆

သူသည်အတိတ်ကမကျေနပ်ချက်ကိုဖြေရှင်းရန်အခြားသူ
များကိုပါအောက်တန်းကျကျ
ဆွဲထည့်တတ်သူမဟုတ်ပေ၊
ပြီးတော့,အရှုးကသာသူ၏ကိုယ်ပိုင်ဒေသမှပါဝင်သည့်
ပြိုင်ပွဲဝင်ကိုထိုသို့လုပ်လိမ့်မည်။

အကယ်၍,သူတကယ်လိုချင်ရင်ဟန်လဲ့၏သားရဲကိုပြိုင်ပွဲ
ပြီးဘယ်အချိန်မဆိုသတ်ပြစ် လို့ရသည်။

ကောင်းဖန်၏ကြားဝင်နှောက်ယှက်ခြင်းတောင်မပါဘဲ,
ပြိုင်ပွဲရလဒ်ကဆုံးဖြတ်ပြီးသား ဖြစ်နေပြီဖြစ်သည်၊
အရိုးစုကြွံသည်ရှံ့နွံသားရဲကိုအရှုံးမပေးမချင်းကအချိန်ကို
စွာသာ ရှိသွားလိမ့်မည်ဖြစ်သည်။

ပြိုင်ပွဲကနေအစောကြီးထွက်ရတာရှက်ဖို့ကောင်းတယ်ေ
ော် ဟန်လဲ့, ကောင်းဖန်က တွေးလိုက်သည်။

ကြောက်ရွံ့ဖွယ်ကောင်းသောအော်သံကြီးကလေထဲတွင် ပျံ့လွင့်သွားတော့သည်။

အရိုးစုကြွံသည်မြေပြင်ပေါ်သို့လဲကျသွားသည်၊ ရွှံ့နွံသားရဲသည်၎င်း၏ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းကိုရွှံ့များဖြင့်ဆက်လက်ဖြည့်နေသော ကြောင့် ၎င်း၏ခွန်အား တစ်ခုလုံးတဖြည်းဖြည်းဆုံးရှုံးသွားခဲ့တာဖြစ်သည်။

“မင်းအတော်လေး ကောင်းကောင်းလုပ်ပြီးသွားပါပြီ၊ ဒီနေ့ကံကောင်းမှုကမင်းဘက်မှာ မရှိဘူးနဲ့တူတယ်၊ မင်းရဲ့ရှုံးနိမ့်မှုကိုစိတ်မပျက်သွားဖို့မျှော်လင့်ပါတယ်” ကောင်းဖန်က ပြောလိုက်သည်။

ဟန်လဲ့သည်သူ့ကိုစိုက်ကြည့်လိုက်ပြီး, နက်ရှိုင်းစွာသက်ပြင်းချလိုက်သည်၊ အခုတွင်, သူအလိုလိုသိနေသောစိတ်ပျက်အားလျော့မှုကိုသာထုတ်ဖော်နိုင်ခဲ့သည်၊

စာစဉ် ၁၆

မြေပြင်ပေါ်တွင်လဲနေသောအရိုးစုကြံ့ကိုအေးစက်စွာကြ
ည့်ကာ,ပြောလိုက်သည်, "ထစမ်း"

သူ့သခင်၏အမိန့်ကိုကြားသည်နှင့်,
အရိုးစုကြံ့သည်စ၍ရွှံ့နွံသားရဲကိုတစ်ကြိမ်ထပ်ပြီး
ရုန်းကန်ပြန်သည်...

***

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၅*

အရိုးစုကြွံ့သည်မြေပြင်ပေါ်ရှိရွှံ့နွံသားရဲဆီမှဆက်လက်ရုန်းကန်နေသည်၊ ၄င်း၏ပါးစပ်မှ ရွှံ့များဖြင့်ပြည့်နေပြီး အော်ဟစ်သံလည်းထွက်ပေါ်လာသည်၊

ကောင်းဖန်သည်ကြွံ့၏မျက်နှာပေါ်တွင်အရှုံးအမှုံးဖြစ်နေသည်ကိုမြင်တွေ့နေရသည်။

သို့ဖြစ်စေကာမူ,ဟန်လဲ့နှင့်ကွာခြားချက်ရှိသော်လည်း, ကောင်းဖန်ကအရိုးစုကြွံ့သည် အတော်လေးအဆင်ပြေသောသားရဲဖြစ်သည်ဟုဝန်ခံနိုင်သည်၊

လူသားတွေလိုဘဲသားရဲတိုင်းဟာကိုယ်ပိုင်းစရိုက်ရှိကြသ
ည်၊ ထိုကိစ္စတွင် အရိုးစုကြွံသည်
ခေါင်းမာသည့်ဘက်တွင်ရှိပုံရသည်။

သို့သော်,အရိုးစုကြွံသည်၎င်း၏ခြေထောက်ကိုပြန်ဆွဲထု
တ်ရန်ကြိုးပမ်းသော်လည်း,
ရွှံ့နွံသားရဲသည်အလေးချိန်နှင့်ပြန်၍ဆွဲချသည်။

အရိုးစုကြွံသည်ယခုတွင်၎င်း၏ဦးခေါင်းကိုမြှောက်ထားရ
န်ကြိုးစားပြီး မြေပြင်ပေါ်တွင်
ဒူးတစ်ဖက်ထောက်ထားသည်၊
၎င်း၏နှာခေါင်းပေါ်ရှိအဖြူရောင်ဦးချိုတစ်ခုတည်းသော
ရွှံ့နွံသားရဲကိုဖြတ်သွားသည်။

ခဏအကြာတွင်တစ်ခြားဒူးတစ်ဖက်ကိုပါဆန့်ထုတ်နိုင်ခဲ့
သည်။

ထို့နောက်၎င်း၏ကျန်ခန္ဓာကိုယ်ကိုမြေပြင်ပေါ်သို့အပန်းတကြီးပစ်ချလိုက်သည်။

ရှံ့နံ့အမျိုးအစားသားရဲကိုအားပေးနေကြသောသူတို့သည်ရုတ်တရက်တိတ်ဆိတ်သွား ကြတော့သည်။

"ဒါဘဲလေ, အရိုးစုကြွံ, ဆက်လုပ်ထား!"

ဟန်လဲ့ကသူ၏လက်သီးများကိုကျစ်ကျစ်ပါ

အောင်ဆုပ်ထားကာအော်လိုက်သည်၊

"အကယ်၍မင်းသူ့ကိုရှုံးအောင်လုပ်နိုင်ရင်

ငါမင်းရဲ့အကြိုက်ဆုံးအစားအသောက်တွေဝယ်ပေးမယ်"

ရုတ်တရက်

အရိုးစုကြွံ၏မျက်အိမ်ထဲမှမီးတောက်များကပို၍တောင်ေ

ောက်ပလာ တော့သည်၊

၎င်းကစိတ်လှုပ်ရှားမှုတွေပြင်းထန်နေကြောင်းကိုအရိပ်

အမွက်ပြနေကြ သည်။

စာစဉ် ၁၆

ရုတ်တရက်,၎င်း၏ခွာများသည်အဖြူရောင်ကျောက်ပြား များနှင့်ပင်ထိမိပြီး ဖျော့တော့သောအသံထွက်လာသည်။

အရိုးစုကြွံသည်နောက်ဆုံးတွင်ရွှံ့နွံသားရဲကိုသူ့ကျောပေါ် တွင်ဝတ်ရုံရှည်ကဲ့သို့ ဝတ်ထားကာသူ့ခြေနှင့်သူရပ်နိုင်လာပြီဖြစ်သည်။

ထို့နောက်၎င်းသည်သူ၏သခင်ဘက်သို့လှည့်ကာ, ဟန်လဲ့အားနောက်ဆုံးတွင် ရွှံ့နွံသားရဲနှင့်တိုက်ပွဲတွင်အနိုင်ရနေကြောင်းကိုကြွေးေ ြေဝ်လိုက်သကဲ့သို့အောင်ပွဲခံသံ ဖြင့်အော်လိုက်သည်။

“အခု မင်းရဲ့ကျောပေါ်ကရွှံ့နွံသားရဲကိုဖယ်ပြီး မြန်မြန်အဆုံးသတ်လိုက်တော့” ဟန်လဲ့ကသူ့လက်ကိုဒေါသတကြီးဝှေ့ယမ်းကာပြောလို က်သည်၊

အရိုးစုကြွံသည်၎င်း၏သခင်ထံမှချီးမွမ်းခံရခြင်းမခံရသေးခါအခါ အနည်းငယ်စိတ်ပျက် သွားပုံရသည်၊ သို့သော်သူ့မျက်နှာတွင်ပြတ်သားသောအကြည့်တစ်ခုပေါ်လာသည်။ သူဒါကိုအနိုင်ယူရမယ်!

၎င်းသည်ရှုံ့နှံ့အမျိုးအစားသားရဲကိုကြိုးဝိုင်း၏အစွန်ရှိအကာအကွယ်မှန်ပြင်နှင့် နောက်ကျောဘက်သို့ထိမှန်သွားစေသည်၊ ဖန်သားပြင်ကိုခိုင်ခံ့သောဖိုက်ဘာမှန်များနှင့် ပြုလုပ်ထားသော်လည်းအရိုးစုကြွံများသည်၎င်းတွင်အက်ကွဲရာသေးသေးလေးကို ချန်ထားခဲ့နိုင်ဆဲဖြစ်သည်။

အကာအကွယ်မှန်ပြင်နောက်မှပရိတ်သတ်များကအော်ဟစ်ကြတော့သည်၊ တစ်ချို့က သူတို့၏ထိုင်ခုံကိုချက်ချင်းပင်ထားခဲ့ကာထွက်ပြေးကြသည်၊

စာစဉ် ၁၆

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်ပြီး ဒမ်ဘီကိုအရိုးစုကြွံအားရပ်ခိုင်းလိုက်သည်၊ ကွင်းပတ်လည်ဧရိယာကိုတမင်တကာထိခိုက်စေခြင်းသည်စည်းကမ်းများကို ဆန့်ကျင်ခြင်းဖြစ်သည်။

“ကောင်းဖန်,မင်းဘာသောက်လုပ်လုပ်တာလဲ?” ဟန်လဲ့ကဒေါသထွက်စွာဖြင့် ပြောလိုက်သည်။

“အဲ့တာကစည်းမျဉ်းတွေနဲ့ဆန့်ကျင်နေတယ်” ကောင်းဖန်ကတည်ငြိမ်စွာပြောလိုက် သည်။

ဟန်လဲ့ကသူ့ကိုရိုင်းစိုင်းစွာပြောဖို့တွေးလိုက်ပေမယ့်, နောက်တော့မလုပ်ဖို့ဆုံးဖြတ် လိုက်သည်။

“ကျေးဇူးပြုပြီးကွင်းပြင်အလယ်မှာရှိတဲ့ကျောက်စင်ပေါ်မှာဘဲတိုက်ခိုက်ပါ”
ကောင်းဖန်ကတိုးတိုးလေးပြောလိုက်သည်။

စာစဉ် ၁၆

ဟန်လဲ့၏အမိန့်ကိုလက်ခံရရှိပြီးနောက်အရိုးစုကြွံများသ
ည်နာခံမှုဖြင့် ကျောက်စင်မြင့်
ပေါ်သို့ဦးတည်သွားလိုက်သည်၊

ရွှံ့နွံသားရဲသည်၎င်း၏နောက်ကျောတွင်ခိုင်မြဲစွာတယ်က
ပ်ထားခြင်းဖြင့်
၎င်းကိုကိုယ်အလေးချိန်ပို၍ရှိနေဆဲပင်ဖြစ်သည်။

ကြွံ၏အသားမရှိသောခန္ဓာကိုယ်သည်ချွေးလုံးဝမထွက်နို
င်ပေ၊ သို့သော်လည်း
အဝါရောင်အရည်စက်များသည်၎င်း၏ထိတွေ့နေသော
အရိုးများမှထွက်လာသည်ကို မြင်နိုင်သည်။

ရုတ်တရက်,
အရိုးစုကြွံသည်ကျောက်စင်မြင့်ဆီသို့အပြေးအလွှားရော
က်လာပြီး ဆန့်ကျင်၍တိုက်ပြစ်လိုက်သည်!

စာစဉ် ၁၆

ငင်းသည်သူ၏အစွယ်ကိုဘယ်ကွန်မန်ဒါအဆင့်သားရဲမျာ
း၏တိုက်ခိုက်ခြင်းကို
ခံနိုင်ရည်ရှိသောပစ္စည်းတစ်ခုဟုယူဆရပြီး
ငင်းကကျောက်စင်မြင့်ကိုဖြတ်သွားတော့ သည်။

ကြွံအစွယ်မှရွှံ့နွံများသည်
အရပ်ရပ်သို့ပျံထွက်ကုန်ကြသည်။

“ကောင်းတယ်, အရိုးစုကြွံ,
အဲ့လိုဆက်ပြီးတိုက်ခိုက်ထား! မင်းအဲ့မှာဘာကိစ္စထပ်ပြီး
ဒီတိုင်းရပ်နေသေးတာလဲ?!”ဟန်လဲ့ကထိုအခြေအနေတွ
င် ဒီတိုင်းရပ်နေသောသူ့သားရဲ
ကိုကြည့်ကာပြောလိုက်သည်။

ရွှံ့နွံသားရဲ၏ရွှံ့များသည်ကြွံ၏ဦးခေါင်းရိုးမှထွက်သွားပြီး
ဘာမှမရှိသောမျက်လုံးအိမ်
များကိုထုတ်ဖော်ပြသနေသည်။

၎င်းတို့ထဲတွင်အပြာရောင်မီးတောက်ဖျော့ဖျော့က အချိန်မရွေးထွက်ခွာသွားတော့မလို ဖြစ်နေသည်ကိုတွေ့ရသည်။

ရုတ်တရက်ပင်, အရိုးကြွံသည်မြေပြင်ပေါ်သို့ပြင်းထန်သည့်အသံနှင့်အတူပြုလဲကျ သွားတော့သည်၊ နောက်ဆုံးတိုက်ခိုက်မှုသည် ၎င်း၏အင်အားအကုန်လုံးကိုသုံးစွဲခဲ့တာ ဖြစ်သည်။

ဟန်လဲ့အားပျော့ညံ့စွာကြည့်ကာသခင်ထံမှနှစ်သိမ့်မှုကိုပြောချင်သလို ဝမ်းနည်းစွာ ညည်းညူနေလေသည်။

"အသုံးကိုမကျဘူး" ဟန်လဲ့ကရေရွတ်လိုက်ရင်း လှည့်ကာကွင်းထဲမှထွက်သွားတော့ သည်။

ဒီလိုအသုံးမကျတဲ့သားရဲရှိနေဖို့မလိုအပ်ဘူး၊ ဒါ့အပြင်သူကသူအဖေရဲ့အကူအညီနဲ့

ပိုပြီးကောင်းတဲ့သားရဲအားအရိုးစုကြွံ့နှင့်ပြောင်းလဲနိုင်သည်။

အရိုးစုကြွံ့သည်သူ့သခင်၏နောက်ကျောကိုမြင်သောအခါ ၎င်း၏မျက်လုံးများတွင် အပြာရောင်မီးတောက်သည်တစ်ခဏလောက်ယိမ်းယိုင်သွားသည်၊ စိတ်ပျက်အားငယ်မှုသည်ထိုအချိန်တွင် ခံစားနိုင်သောတစ်ခုတည်းသောအရာသာဖြစ် သည်။

ထို့နောက်တွင်, ကြောက်မက်ဖွယ်ကောင်းသောငိုကြွေးသံသည် ကွင်းပြင်အနှံ့တွင် ပဲ့တင်ထပ်သွားသည်။

လူးကတစ်စ်ကသူ့သားရဲကိုခေါ်လိုက်သည်၊ အရိုးစုကြွံ့ကမြေပြင်ပေါ်တွင်အမူအယာမဲ့၍ လဲလျောင်းနေသည်ကိုမြင်သောအခါတွင် သူကသက်ပြင်းချလိုက်ကာကွင်းပြင်ကနေ ထွက်သွားတော့သည်။

စာစဉ် ၁၆

ကောင်းဖန်ကကွင်းပြင်မှဆင်းကာကာနောက်ဒိုင်လူကြီးအားနေရာယူခွင့်ပေးလိုက် သည်။

ပွဲကြည့်ပရိတ်သတ်အများစုသည်အဖြူရောင်တီရှပ်အင်္ကျီနှင့်မီးခိုးရောင်ဘောင်းဘီတို ဝတ်ထားကာ
ကွင်းပြင်ပေါ်သို့ထွက်လာသောနောက်ဒိုင်လူကြီးကပိုပြီးကြည့်ကောင်းသည်ကိုကြည့်ရန်လည်ဆန့်ကာကြည့်နေကြသည်။

လီယွိသည်ပွဲကြည့်စင်မှပရိတ်သတ်များကစိတ်လှုပ်ရှားစွာအားပေးနေသည်ကိုကြည့်ရင်းအနည်းငယ်မာနထောင်လွှားနေသောအမူအရာကသူ့မျက်နှာတွင်ပေါ်လာသည်။

သို့သော်လက်ခုပ်သြဘာသံများသာ
သူ့ကိုပွဲကြည့်စင်မှနှုတ်ဆက်လာကြသည်၊
ပရိတ်သတ်အချို့ကသူ့ကိုသရော်နေကြသည်။

လူတိုင်းကဘာတွေမှားယွင်းနေကြတာလဲ?
သူကတွေးလိုက်သည်။

“ဘာလို့ဒီဒိုင်လူကြီးကအရမ်းကြီးနေတာလဲ?”
တစ်ချို့ကအော်ဟစ်ပြောကြသည်။

“သူကဒိုင်လူကြီးဖြစ်ဖို့အရမ်းအသက်ကြီးနေတယ်၊
အနည်းဆုံးအသက်၃ဂရှိရမယ်”

ဤသည်မှာလီယွိအားပရိတ်သတ်ထံမှကောက်နှုတ်နိုင်ေ
ောမှတ်ချက်များဖြစ်သည်။

ဒီလိုအူတိအူကြောင်လေးတွေကိုဒီနေရာကနေအမြန်ထွ
က်သွားအောင်လုပ်လို့ကမရ…
ပြီးတော့,ငါကဒီနှစ်မှအသက်၃ဂရှိသေးတာ!
မင်းတို့ကငါ့ကိုဘယ်လိုတောင်လူအိုကြီး
လို့ပြောနိုင်ရတာလဲ!

## စာစဉ် ၁၆

နေ့တစ်နေ့ကမျက်စိတစ်မှိတ်အတွင်းဖြတ်ကျော်လာပြန်ပြီးဖြစ်သည်။

ပြိုင်ပွဲ၏ပထမဆုံးအကြိမ်တွင် ပွဲစုစုပေါင်း၃၂ပွဲရှိနေသည်၊ ၂၄ပွဲကထိုနေ့တွင်ပြီးဆုံးသွားပြီဖြစ်ကာ, ၈ပွဲကျန်ရှိနေသေးသည်။ ပထမဆုံးထုတ်ပယ်သည့်အကြိမ်သည်နောက်နေ့မနက်မှာအပြီးသတ်နိုင်ဖွယ်ရှိပြီး ဒုတိယအကျော့အတွက်မဲနှိုက်ခြင်းလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

သာမန်အခြေအနေအရပြိုင်ပွဲ၏အလားအလာကောင်းသောသူများထဲမှ အချို့သာ ဒီနေ့သတင်းတွင်ထိပ်ဆုံးနေရာတွင်ရှိမည်ဖြစ်သည်၊ သို့သော်, ဒီအချိန်ကကွဲပြားနေ သည်။

သတင်းဌာနတိုင်းသည်ပြိုင်ပွဲ၏ဒိုင်လူကြီးတစ်ဦးအကြောင်းကိုလည်း စိတ်လှုပ်ရှားစွာ ပြောဆိုနေကြသည်။

ဟွားရှားဒေသပြိုင်ပွဲဝင်ကနေနှုတ်ထွက်ထားတာ,
၁ရနှစ်, ဒိုင်လူကြီး, ဧကရာဇ်အဆင့် သားရဲနဲ့။

ပြောရရင်တော့
ဒီစကားတွေကအများကြီးအဓိပ္ပါယ်မရှိပေ၊
သို့သော်ပေါင်းစည်းလိုက်
သောအခါတွင်သတင်းစာများ၏ရှေ့မျက်နှာစာတွင်
အလွန်မျက်စိကျစရာခေါင်းစဉ်
တစ်ခုပေါ်လာတော့သည်။

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၆*

ကျိုးတျန်းမင်၏အိမ်တွင်ခဏတာတည်းခိုသောကောင်းဖ
န်သည် ထိုအချိန်တွင်အပြင်၌
ဘာတွေဖြစ်နေမှန်းမသိပေ၊ အမှန်အတိုင်းဆိုလျှင်
ကမ္ဘာပေါ်ရှိလူတိုင်းသည်
သူ့အကြောင်းပြောနေကြသည်ကိုသိခဲ့လျှင်ပင်
သူကစိတ်ထဲထားမည်မဟုတ်ပေ။

သေချာတာပေါ့,
တောင်ပိုင်းကောင်းကင်အဖွဲ့သည်ဒေသတွင်းရှိသတင်း႒
ာနတိုင်းတွင်
သူ၏အမည်ကိုဖြန့်ကျက်ရန်လက်တစ်ကမ်း၌ပင်ရှိကော
င်းရှိနိုင်သည်။

ယခုတွင်ကောင်းဖန်သည်မည်ကဲ့သို့လုပ်နိုင်သည်ကိုလူ
တိုင်းသိကြပြီး, သူက
တစ်စုံတစ်ခုကိုဒေါသထွက်သောအခါတွင်
ဘယ်သူမှမျက်ခွံကိုပိတ်မကျနိုင်ကြပေ။

"ကျိုးမန်မန်,
ကောင်းဖန်ကတကယ်နင်တို့နေရာမှာနေတာလား?"
ဥယျာဉ်အပြင်ဘက်
တွင်ရှိသောတစ်စုံတစ်ယောက်ကတီးတိုးပြောလိုက်သည်
။

"ဟုတ်တယ်"

"၁ရနှစ်နဲ့ ဧကရာဇ်အဆင့်သားရဲ....ဒါကအံ့ဩစရာဘဲ၊
အကယ်၍သူကကပ်ဆိုးကြီး
အစောပိုင်းကတည်းကသွေးစာချုပ်ချုပ်မယ်ဆိုရင်,
သူ့သားရဲကအခုဆိုရင်
အင်ပါယာအဆင့်သားရဲတောင်ဖြစ်လာနိုင်တယ်"

ဥယျာဉ်အရှေ့ဘက်ခြမ်းသည်ကျယ်ဝန်းပြီး
ဘာမှမရှိသောနေရာသည်ရေလုံမိုးကာ
မျက်နှာကြက်ကိုလုပ်ထားသည်၊
တစ်ချို့သောသားရဲများအားလေ့ကျင့်နိုင်ရန်အတွက်
ထိုအကာ၏အောက်တွင်ပြင်ဆင်ထားသည်။
ဥပမာအားဖြင့်,ဘာမှမရှိသောနေရာတွင်
သားရဲတစ်ကောင်၏
ခန္ဓာဗေဒနှင့်ကိုက်ညီစေရန်အထူးဒီဇိုင်းထုတ်ထားသည့်၁၆ပေ
ရှည်သောခြေထောက်လေ့ကျင့်ရေးကိရိယာတစ်ခုရှိသည်။

တာ့ဇီသည်
လေ့ကျင့်ရေးစက်ပေါ်တွင်ပက်လက်လှန်၍လှဲကာနေသည်၊ ၎င်းသည်
၎င်း၏ခန္ဓာကိုယ်ကိုအထက်သို့တွန်းလိုက်ပြီး

စာစဉ် ၁၆

ဖြေလျှော့လိုက်ကာနောက်တစ်ကြိမ်
ထပ်၍ကွေးလိုက်သည်၊ သူ့တစ်ကိုယ်လုံးချွေးများဖြင့်
ပြောင်လက်နေသည်။

"ဒါကိုဆယ်မိနစ်လောက်ထပ်လုပ်, ဒီညစာအတွက်
အစားအသောက်ပိုကျွေးမယ်"
ကောင်းဖန်ကသူ့လက်ထဲမှသံပါတ်နာရီကိုကြည့်လိုက်သ
ည်။

တာ့ဇီ၏အနက်ရောင်မျက်စံများသည်စိတ်လှုပ်ရှားစွာဖြင့်
တဖိတ်ဖိတ်တောက်နေ သည်၊ "ကောင်းပြီ!"
ကောင်းဖန်ကအဝေးသို့ကြည့်လိုက်သောအခါတွင်
တာ့ဇီ၏
လှုပ်ရှားမှုများကသိသိသာသာကိုနှေးကွေးသွားသည်။

ထို့နောက်,ကောင်းဖန်သည်တာ့ဇီအနားရှိလိပ်ပြာစက်နာ
းဆီသို့လျှောက်သွားလိုက် သည်၊
ကိရိယာတန်ဆာပလာသည်အမြင့်ပေ၂၀ခန့်ရှိသည်၊

စာစဉ် ၁၆

ဂိုဒီအသုံးပြုရန်အတွက်
အလွန်ကြီးမားသောကြောင့်ကောင်းဖန်သည်ဂိုဒီကိုလုံ
ေလာက်အောင်ပြန်နိုးကားစေရန် အတွက်
ဖလိမ်မီကိုငင်းအားမီးဖြင့်မှုတ်ဖို့အတွက်အမိန့်ပေးသည်။

ဖလိမ်မီကပျော်ရွှင်စွာဖြင့်သူတို့ကိုလေထဲမှာတုတ်ခိုင်သေ
ာပင်ကွင်းတစ်ကောင်က
တကယ်တန်းပျံနေသလိုစက်ဝိုင်းပုံစံလှည့်နေသည်၊
အချိန်တိုင်းဂိုဒီကပြန်လျော့ သွားတိုင်း
ငင်းကလျင်မြန်စွာဖြင့်မီးလုံးများမှုတ်ထုတ်သည်၊
အကယ်၍ငင်းက
သူ၏တုန်လှုပ်မှုမရှိသောအကျိုးသက်ရောက်မှုကိုမထိရေ
ာက်ပါက, ဖလိမ်မီသည်
ငင်း၏ဦးတည်ချက်အတိုင်းမီးလုံးများကိုမှုတ်ထုတ်လိုက်
သည်။

စာစဉ် ၁၆

“မဆိုးပါဘူး, ဂိုဒီ၊
ငါဒီနေ့ညစာအဖြစ်မင်းကိုသန္ဓေပြောင်းတူနာငါးပေးမယ်
” ကောင်းဖန်ကပြုံးကာပြောလိုက်သည်။

ဂိုဒီ၏လှုပ်ရှားမှုများက
ကောင်းဖန်ပြောတာကိုကြားလိုက်ရသည့်အခါတွင်ပို၍ပ
င် ပြင်းထန်လာတော့သည်။

“ကောင်းဖန်, ကောင်းဖန်”
ကောင်းဖန်၏ခေါင်းပေါ်တွင်ပျံသန်းနေပြီးနားရွက်နှင့်
နောက်ကျောကိုဘဝဲလက်ဖြင့်ထိုးနေသောဆီလီကပြော
လိုက်သည်။

“ဘာကြီးလဲ?”
ကောင်းဖန်ကဆီလီ၏ဘဝဲလက်များကိုအသာအယာဆွဲ
ထုတ်လိုက် သည်။

“တာ့ဇီက

နေးသွားပြန်ပြီ…”ဆီလီကပျော်ရွှင်စွာပြောလိုက်သည်။

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊

သူ့မျက်လုံးထောင့်မှတာ့ဇီသည်

လေ့ကျင့်ခန်းစက်ပေါ်၌အလွယ်တကူလဲလျောင်းနေပြီး

၎င်း၏ဦးမျှင်များမှာ

သူ့ခေါင်းပေါ်တွင်ပျော်ရွှင်စွာလှုပ်ယမ်းနေသည်။

“တော်တယ်၊ မင်းအတွက်ဖျော်ရည်တစ်ခွက်”

ကောင်းဖန်ကအားပေးအားမြှောက် ပြုလိုက်သည်၊

ဆီလီ၏မျက်လုံးများကပျော်ရွှင်စွာတောက်သွားပြီး

ကောင်းဖန်၏ခေါင်းကို၎င်း၏

ဘဝဲလက်များဖြင့်ပွေ့ဖက်လိုက်သည်၊

“ကျေးဇူးပါကောင်းဖန်,မင်းကအကောင်းဆုံးဘဲ”

"တာ့ဇီ, အခုအကြိမ်၁ဂ,ဂဂဂလုပ်စမ်း၊ မင်းပြီးတဲ့အခါမှအစားစားရမယ်" ကောင်းဖန်က အေးစက်စွာပြောလိုက်သည်။

တာ့ဇီ၏ခန္ဓာကိုယ်ကအေးခဲသွားတော့သည်၊ ကောင်းဖန်ကရုတ်တရက်ပြန်လှည့်လာ မယ်လို့သူမျှော်လင့်မထားပေ။

"မင်းအပေါ်မှာစောင့်ကြည့်ကင်မရာတွေရှိတယ်နော်၊ မင်းလုပ်လားမလုပ်လား ငါစောင့်ကြည့်နေမှာ" ကောင်းဖန်ကမျက်နှာကြက်ကာ၏ထောင့်တွင်တပ်ဆင်ထား သည့်စောင့်ကြည့်ကင်မရာကိုညွှန်ပြလိုက်သည်။

တာ့ဇီကသူ့ကိုငေးကြည့်နေတော့သည်။

ဒီလိုထိုးဖောက်ပြီးမြင်နိုင်တဲ့အရာကိုတီထွင်ဖို့က စိတ်ကူးကောင်းလို့ဒီလူသားတွေ

စာစဥ် ၁၆

ဘယ်လိုထင်ကြတာလဲ?

ဘယ်သူငါ့ကိုဆန့်ကျင်ခဲ့ကြတာလဲ?!

ညာဘက်ထောင့်တွင်အစင်းလေးကိုနေရာချထားသည်၊

ဒမ်ဘီ၏ပုခုံးပေါ်တွင် ချိုတစ်ခုပေါက်လာကတည်းက ယခုအခါ၌အစင်းလေးသည် ၎င်း၏ကျောပေါ်တွင် နေရာတိုင်း၌ကောင်းဖန်ကိုသယ်ဆောင်ရသည့် ဂုဏ်ထူးဆောင်ဘွဲ့တစ်ခုရခဲ့သည်။

အလေးချိန်တန်ချိန်အနည်းငယ်ဖြင့်တွန်းထိုးခြင်းများပြု လုပ်လိုက်သည်၊ ၎င်း၏အဆစ် နှင့်ကျောတို့မှသေးငယ်သောအဖြူရောင်အမှုန်များထွက် ကျလာသည်။

“သူကအစောကြီးကတည်းကသူ့သားရဲတွေကိုလေ့ကျင့်ေ ေပြီး၊ ဧကရာဇ်အဆင့် ရောက်အောင်လေ့ကျင့်ပေးနေတာအံ့ဩဖို့တော့မကောင်

းတော့ပါဘူး”

ကျိုးမန်မန်၏ဘေးတွင်ရပ်နေသောအရပ်ရှည်ရှည်

ဆံပင်ရှည်ရှည်နှင့်ပုခုံးသွယ်သွယ်

မိန်းကလေးကပြောလိုက်သည်၊

သူမကအနီရောင်ရှပ်အင်္ကျီနှင့်သူမ၏ပုခုံးပေါ်တွင်

အနက်ရောင်ကြိုးကိုသိုင်းထားပြီး,

ခြေကျင်းဝတ်ထိရှည်သောစကတ်ကိုဝတ်ဆင်ထား ကာ,

သူမ၏မျက်နှာ၌မိတ်ကပ်ပါးပါးလိမ်းခြယ်ထားသည်။

“အန်းနင်ရွှယ်,အကယ်၍နင်အခုရည်းစားရှာချင်နေတာ

ဆိုရင်, နင့်အဖေကိုကျီမိသားစု

နဲ့လက်ထပ်ပေးခိုင်းဖို့ပြောလိုက်လေ”

ကျိုးမန်မန်ကစလိုက်သည်၊

အန်းနင်ရွှယ်ကဒါအတွက်တော့ရှက်ရွံ့မနေပေ၊

သူမကအလေးအနက်ကိုကျိုးမန်မန်

ပြောသည်ကိုတွေးတောနေသည်၊

ကျိုးမန်မန်ကကောင်းဖန်ကိုကြည့်ကာသက်ပြင်းချလိုက်သည်၊ သူ့အဘိုးက
ကောင်းဖန်နဲ့သူမကိုတွဲဖက်ပေးနေတာသူမကြိုက်ပေ၊
သူမကကောင်းဖန်ကိုတော့ မမုန်းပါဘူး;
သူမကအရွယ်ရောက်လာသည်နှင့်သူမအတွက်အကုန်လုံ
းလိုက်ပြီး ဆုံးဖြတ်ပေးနေသည်ကိုရိုးရိုးရှင်းရှင်းဘဲ
မကြိုက်ပေ။

…

ကောင်းဖန်ကသူ့နာရီကိုကြည့်လိုက်သည်၊
မနက်ကြီးခုနှစ်နာရီခွဲပြီဖြစ်သည်။

ပြိုင်ပွဲကရှစ်နာရီမှာစတင်မှာဖြစ်ပြီး,
ကွင်းသို့ရောက်ရန်အနည်းဆုံးဆယ်မိနစ်လောက်
အချိန်ယူရမည်၊
အဲ့ဒီအချိန်အထိသူ့မှာအချိန်အများကြီးကျန်ပါသေးသည်။

စာစဉ် ၁၆

ကောင်းဖန်သည်ကျိုးမန်မန်နှင့်သူမ၏သူငယ်ချင်းအားဥ
ယျာဉ်အပြင်ဘက်၌ရှိသည်ကို သတိပြုမိလိုက်သည်၊
သို့သော်သူသည်
သူတို့ကိုအမှန်တကယ်ပင်မသိတာကြောင့်
မခေါ်ရန်ဆုံးဖြတ်လိုက်သည်။

သူ့သားရဲတွေကိုလေ့ကျင့်မှုပြီးတဲ့အခါကောင်းဖန်သည်
သူ့ပစ္စည်းတွေကိုစ၍ စုဆောင်းလိုက်သည်၊

ဂိုဒီသည်ကြီးမားသောလိပ်ပြာစက်ကြီးမှာခုန်ဆင်းကာဗီ
ဒိုဆီသို့လျှောက်သွားပြီး ဗီဒိုကို
ပြင်းပြင်းထန်ထန်ဖွင့်လိုက်ကာ,
၎င်း၏အဝါရောင်အမွေးကုတ်အင်္ကျီကိုတတ်နိုင်သမျှ
ဂရုတစိုက်ထုတ်ယူလိုက်သည်။

၎င်းသည်ကြီးမားသည့်ပုံစံအတိုင်းရှိနေသေးတာကြောင့်
ဂိုဒီသည်၎င်း၏အင်္ကျီကို
ပုခုံးပေါ်တင်၍လေ့ကျင့်ရေးနေရာမှထွက်လာခဲ့သည်။

စာစဉ် ၁၆

ဘဲကြီးတစ်ကောင်ကကျိုးမန်မန်နှင့်သူ့သူငယ်ချင်းကိုဖြ
တ်လာသောအခါတွင်,
သူတို့ကိုတစ်ချက်ကြည့်လိုက်ကာ,
သူ့လည်ပင်းကိုမာနကြီးစွာဖြင့်ဆန့်လိုက်သည်။

"အော်,ဆံပင်မရှိတဲ့အမျိုးသမီးလူသားတွေ,
ဘယ်လောက်တောင်ကြောက်စရာ ကောင်းလဲ"

တာ့ဇီကလေ့ကျင့်ရေးစက်မှတွားသွားထွက်လာရန်ကြိုးပ
မ်းနေစဉ် ကောင်းဖန်အား စိုက်ကြည့်လိုက်သည်။

ကောင်းဖန်ကသတိပေးသည့်အကြည့်တစ်ချက်ပေးလိုက်
တော့, တာ့ဇီကလျင်မြန်စွာ
ဖြင့်လေ့ကျင့်ရေးစက်ပေါ်သို့တွားသွား၍တက်သွားပြန်သ
ည်။

စာစဉ် ၁၆

"ငါ့ကြွက်သားတွေကိုဆွဲဆန့်ချင်တယ်" တာ့ဇီကမှုန်ဝါးဝါးဖြင့်ပြောလိုက်ပြီး, လေ့ကျင့်ရေးစက်တွင်ဆက်လုပ်နေတော့သည်၊

မနက်စာစားပြီးနောက်ကောင်းဖန်သည် လေယာဉ်ဖြင့်ထွက်လာပြီးဆင်းသက်သည့် အခါတွင်လမ်းချော်၍ဒမ်ဘီကတွဲလောင်းကျသွားတော့သည်၊

၁၀မိနစ်မပြည့်ခင်မှာဘဲ ရဟတ်ယာဉ်ကအားကစားကွင်းကိုရောက်လာခဲ့သည်၊ ပရိတ်သတ်နှင့်သတင်းထောက်များအပြည့်အစုံရောက်ေ ေကြပြီဖြစ်သည်၊ ကျန်ရှိသည့် ပြိုင်ပွဲများကိုမကြာမီတွင်စတင်ကျင်းပတော့မည်ဖြစ်သ ည်။

နေ့လည်ခင်းတွင်, အများစုသောပရိတ်သတ်များသည်တစ်မနက်လုံးကျန်ရှ

ိနေသည့်

ပြိုင်ပွဲဝင်များကိုအားပေးရသောကြောင့်မောပန်းနေကြေ

ေ့သည်၊ လေထဲတွင် စိတ်လှုပ်ရှားနေမှုများသည်

သေဆုံးနေတော့သည်။

“ကျွန်တော်တို့ပထမအကြိမ်နောက်ဆုံးအသုတ်ပွဲစဉ်ကို

မကြာခင်မှာစတင်တော့မှာပါ”

အစီအစဉ်တင်ဆက်သူကပြောလိုက်သည်၊

သူ၏အချက်ပေးစကားပြောလိုက်ပြီး,

ကောင်းဖန်ကဒမ်ဘီကိုဦးဆောင်ကာ

ကွင်းပြင်ထဲသို့ထွက်လာသည်။

နှစ်ဖက်လုံးမှသတ္တုတံခါးများသည်

ဖြည်းညှင်းစွာပင့်တင်လာတော့သည်။

ဘယ်ဘက်ထောင့်တွင်အနီရောင်ဝတ်စုံနှင့်အနက်ရောင်ေ

ောင်းဘီအားဝတ်ဆင်ထား

သောကောင်လေးကမတ်တပ်ရပ်နေသည်၊
ကြီးမားသောအနက်ရောင်ကျားကြီးက
သူ့ဘေးမှနေ၍ကွင်းပြင်ထဲသို့ဝင်ရောက်လာသည်၊
၎င်း၏ခန္ဓာကိုယ်ကအနက်ရောင်
အကြေးခွံများဖြင့်ဖုံးအုပ်ထားသောကြောင့်နေရောင်အော
ာက်တွင်တဖိတ်ဖိတ်တောက်ပ နေသည်။
၎င်း၏နဖုံးပေါ်မှအစင်းပုံစံကွက်သည်
“ဘုရင်”ဟူသောတရုတ်စကားလုံး
အက္ခရာနှင့်ဆင်တူသည်။

ဆံပင်ရွှေရောင်,
မျက်လုံးပြာနှင့်လှိုင်းတွန့်ဆံပင်ရှည်တို့ဖြင့်ကောင်လေး
တစ်ယောက် သည်ညာဘက်ထောင့်တွင်ထွက်လာသည်၊
အဖုအထစ်များပါသည့်သစ်ပင်ကဲ့သို့သော
သတ္တဝါတစ်ကောင်က

သူ၏မြွေအမြစ်များကိုရှေ့သို့တွန်းပို့ပြီးသူ့နောက်မှလိုက်လာ သည်။

တစ်ချို့သောပရိတ်သတ်များကရုတ်တရက်လန့်နိုးလာ ြသည်, "ပိုပြီးမျှော်လင့်နေတဲ့ တိုက်ပွဲကအခုစနေပြီ!"

"ဟွားရှားနယ်ပယ်ကချန်ပီယံနဲ့ ယင်းလီနယ်ပယ်ကချန်ပီယံတို့ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်!"

"ယွီကောကသေချာပေါက်အောင်ပွဲခံရလိမ့်မယ်"

"ဒါပေမယ့်ဘရန်ဒီကလည်းအားနည်းမနေဘူးနော်, သူကယီလင်းမြို့ကချန်ပီယံတောင် မဟုတ်သေးဘူး, မင်းသိလား"

"မင်းကဟွားရှားကတောင်လား?!"

"...."

# စာစဉ် ၁၆

***

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၇*

ကွင်း၏ထောင့်တစ်နေရာတွင်ဟွားရှားအကြိုပြိုင်ပွဲ၌ပ
ထမရခဲ့သောယွီကောသည်
အနီရောင်ဝတ်စုံဝတ်ထားသည်၊
စင်ပေါ်နေသူ့ကိုအားပေးတဲ့သူ၏ကိုယ်ပိုင်ပရိတ်သတ်
တွေတောင်ရှိသည်။

ဘရန်ဒီသည်ယွီကောတွင်ရှိသလိုမျိုး
သူ၏နယ်ပယ်တွင်လည်းနာမည်ကြီးသည်၊
သို့သော်ယခုတွင်တော့,သူကဟွားရှားဒေသတွင်ရှိနေသေ
ာကြောင့် သူ့ပြိုင်ဘက်ထက်
ပရိတ်သတ်အားပေးမှုနည်းသည်။

[မကောင်းဆိုးဝါးအမည်]–အကြေးခွံနက်ကျား

[မကောင်းဆိုးဝါးအဆင့်အတန်း]–
ပြီးပြည့်စုံသောအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၂

[မကောင်းဆိုးဝါးစွမ်းရည်]–အမှောင်

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–
မာကျောသောအကြေးခွံအဆင့်၁, အမှောင်ကျွမ်းကျင်မှု
အဆင့်၁

[ထူးခြားသည့်သွင်ပြင်လက္ခဏာများ]–
မျက်လုံးအတွင်းရှိအမှောင်
(တုန်လှုပ်မှုမရှိသောသက်ရောက်မှု;
အကြေးခွံနက်ကျားသည်အမှောင်ထဲ၌
ပြီးပြည့်စုံစွာဖြင့်မြင်နိုင်သည်၊
၎င်းကိုမြင်နိုင်သောဝိဉာဉ်များသာမကအမှောင်ဒြပ်စင်နှင့်
လည်းဆက်စပ်မှုရှိသည်၊ နိုးကြားသောသက်ရောက်မှု;

ငင်းကသူ၏ပစ်မှတ်တစ်ခါ
ကြည့်တာနဲ့မျက်လုံးကန်းသွားနိုင်သည်။)

[မကောင်းဆိုးဝါးအားနည်းချက်]–
အကြေးခွံနက်ကျားသည်အလင်းရောင်ကိုအလွန်
မုန်းသည်၊
အလွန်တောက်ပသောပတ်ဝန်းကျင်ကိုတုံ့ပြန်ရခြင်းဖြင့်
ငင်း၏ရုပ်ပိုင်းဆိုင်ရာအခြေအနေဆိုးရွားလာမည်ဖြစ်သ
ည်။

–

[မကောင်းဆိုးဝါးအမည်]–မြည်တမ်းခြင်းမြွေနဂါးသစ်ပင်

[မကောင်းဆိုးဝါးအဆင့်အတန်း]–ထူးခြားအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၇

[မကောင်းဆိုးဝါးစွမ်းရည်]–သစ်သား

စာစဥ် ၁၆

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–ခိုင်ခံ့သောနွယ်အဆင့်၂,
အသစ်ပြန်လည်ဖြစ်ပွားခြင်း အရှိန်အဆင့်၁

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
သစ်ရည်အက်ဆစ်(တုန့်လှုပ်မှုမရှိသော သက်ရောက်မှု:
၎င်း၏သစ်ရည်များသည်မြင့်မားသောပျက်စီးယိုယွင်းနိုင်
စေရှိသည်၊
၎င်းက၎င်း၏ကိုယ်တွင်းရှိအထူးပြုအင်္ဂါရပ်တစ်ခုမှအရ
ည်များကိုဖြန်းပက်၍
ရန်သူကိုတိုက်စားကာပျက်စီးစေနိုင်သည်၊
တုန်လှုပ်မှုမရှိသောသက်ရောက်မှု၂:
၎င်းသည်ခန္ဓာကိုယ်အတွင်းရှိအက်ဆစ်ပမာဏများစွာကို
စွန့်ထုတ်နိုင်သည်၊ တုန်လှုပ်မှုမရှိသောသက်ရောက်မှု၃:
အကယ်၍၎င်း၏အက်ဆစ်အရည်များသည်
အတွင်းထဲတွင်အချိန်အကြာကြီးပြုတ်ထားသလိုဖြစ်နေ
ပါက,အက်ဆစ်ဓာတ် တိုးလာခြင်း သို့မဟုတ်

ထုံဆေးအာနိသင်ကဲ့သို့သောနောက်ထပ်အကျိုးဆက်မျာ
း ကိုပါရနိုင်သည်။

[မကောင်းဆိုးဝါးအားနည်းချက်]–မီး

အကြေးခွံနက်ကျားသည်အဆင့်နှစ်ဆင့်မြင့်သော်လည်းဂ
င်း၏အဆင့်အတန်းသည်
မြည်တမ်းခြင်းမြွေနဂါးနွယ်ထက်
တစ်ဆင့်နိမ့်နေသေးသည်၊ သားရဲနှစ်ကောင်လုံး၏
အဆင့်ဖြင့်အကဲဖြတ်ကြည့်လျှင်
မြည်တမ်းခြင်းမြွေနဂါးသစ်ပင်ထက်အနည်းငယ်
သန်မာသည်ဟုဆိုနိုင်သည်။

ဤပွဲရလဒ်များသည်သားရဲများ၏အတွေ့အကြုံ,အရည်
အချင်းများနှင့် ထူးခြားသော
ဇီဝမကာမ္မဗေဒနှစ်မျိုးလုံးအပေါ်တွင်မူတည်သည်။

ကောင်းဖန်သည်တစ်မူထူးခြားသောအောင်ပွဲကိုစတင်ချိ န်ဆနေသည်။

နှစ်ဖက်လုံးမှအကျွမ်းတဝင်သားရဲသည်တစ်ဖက်သား၏ စွမ်းရည်များနှင့်မဆန့်ကျင်နိုင် ကြပေ၊ ပြီးတော့,အကြေးခွံနက်ကျား၏မွေးရာပါစွမ်းရည်သည် မြည်တမ်းခြင်းမြွေနဂါးနွယ်ပေါ်တွင်ကြီးမားသောသက်ေ ာက်မှုတစ်စုံတစ်ရာရှိမည် မဟုတ်ပေ၊

သို့သော်မြည်တမ်းခြင်းမြွေနဂါးနွယ်သည်၎င်း၏ပြိုင်ဘ က်ထက်ကျယ်ပြန့်သော တိုက်ခိုက်နိုင်စွမ်းရှိသည်။

တစ်ခါတစ်ရံမှာ အောင်ပွဲ၏ချိန်ခွင်လျှာကိုတစ်ဖက်ပို့ဖို့အသေးစိတ်အချ က်တစ်ချက်ဘဲ လိုအပ်သည်။

သို့သော်, မြည်တမ်းခြင်းမြွေနဂါးနွယ်သည်အပင်အမျိုးအစားသား

ရဲဖြစ်သည်ကို မှတ်ထားရမည်၊
အများစုသောအပင်အမျိုးအစားသားရဲများကဲ့သို့
၎င်း၏လှုပ်ရှားမှုများ ကိုအလွန်ကန့်သတ်ထားသည်။

ဤသို့ဖြင့်သားရဲနှစ်ကောင်လုံးသည်
ဤပွဲကိုအနိုင်ရရန်မျှတသောအခွင့်အရေးရှိပုံရ သည်။

အကြေးခွံနက်ကျားသည်ရုတ်တရက်ဟိန်းလိုက်ပြီး၎င်း
၏မှင်ကဲ့သို့မဲနက်နေသော
အကြေးခွံများကိုပြင်းထန်စွာကွေးညွတ်ကာလျှို့ဝှက်ဆန်
းကြယ်သောအလင်းရောင်ဖြင့်
တောက်ပနေသော၎င်း၏ခြေသည်းများကိုထုတ်လိုက်သ
ည်။

အကြေးခွံနက်ကျား၏မျက်လုံးများသည်ယခုတွင်၎င်း၏ပြ
ိုင်ဘက်ကိုစူးစူးစိုက်စိုက် ကြည့်နေကြသည်၊
တစ်ခဏအတွင်းမှာပင် မြည်တမ်းခြင်းမြွေနဂါးသစ်ပင်၏
ကမ္ဘာကြီးကမှောင်မိုက်သွားခဲ့သည်။

အရင်အခိုက်အတန့်ကတောက်ပကာနေသာနေခဲ့တာဖြစ်သည်၊ နောက်တစ်ခဏ ကြာတော့, တိတ်ဆိတ်သောညကရင်း၏ပတ်လည်တွင်ဖြစ်ပေါ်လာကြသည်။

မြည်တမ်းခြင်းမြွေနဂါးသစ်ပင်သည်ယခုတွင်၎င်း၏အရှေ့ဝဂမီတာလောက်သာမြင်ရ သည်။

အမှောင်ထဲမှတောင်,ကျေား၏ရွံ့ရှာနေသောမျက်လုံးများကရင်း၏လှုပ်ရှားမှုတိုင်းကို
စောင့်ကြည့်နေသည်ကိုခံစားမိသည်၊
အမှန်မှာတော့,ဒါကမြည်တမ်းခြင်းမြွေနဂါး
သစ်ပင်ပေါ်တွင်သိပ်ပြီးသက်ရောက်မှုမရှိပေ,
၎င်းကနွေးထွေးသောနေရောင်အောက်၌
ရှိနေကြောင်းခံစားနေရပြီး,
ဒါကလည်းသူလိုအပ်တာဖြစ်သည်။

၎င်း၏ဆဲလ်တိုင်းသည်နေရောင်အောက်တွင်အရွက်များ
နေရောင်ဖြင့်အစာချက်ခြင်းကို
ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကာ,
သူ့ဘေးပတ်လည်မှာရှိသောအမှောင်သည်
အတုအယောင်ဖြစ်သည်ကိုလည်းသိသည်။

ပိုပြီးအရေးကြီးတာက,
၎င်းသည်၎င်း၏ပတ်ဝန်းကျင်ရှိအနီအောက်ရောင်ခြည်
ဖြာထွက်မှုကိုဖမ်းယူခြင်းဖြင့်အမှောင်ထုအားဖြတ်သန်း
သွားနိုင်သည်ကိုခံစားရသည်။

မြွေနဂါးသစ်ပင်၏မြွေနှင့်တူသောအကိုင်းအခက်များသ
ည် အကြေးခွံနက်ကျားကို အဝေးမှလှမ်းရိုက်လိုက်သည်။

၎င်း၏အကိုင်းအခက်များကကျား၏အကြေးခွံကိုထိသေ
ာအခါတွင်သတ္တုမြည်သံ ထွက်ပေါ်လာသည်၊
ကျားနက်သည်အနည်းငယ်ယိမ်းထိုးသွားပြီးနောက်တစ်ြ
ပြိမ်

ရှေ့သို့ဆတ်ကနဲလှမ်း၍ငင်း၏သွားများကိုသစ်ပင်၏အ ကိုင်းအခက်များအတွင်းသို့ ထိုးသွင်းလိုက်သည်။ သစ်ပင်၏အခေါက်မှဆွဲထုတ်လိုက်သောအခါတွင် အနီရောင်အရည်များသည်သွေးကဲ့သို့ဒဏ်ရာမှစီးကျက လာသည်။

အကြေးခွံနက်ကျားသည်ငင်း၏အရူးအမူးတိုက်ခိုက်မှုကို ဆက်လုပ်ဆောင်နေသည်၊ စက္ကန့်အနည်းငယ်အတွင်းတွင်ငင်းသည်နောက်ထပ်အ ကိုင်းအခက်ဆယ်ခုကို ကိုက်ခဲ့သည်။ မြည်တမ်းခြင်းမြွေနဂါးသစ်ပင်၏ကိုက်ခံရသောနေရာမျာ းမှထွက်လာ သည့်အနီရောင်အရည်များသည် အောက်ဘက်တွင်သွေးနီရောင်ဖွက်အိုင်ကဲ့သို့ ဖြစ်လာသည်၊ အချို့ကအကြေးခွံနက်ကျား၏အကြေးခွံပေါ်သို့ကျသွား သည်၊ အနံ့စူးရှရှကလေထုထဲတွင်စိမ့်ဝင်ပျံ့နှံ့လာသည်။

သို့သော်,၎င်းတွင်များပြားသောအကိုင်းအခက်များရှိသ
ည်၊ အကြေးခွံနက်ကျားသည်
သစ်ပင်ရှိအကိုင်းအခက်များကိုဆယ်ခုလောက်ဆုတ်ဖြဲ
ထားသည့်တိုင်
ရာဂဏာန်းလောက်ကထိုနေရာတွင်ပြန်၍ပေါက်ဖွားလာ
ပြသည်၊ အကြည်ရောင်
အရည်များကငင်း၏အကိုင်းအခက်အချို့ထွက်လာပြီး
ကျား၏ကိုယ်ပေါ်သို့ကျသွား
သည်။အကြေးခွံကျားနက်သည်၎င်းကိုသာမန်ကာလျှံက
ာဖြင့်လျစ်လျူရှုလိုက်ပြီး
သစ်ပင်၏အကိုင်းအခက်များကိုသာသနားညှာတာမှုကင်
းမဲ့စွာဖြင့်ရှန်းကန်ကာ ဟန့်တားလျက်ရှိသည်။

၎င်း၏တိုက်ခိုက်မှုများအားသစ်ပင်ကခုခံမှုအတွက်ဘာမှ
လုပ်တာကိုမြင်သောကြောင့်
အကြေးခွံနက်ကျားသည်တခြားနေရာတစ်ခုကိုတိုက်ခို

က်ရန်ရှာဖွေတော့သည်၊ ၎င်းက
ပတ်ပတ်လည်ရှိအကိုင်းအခက်များကိုလက်သည်းတစ်
ချောင်းဖြင့်ခုတ်ချလိုက်ကာ နောက်ပြန်ဆုတ်လိုက်သည်။

ခြေနှစ်လှမ်းမျှနောက်ပြန်ဆုတ်၍လှမ်းရသေးသော်လည်း
အကြေးခွံကျားဧ၏ခန္ဓာကိုယ်
မှရုတ်တရက်အစိမ်းရောင်မီးခိုးငွေ့များထွက်လာပြီးမှုးဝေ
လာသည်။

ကောင်းဖန်က၎င်း၏မျက်လုံးကိုကျဉ်းမြောင်းလိုက်သည်၊
၎င်း၏ရင်ဘတ်တစ်ဝိုက်ရှိ
အကြေးခွံများကတိုက်စားခံရပြီးသွေးစွန်းနေသောအသာ
းစများကိုသူမြင်နိုင်သည်။

"ကျားနက်, ဝေးဝေးသွား, မြန်မြန်"
ယွီကောကအရေးတကြီးပြောလိုက်သည်။

စာစဉ် ၁၆

အကြေးခွံနက်ကျားသည်နက်ရှိုင်းသောညည်းတွားသံကြီ
းကိုလွှတ်ထုတ်လိုက်ပြီး
သစ်ပင်ဆီမှနောက်သို့ခြေလှမ်းအနည်းငယ်လှမ်းရန်ကြိုး
စားသောအခါတွင်ယိမ်းယိုင် သွားသည်။

ကြည့်ရတာပြီးတော့မည့်ပုံဘဲ,
ကောင်းဖန်ကသက်ပြင်းချကာတွေးလိုက်သည်။

အကြေးခွံနက်ကျားသည်ယခုတွင်အားနည်းမှုခံစားနေရပြ
ီဖြစ်သည်၊ ကြာရှည်တိုက်ပွဲ
တစ်ခုအတွင်းမြည်တမ်းခြင်းမြွေနဂါးနှင့်၎င်း၏အရှိန်အ
ဟုန်ဖြင့်
ပြန်လည်အသစ်ဖြစ်ပေါ်ခြင်းစွမ်းရည်သည်တိုက်ပွဲကိုအခ
ျိန်ဆွဲစေသည်။

အကြေးခွံကျားနက်သည်
မြည်တမ်းခြင်းမြွေနဂါးသစ်ပင်အားနောက်တစ်ကြိမ်
တိုက်ရိုက်မချဉ်းကပ်ရဲတော့ပေ၊

ၞင်းကစတင်၍သစ်ပင်၏ပတ်လည်မှချောင်းမြောင်း နေပြီး,
ၞင်းကိုခုန်အုပ်ရန်တွက်အခွင့်ကောင်းကိုစောင့်နေသည်။

ရုတ်တရက်,
မျက်လုံးကဲ့သို့အပေါက်တစ်ခုကသစ်ပင်၏ဖောက်ခနဲပွင့် လာသည်၊

နောက်တစ်ခဏအတွင်းတွင်,
အပေါက်ထဲမှအရည်ကြည်တွေထွက်လာပြီးကျား၏ နှာခေါင်းအားပွတ်တိုက်သွားစေသည်။

အကြေးခွံနက်ကျားသည်နောက်ဆုံးတွင်မြေပြင်ပေါ်သို့ ကျလာသည်အထိတိုက်ပွဲသည်
အနည်းဆုံးတစ်နာရီကြာမြင့်ခဲ့သည်။

မြည်တမ်းခြင်းမြွေနဂါးသစ်ပင်သည်ကျားကိုဖြိုဖျက်ရန်ၞ င်း၏အက်ဆစ်သစ်ရည်ဖြင့်

တိုက်ခိုက်ရန်စိတ်ရှည်ရှည်ဖြင့်စောင့်ဆိုင်းနေခဲ့သည်။ စိတ်ရှည်သည်းခံမှုပြိုင်ပွဲတွင် တော့ငင်းကိုအနိုင်ယူနိုင်သည့်တစ်ခုတည်းသောအရာမှာ ကျောက်တုံးပင်ဖြစ်သည်။

မြည်တမ်းခြင်းမြွေနဂါးသစ်ပင်က....တစ်ခုခုဘဲ, ကောင်းဖန်ကတွေးလိုက်သည်။

ငင်း၏စိတ်ရှည်မှုကအမှန်တကယ်အထင်ကြီးလောက်သည်။ ငင်းကမုဆိုးကဲ့သို့ပင်, ငင်း၏သားကောင်ကသူ၏ထောင်ချောက်အတွင်းသို့ဝင်လာမည့်အချိန်ကို တည်ငြိမ်စွာဖြင့်စောင့်ဆိုင်းနေခဲ့သည်။

ယွီကောကိုပွဲကြည့်စင်မှအားပေးနေကြသူတိုင်းကသူ၏ရှုံးနိမ့်မှုအတွက် စိတ်ညစ်သွားကြသည်။

စာစဉ် ၁၆

တစ်ဖက်တွင်တော့ဘရန်ဒီသည်နားရွက်တက်ချိတ်တဲ့အ ထိပြုံးနေခဲ့သည်၊ ငါနိုင်ပြီ!

ငါကဟွားရှားရဲ့အသန်မာဆုံးကိုရှုံးအောင်လုပ်နိုင်ခဲ့ပြီ!

ထို့နောက်သူကကောင်းဖန်ကိုကြည့်လိုက်သည်....

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၈*

ကောင်းဖန်ကရုတ်တရက်သူ့အားကြည့်နေသည်ကိုအာရုံခံစားမိလိုက်သည်။

သူကလှည့်ကြည့်လိုက်တော့ဆံပင်ရွှေရောင်နှင့်ကောင်လေးကသူ့မျက်လုံးကိုတည့်တည့်ကြည့်နေသည်။

"မင်းကသန်မာတယ်၊ ငါတို့တစ်နေ့နေ့ပြိုင်ရလိမ့်မယ်လို့မျှော်လင့်ပါတယ်" ဘရန်ဒီက အင်္ဂလိပ်လိုနှိမ်ချစွာပြောလိုက်သည်။

အထက်တန်းကျောင်းတုန်းကအင်္ဂလိပ်စာအမှတ်ကောင်းကောင်းမရခဲ့တဲ့ကောင်းဖန်က,

စာစဉ် ၁၆

သူဘာပြောနေလဲဆိုတာကိုနားလည်အောင်ကြိုးစားနေရသည်။

ဒီလိုနေ့မျိုးဘယ်တော့မှရောက်မှာမဟုတ်ဘူးလို့သူပြန်ပြောရမယ်၊ သို့ပေမယ့်,
သူကိုယ်သူသာမကဟွားရှားနယ်မြေတစ်ခုလုံးကိုကိုယ်စားပြုသည်ဟုတွေးလိုက်ရင်း
ရိုးရှင်းစွာပြုံးလိုက်ကာတရုတ်လိုပြောလိုက်သည်,
“မင်းရဲ့ဂုဏ်သိက္ခာကို
အရင်အတိုင်းမပျက်အောင်ကြိုးစားထိန်းပေးပါ့မယ်”

ကောင်းဖန်အတိုင်း,
ဘရန်ဒီကလည်းကောင်းဖန်ပြောသည်ကိုနားမလည်ပေ၊
သူသည်
ကောင်းဖန်၏အပြုံးမှသူ့ကိုချီးကျူးသည်ဟုရိုးရှင်းစွာယူဆလိုက်သည်၊

ဟွားရှားနယ်ပယ်ကလူတွေကအလွန်ချစ်စရာကောင်းသ
ည်ဟုသူထင်သည်။

"ငါအကောင်းဆုံးကြိုးစားပါ့မယ်!"
ဘရန်ဒီကပျော်ရွှင်စွာဖြင့်ပြောလိုက်သည်။

ကောင်းဖန်ကသူ့ကိုနားမလည်နိုင်သလိုကြည့်လိုက်သည်
၊ ဘာကြီး?

ဘရန်ဒီနှင့်ပွဲကိုရှုံးပြီးနောက်,
ယွီကောကသူ့လက်နှစ်ဖက်စလုံးကိုတင်းတင်းကြပ်ကြပ်
ဆုပ်ထားလိုက်သည်၊
ထိုအချိန်တွင်သူမည်သို့ခံစားနေရသည်ကိုစဉ်းစားကြည့်
နိုင်သည်၊

ပြိုင်ပွဲ၏ဒုတိယအကြိမ်အတွက်
မဲနှိုက်ခြင်းလုပ်ငန်းစဉ်ကိုစတင်တော့မည်ဖြစ်သည်။

စာစဉ် ၁၆

ကောင်းဖန်သည်ထွက်ပေါက်ဆီသို့စတင်လျှောက်လာခဲ့သည်၊ ယွီကော၏တုန်လှုပ်ခြောက်ခြားနေသောအသွင်အပြင်ကိုမြင်လိုက်သောအခါတွင် သူတစ်ခဏမျှတုန့်ဆိုင်း သွားသည်၊ နောက်ဆုံးတော့, ထိုသူ့နောက်ကိုလိုက်သွားလိုက်သည်။

ယွီကောကသူ့နောက်မှခြေသံကိုကြားသောအခါ၌ သူလမ်းလျှောက်နေသည့်အရှိန်ကို လျှော့လိုက်သည်၊ “ငါရှုံးသွားတယ်၊ ဒါအကုန်ဘဲ၊ အကယ်၍မင်းငါ့ကိုနှစ်သိမ့်ချင်တယ်ဆိုရင်တော့, မင်းစိတ်ချလို့ရတယ်၊ ငါမလိုအပ်ဘူး” ယွီကောကပြောလိုက်သည်။

“ကျွန်တော်ကခင်ဗျားကိုနှစ်သိမ့်ဖို့မဟုတ်ဘူး၊ ဒါနဲ့, ခင်ဗျားအမေကသွေးအရိပ်သားရဲအမဲလိုက်သူအဖွဲ့အစည်းကခေါင်းဆောင်မဟုတ်လား?” ကောင်းဖန်က ပြောလိုက်သည်။

ယွီကောကလှည့်ကြည့်လိုက်ပြီးကောင်းဖန်ကိုသတိကြီးစွာဖြင့်စိုက်ကြည့်လိုက်သည်၊ “သူမကရော?”

“ကျွန်တော်သူမနဲ့တစ်ခုခုဆွေးနွေးစရာရှိတယ်”

ယွီကောကကောင်းဖန်ကိုယောင်ဝါးဝါးခေါင်းညိတ်ပြလိုက်ပြီး, ဘာအကြောင်းလည်း
ဆိုတာမသေမချာဖြစ်နေသည်။

“ခင်ဗျားနဲ့ဘရန်ဒီရဲ့ကြားထဲကကွာခြားချက်ကဘာမှန်းသိလား?” ကောင်းဖန်ကအပြုံး နှင့်မေးလိုက်သည်။

ယွီကောကမေးခွန်းကိုစဉ်းစားရင်းမျက်မှောင်ကြုတ်လိုက်သည်၊ “ငါကသူထက် အတွေ့အကြုံနည်းတယ်၊
ငါ့ရဲ့ကျားနက်ကအရမ်းကမူးရှူးထိုးလုပ်တတ်တယ်၊
ဒီလိုမလုပ်ခင်သားရဲရဲ့စွမ်းရည်ကိုအရင်စမ်းသပ်သင့်….”

## စာစဉ် ၁၆

"မဟုတ်ဘူး, အဲ့တာမဟုတ်ဘူး၊ ခင်ဗျားအဲ့တာကိုစဉ်းစားမရဘူးနဲ့တူတယ်" ကောင်းဖန်ကပွင့်ပွင့်လင်းလင်းပြောလိုက်သည်။

"ခင်ဗျားသားရဲရဲ့အဆင့်အတန်းကသူ့သားရဲထက်တစ်ဆင့်နိမ့်တယ်! သူ့ရဲ့ မြည်တမ်းခြင်းမြွေနဂါးသစ်ပင်ကခင်ဗျားရဲ့ပြီးပြည့်စုံသောအဆင့်အတန်းအကြေးခွံနက်ကျားထက်မြင့်တဲ့ထူးခြားအဆင့်အတန်းသားရဲဘဲ"

အကယ်၍တစ်စုံတစ်ယောက်ကယွီကောအားထိုသို့လာပြောမည်ဆိုလျှင် သူကအံကြိတ်ပြီးထွက်သွားလိုက်မည်ဖြစ်သည်။ ဒါပေမယ့်သူ့ကိုပြောနေတဲ့သူက ကောင်းဖန်ဖြစ်သည်၊ ယွီကောကသူ့စကားများကိုစတင်တွေးတောနေတော့သည်။

## စာစဉ် ၁၆

“အထူးအဆင့်အတန်းသားရဲက

သာမန်အဆင့်အတန်းသားရဲနှစ်ကောင်ကိုကိုင်တွယ်

နိုင်လိမ့်မယ်,

ပြီးပြည့်စုံသောအဆင့်အတန်းသားရဲကအထူးအဆင့်အ

တန်းသားရဲ

နှစ်ကောင်သုံးကောင်ကိုကိုင်တွယ်နိုင်လိမ့်မယ်၊

အခြားတစ်ဖက်မှာလည်း

ထူးခြားအဆင့်အတန်းသားရဲတစ်ကောင်ကပြီးပြည့်စုံခြင်

းအဆင့်အတန်းရှိတဲ့သားရဲ

နှစ်ကောင်ကနေငါးကောင်ထိအလွယ်တကူဖြေရှင်းနိုင်

တယ်” ကောင်းဖန်က ရှင်းပြလိုက်သည်။

“ဘရန်ဒီရဲ့သားရဲကအပင်အမျိုးအစားသားရဲ,

ဆိုလိုတာကတစ်ကောင်ချင်းတိုက်တာ

သူ့ရဲ့ထူးခြားမှုမဟုတ်ဘူး၊ ဒါပေမယ့်,

ထူးခြားအဆင့်အတန်းဖြစ်တဲ့ မြည်တမ်းခြင်း

မြွေနဂါးသစ်ပင်ထက်နိမ့်တဲ့
ခင်ဗျားရဲ့အကြေးခွံနက်ကျားကသူ့ကိုထိန်းထားဖို့
စီမံနိုင်တုန်းဘဲ!"

ယွီကောကဒါတွေအားလုံးကိုကြားလိုက်ရပြီးကြောင်အေ
ေသည်၊ မြည်တမ်းခြင်း
မြွေနဂါးသစ်ပင်က...ထူးခြားအဆင့်အတန်းသားရဲ?
ဒါကြောင့်ဘရန်ဒီက
ငါ့ရဲ့အကြေးခွံနက်ကျားနဲ့ရင်ဆိုင်ဖို့အပင်အမျိုးအစားသာ
းရဲကိုလွှတ်လိုက်တာပေါ့။

အပင်အမျိုးအစားသားရဲတွင်အဝေးတိုက်ခိုက်သူများ၏မ
ျက်နှာတွေကိုလွှဲရှောင်ရုံမျှ
မကရင်းတို့၏ရွေ့လျားသွားလာနိုင်စွမ်းကိုပါကန့်သတ်ထ
ားသည်ဟု နာမည်ဆိုဖြင့် ကျော်ကြားသည်၊
ရင်းတို့ထဲမှအများစုသည်မီးအမျိုးအစားသားရဲများနှင့်

ရင်ဆိုင်ရန်လွန်ကဲသောအားနည်းချက်တစ်ခုသာဖြစ်သည်။

"ခင်ဗျားရဲ့အကြေးခွံနက်ကျားကထူးခြားအဆင့်ရောက်သွားရင် မြည်တမ်းခြင်းမြွေနဂါး သစ်ပင်ကသူ့ရဲ့ခြေလက်တွေကိုအသစ်ပြန်ထုတ်ဖို့အချိန်မရသေးခင်မှာ မြွေနဂါးသစ်ပင်ကိုအပိုင်းပိုင်းဖြတ်ပစ်ဖို့လိုအပ်တဲ့အရှိန်နဲ့စွမ်းအားတွေရှိလိမ့်မယ်။

"ငါသိပြီ" ယွီကောကခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရဲ့အကြေးခွံနက်ကျားကိုတိုးမြှင့်တဲ့နည်းလမ်း ကျွန်တော်မကြာသေးခင်ကမှ ရှာတွေ့ခဲ့တယ်" ကောင်းဖန်ကယွီကော၏ပုခုံးကိုပုတ်ပြီးပြောလိုက်သည်၊ သူကလှည့်ထွက်သွားပြီး, "နောက်တစ်ဆင့်တက်ဖို့အဆင်သင့်ဖြစ်ရင်ကျွန်တော့်ကို

ပြောပါ၊ ဒါတွေအားလုံးပြီးသွားရင် ခင်ဗျား,ကျွန်တော့်ကိုလာရှာလို့ရတယ်။

ယွီကောကကောင်းဖန်ကိုမယုံနိုင်ခြင်းများဖြင့်စိုက်ကြည့်နေတော့သည်။

....

ကောင်းဖန်သည်ဒိုင်လူကြီးများ၏နားနေခန်းသို့ပြန်လာပြီး ဆိုဖာဘေးရှိရေသန့်ဘူးမှ ရေများကိုတစ်ခွက်လောက်ထည့်လိုက်သည်။

"မနေ့ကသတင်းကမင်းအကြောင်းတွေကြည့်ဘဲ၊ မင်းကအရမ်းကျော်ကြားနေပြီ, ကလေး" ဆိုဖာပေါ်မှလီယွီကပြောလိုက်သည်။

"ခဏလောက်ပါဘဲဗျာ၊ ပြိုင်ပွဲကြီးကနေထွက်သွားရင်အကုန်လုံးကမေ့သွားကြမှာပါ" ကောင်းဖန်ကပြောလိုက်သည်၊

သူ၏တစ်ခါသုံးခွက်ကိုချလိုက်ပြီး, အိတ်ကပ်ထဲမှ ဖုန်းကိုယူလိုက်ကာ, သူဒေါင်းလုတ်လုပ်ထားသည့်အက်ပလီကေးရှင်းကိုဖွင့်လိုက်သည်၊

လီယွိကပြုံးလိုက်သည်၊ သူကလူငယ်လေးကိုစနေတာဖြစ်သည်၊ အမှန်တော့, ဒါကသူ့ကိုအနှောက်အယှက်မဖြစ်စေပေ၊ ကျော်ကြားမှုကိုဂရုပင်မစိုက်နိုင်အောင် သူကအသက်ကြီးပြီဖြစ်သည်။

"တဲ့ဇီ မင်းဘာလုပ်နေတာလဲ?!" ကောင်းဖန်ကရုတ်တရက်ဖုန်းကိုအော်လိုက်သည်၊

လီယွိကကောင်းဖန်ကိုအထိတ်တလန့်ဖြင့်ကြည့်လိုက်သည်။

ထိုအခိုက်အတန့်၌,

တာ့ဇီကလေ့ကျင့်ရေးကွင်းတွင်နေပူထဲ၌ပျင်းရိစွာဖြင့်နေပူဆာ လှုံနေသည်၊

သခင်၏အသံကိုကြားသောအခါ,ခြေထောက်များကိုလှုပ်ယမ်း၍စူးစမ်းစွာ

ဖြင့်၎င်း၏ပတ်ဝန်းကျင်ကိုလိုက်ကြည့်နေသည်၊

ကောင်းဖန်ကဒီမှာလား?

တာ့ဇီကလျင်မြန်စွာဖြင့်ထိုအတွေးကိုပယ်ချလိုက်သည်၊

ဒါကမဖြစ်နိုင်ဘူး၊ သူ့ကို

ကိုက်၁ဂဂအကွာလောက်ကနေငါကအနံ့ခံနိုင်တာဘဲ၊

သူငါ့ကိုချောင်းဖို့အခွင့်အရေး မရှိပါဘူး၊

ငါအတွေးလွန်နေတာဖြစ်မယ်။

၎င်းကသူ၏နေပူဆာလှုံနေမှုကိုပြန်၍စတင်လိုက်သည်၊

အဝါရောင်ခြေသည်းများက

စာစဉ် ၁၆

သူ့ဗိုက်ကိုချက်ကနဲညင်သာစွာပွတ်လိုက်ပြီး၊
ကျည်ကျည်ကျာကျာအသံကိုထုတ်လွှတ် လိုက်သည်၊

ငါဒီမှာရှိနေတဲ့အချိန်၊
နေရောင်အောက်မှာလှဲနေတဲ့အချိန်,ကောင်းဖန်က
ငါ့ကိုကျွေးမွေးဖို့အလုပ်သွားရသေးတယ်,တခ့ဇီကတွေး
လိုက်သည်၊ သနားစရာ
ကောင်းလိုက်တဲ့ကောင်းရှောင်ဖန်၊
အလုပ်လုပ်ရတာသူ့အတွက်ပင်ပန်းလိမ့်မယ်။

ကောင်းဖန်က
သူ့ဖုန်းထဲရှိတခ့ဇီ၏အိပ်နေသည့်ပုံကိုကြည့်ရင်း
အေးစက်စွာပြုံးလိုက် သည်။

နည်းပညာစွမ်းရည်တွေကိုလျှော့မတွက်သင့်ဘူး,
သူကတွေးလိုက်သည်။

## စာစဉ် ၁၆

“မင်းကတစ်ချိန်လုံးတက်ကြွမှုမရှိတာငါသိပြီးနေပြီ၊ ငါမင်းကိုအမှားပြင်ဆင်နိုင်ဖို့ အခွင့်အရေးပေးတယ်, ဒါပေမယ့်မင်းအတွက်အရမ်းကိုမလွယ်ဘူးဆိုတော့, ငါမင်းရဲ့လေ့ကျင့်မှုပုံမှန်လုပ်ငန်းစဉ်ထက်နောက်ထပ်အ
ြိမ်တစ်ထောင်လောက်
ထပ်ထည့်ပြီးအပြစ်ပေးရတော့မှာဘဲ”
ကောင်းဖန်ကပြောလိုက်သည်။

တဲ့ဇီကနိုးလာပြီးလေထဲတွင်ပျံသန်းကာ, ကောင်းဖန်၏ပုံရိပ်ကိုအရူးအမူးရှာဖွေ တော့သည်။

“ငါရူးတော့မှာဘဲ! သူဘယ်မှာလဲ?!”

***

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၄၉*

“ငါမင်းကိုဒီတစ်ချိန်လုံးကြည့်နေခဲ့တာ၊ မင်းငါ့ဆီကနေပုန်းလို့မရဘူး” ကောင်းဖန်၏ အသံကထွက်လာသည်၊ ၎င်းသည်လေ့ကျင့်ရေးကွင်း၌သူတပ်ဆင်ထားသော စောင့်ကြည့်ကင်မရာများထဲမှတစ်ခုကနေထွက်လာခြင်းဖြ ြစ်သည်။

တာ့ဇီကနောက်ဆုံးတွင်ကောင်းဖန်၏အသံဘယ်ကလာ လဲဆိုတာသိသွားပြီဖြစ်သည်။

“ကောင်းဖန်, ငါရှင်းပြပါရစေ_”တာ့ဇီကကြောက်စိတ်ဝင်ကာပြောလို က်သည်၊

“ဒါကိုဘယ်လိုလုပ်ဖို့ရည်ရွယ်ထားလဲ?”
ကောင်းဖန်ကအေးစက်စွာဖြင့်ပြောလိုက် သည်၊

“ငါ–ငါ…”
တာ့ဇီကအကြောင်းပြချက်ကောင်းကိုတွေးတောရင်းအထစ်ထစ်အငေါ့ငေါ့ ဖြင့်ပြောလိုက်သည်။

“ငါမင်းကိုတကယ်ကြိုက်တယ်!”
၎င်းကနှုတ်ကနေလွှတ်ကနဲထွက်သွားသည်။

ငါ့အပေါ်ကိုအဲ့တာကအလုပ်ဖြစ်မယ်လို့တကယ်ထင်နေတာလား? ကောင်းဖန်က
မျက်မှောင်ကြုတ်ကာတွေးလိုက်သည်။

“ဒီတစ်ခုကိုတော့လျှော့လိုက်မယ်”
ကောင်းဖန်ကပြောလိုက်သည်၊ “ဒီနေ့ ၁၀,၀၀၀ သတ်မှတ်ထားတာအကုန်ပြီးအောင်လုပ်၊ ငါမင်းကိုမျက်စိဒေါက်ထောက်ကြည့်နေ မယ်”

## စာစဥ် ၁၆

ကောင်းဖန်ကတစ်နေ့လုံးငါ့ကိုကြည့်နေမှာလား?တာ့ဇီကတွေးလိုက်သည်၊ ဒါကသိပ်ပြီးတော့မဖြစ်နိုင်ဘူးနော်။

ကောင်းဖန်ကကင်းခြေများကိုပြစ်တင်ကြိမ်းမောင်းပြီးအခန်းထဲရှိတီဗွီကိုကြည့်ကာ သူ့ဖုန်းကိုပိတ်လိုက်သည်၊ ပြိုင်ပွဲ၏ဒုတိယအကြိမ်အတွက်မဲနှိုက်ခြင်းလုပ်ငန်းစဉ်ကိုထိုအချိန်တွင်တိုက်ရိုက်ထုတ်လွှင့်နေတာဖြစ်သည်။

ဟွားရှား၏နံပါတ်တစ်ပြိုင်ပွဲဝင်ယွီကောသည်ပြိုင်ပွဲမှထုတ်ပယ်ခံလိုက်ရသော်လည်း

ကျန်အဖွဲ့သားများကတော့ကောင်းမွန်စွာစွမ်းဆောင်နိုင်ခဲ့သည်။

ပြိုင်ပွဲဝင်၁၂ဦးအနက်ရှစ်ဦးသည်ဒုတိယအကျော့သို့တက်လှမ်းနိုင်ကြသည်၊

ယွီကောနှင့်ဟန်လဲ့အပါအဝင်
ဒိုင်လူကြီးအဖြစ်သူတာဝန်ယူခဲ့သည့်ပြိုင်ပွဲအားလုံး
ရှုံးနိမ့်ခဲ့သည်ကိုသူသတိထားမိသည်၊

သူကရုတ်တရက်စိတ်မကောင်းဖြစ်သွားရသည်၊
ငါ့ရဲ့အံ့သြဖွယ်ကောင်းနေမှုကြီးက
သူတို့အပေါ်ကိုအရမ်းကြီးဖိအားပေးသလိုကြီးဖြစ်နေသ
လား? ကောင်းဖန်က
တကယ်ဘဲသူတို့ကိုယ်သူတို့အတူတကွတွဲသင့်သည်ဟု
တွေးမိသည်။

ဒုတိယအကြိမ်တွင်ပြိုင်ပွဲဝင်စုစုပေါင်း၃၂ဦးပါဝင်ခဲ့သည်။
ဟွားရှားနယ်ပယ်အဖွဲ့သည်
ထိုအရေအတွက်၏လေးပုံတစ်ပုံလောက်ရှိအောင်လုပ်နိုင်
ခဲ့သည်၊ သူတို့၏အနီရောင်
ယူနီဖောင်းနှေကကွင်းပြင်၌ထူးခြားစွာပေါ်လွင်နေသည်၊
အခြားနယ်ပယ်များမှ

စာစဉ် ၁၆

ပြိုင်ပွဲဝင်အချို့သည်ယခုအခါ၌ပဲ့ဟွားရှားအဖွဲ့အား
လေးစားမှုရောနှောပါဝင်နေသလို ကြည့်နေကြသည်။

ပထမအကြိမ်ကဲ့သို့ဒေသတစ်ခုတည်းမှပြိုင်ပွဲဝင်များသ
ည်တစ်ဦးနှင့်တစ်ဦးတစ်ဖွဲ့
တည်းနေရတော့မည်မဟုတ်ပေ။

မဲနှိုက်ခြင်းလုပ်ငန်းစဉ်ပြီးဆုံးသောအခါတွင်
ပြိုင်ပွဲဝင်အားလုံးသည်၎င်းတို့၏အနားယူ
ခန်းသို့ပြန်ခဲ့ကြသည်၊

ပြိုင်ပွဲ၌ဘာတွေဖြစ်လာမလဲဆိုတာဘယ်သူမှမပြောနိုင်ေ
ေ၊ ပထမအချီမှာလူတွေက
ထိပ်ဆုံးတွင်ပါမည်ဟုထင်ထားသူတွေကရှုံးသွားခဲ့ပြီး
ဘယ်သူကမှမဖြစ်နိုင်ဘူးလို့
တွေးထားသူတွေကအောင်ပွဲခံလာတာကြောင့်လူတိုင်း
ကိုအံ့အားသင့်စေခဲ့သည်။

အထူးသဖြင့်အရှေ့တောင်အာရှနှင့်အာဖရိကဒေသများမှပြ ပြိုင်ပွဲဝင်များအတွက် ဤသည်ကမှန်ကန်သည်၊ ဖွံ့ဖြိုးတိုးတက်မှုနည်းသောဒေသများမှသူများသည် အင်အားကြီးမားသောကိုယ်ပိုင်သားရဲများကိုမွေးမြူနိုင်မ ည်မဟုတ်ဟု လူအများစုက ထင်မြင်ယူဆကြသည်။

သို့သော်လည်းယခုအချိန်အထိနယ်ပယ်နှစ်ခုလုံးသည် ကြီးမားသောရိုက်ချက်ကြီးဖြင့် အမြင်မှန်ရစေသည်။

နယ်ပယ်နှစ်ခုလုံးမှအကျွမ်းတဝင်သားရဲများသည်လည်း အတော်လေးရက်စက်ပုံ ပေါက်သည်။ ဤသည်မှာအညီအမျှကြမ်းတမ်းနေသောပတ်ဝန်းကျင်၌ သူတို့ရရှိခဲ့သည့်ကြမ်းတမ်းသောလေ့ကျင့်မှုများကြောင့်ဖြ ြစ်နိုင်သည်။

နယ်ပယ်နှစ်ခုလုံးမှပြိုင်ပွဲဝင်၁၃ဦးလောက် ဒုတိယအကြိမ်ကိုတက်နိုင်ခဲ့ကြသည်။

စာစဉ် ၁၆

“အရှေ့တောင်အာရှဒေသကပြိုင်ပွဲဝင်တွေနဲ့သားရဲတွေ အတော်လေးရက်စက်ပုံ ရတယ်”
လီယွိကပြောလိုက်သည်။

“ကျွန်တော်ကခွန်ကျိုးက၊
အရှေ့တောင်အာရှနဲ့အတော်လေးနီးတယ်,ပြီးတော့,
ငါပြောမယ်,
သူတို့ကအချင်းချင်းပြိုင်ပြီးသူတို့ရဲ့သားရဲတွေကိုလေ့ကျင့်ပေးကြတာတဲ့”
ဆိုဖာတစ်ဖက်တွင်ထိုင်နေသည့်တတိယဒိုင်,ကုချင်းရှန်ကပြောလိုက်သည်၊

“တကယ်ကြီး?”

“အေး၊ ကမ္ဘာသစ်မဟာမိတ်အစိုးရဖွဲ့စည်းချိန်တုန်းက
အရှေ့တောင်အာရှနိုင်ငံတွေ
အားလုံးကိုနယ်ပယ်တစ်ခုတည်းအဖြစ်ပေါင်းစည်းခဲ့တယ်လေ၊ ကပ်ဆိုးကြီးရဲ့ အစောပိုင်းကာလမှာ

ကလေးတွေအများကြီးသူတို့ရဲ့မိဘတွေကိုဆုံးရှုံးခဲ့ကြတယ်၊

အဲဒီမိဘမဲ့ကလေးတွေကိုအစိုးရကလေ့ကျင့်ရေးစခန်းတွေမှာထားတယ်၊ သူတို့အရွယ်ရောက်လာတဲ့အခါကျရင် အစိုးရကသူတို့ထဲကတစ်ချို့ကိုသူတို့ရဲ့ ကိုယ်ပိုင်သားရဲတွေပေးလိုက်ပြီး, အဲ့နောက်မှာသူတို့ထဲကတစ်ယောက်တည်း မကျန်မချင်းတိုက်ထုတ်ခိုင်းကြတယ်…”

“အဲ့ဒီလူ့အခွင့်အရေးအဖွဲ့အစည်းအားလုံးကိုအစိုးရကနေဝေဖန်ကြတာမဟုတ်ဘူး လား?” လီယွိကအံ့သြစွာပြောလိုက်သည်။

“မဟုတ်ဘူး” ကုချင်းရှန်ကပြောလိုက်သည်၊ “မိဘမဲ့တွေထဲအများစုကအဲ့တာအတွက် ကိုယ်တိုင်ဆန္ဒအလျောက်လက်မှတ်ရေးထိုးကြရတယ်၊ အစိုးရရဲ့လေ့ကျင့်ရေးတပ်ရင်း

ကနေအသက်ရှင်လျက်နဲ့လွတ်မြောက်တဲ့လူ
ဘယ်သူ့ကိုမဆို အရှေ့တောင်အာရှမှာ
ရှိတဲ့လူ့အဖွဲ့အစည်းအထက်ပိုင်းကိုဝင်ရောက်ခွင့်ပေးတ
ယ်၊ သူ ဒါမှမဟုတ် သူမတို့က ငွေမှအစ
အမျိုးသမီးတွေအဆုံးအရာအားလုံးကိုရနိုင်တယ်လို့အာ
မခံချက်ပေးထား တယ်၊
သူတို့မှာရွေးချယ်စရာသိပ်ရှိမယ်လို့မထင်ဘူး၊
မပါဝင်ဖို့ရွေးချယ်မယ်ဆိုရင်
သူတို့ကသေဖို့ကျန်နေခဲ့ရမှာဘဲလေ”

ထို့နောက်,ကုချင်းရှန်ကသက်ပြင်းချကာထပ်ပြောလိုက်
သည်, “ဒီပြိုင်ပွဲဝင်တစ်ချို့က
သူတို့အခုရောက်နေတဲ့နေရာကိုရောက်ဖို့တစ်ခြားသူတွေ
ရဲ့အလောင်းတွေကို
ကျော်တက်ရမယ်ဆိုတာမင်းမသိမချင်း
အဲ့တာတွေအားလုံးကအထင်ကြီးစရာတွေဘဲ၊

စာစဉ် ၁၆

နောက်ပြီးဟွားရှားနယ်ပယ်ကသားရဲလေ့ကျင့်သူတော်ေ
ော်များများကသူတို့ရဲ့
လေ့ကျင့်ရေးစခန်းတွေမှာပါဝင်ဖို့အရှေ့တောင်အာရှဒေ
သထဲကိုဝင်ကြတယ်လို့လဲ ကြားတယ်၊”

ကောင်းဖန်သည်ကုချင်းရှန်၏စကားများကိုစတင်စဉ်းစာ
းခဲ့သည်၊ သူသည်
သားရဲရှိသူများကိုသားရဲအဆင့်အတန်းများလျင်မြန်စွာ
တိုးမြင့်ပေးရန်အတွက်
အသေးစိတ်အချက်အလက်အနည်းငယ်ဖြင့်သူ့အိမ်တွင်
အလားတူလေ့ကျင့်ရေးစခန်း
တစ်ခုကိုထူထောင်နိုင်သည်။

သို့သော်,
သူ့အဘိုးနှင့်ဒီကိစ္စကိုဆွေးနွေးဖို့ရှိနေသေးသည်။
…

ပြိုင်ပွဲ၏ဒုတိယအကြိမ်တွင်
ပြိုင်ပွဲဝင်တိုင်းသည်၎င်းတို့၏သားရဲများအားလုံးကို
ကွင်းပြင်သို့စေလွှတ်ခဲ့သည်။

အကျွမ်းတဝင်သားရဲဦးရေကို ကန့်သတ်ထားခြင်းမရှိဘဲ
ချုပ်ဆိုခဲ့သောသွေးစာချုပ် အရေအတွက်သည်
တစ်ဦး၏စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအတွက်
သက်သေခံချက် ဖြစ်တာကြောင့်ဖြစ်သည်။

နေ့လည်ပိုင်းတွင်ပရိတ်သတ်များနှင့်ပြိုင်ပွဲဝင်များစားေ
ောက်ပြီးအနားယူရန် နာရီဝက်ကြာအနားပေးခဲ့သည်။

သားရဲလေ့ကျင့်သူအဖွဲ့ချုပ်သည်ကောင်းဖန်နှင့်တခြားဒို
င်လူကြီးများအတွက်
အစားအသောက်များထောက်ပံ့ပေးခဲ့သည်၊
၎င်းတို့၏အစားအသောက်များမှာ
အရည်အသွေးမြင့်သားရဲအသားများနှင့်
ထူးခြားဆန်းပြားသည်သစ်သီးဝလံများပါဝင် ကြသည်။

စာစဉ် ၁၆

ကောင်းဖန်သည်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း
တဲ့ဇီ၏လေ့ကျင့်ခန်း
လုပ်ငန်းစဉ်တိုက်ရိုက်ထုတ်လွှင့်မှုကိုကြည့်ကာ
သူ့ပါးစပ်ထဲသို့အသားများထည့်ကာ
စားသောက်နေသည်။

စားသောက်ပြီးသောအခါတွင်ကောင်းဖန်သည်အချိန်ကို ကြည့်လိုက်သည်၊ ကွင်းပြင်ကို
ထွက်မည့်ပထမဆုံးဒိုင်မှာလီယွိဖြစ်ပြီး,
ကုချင်းရှန်နှင့်နောက်ဆုံးကတော့ကောင်းဖန် ဖြစ်သည်၊
ဆိုလိုသည်မှာကောင်းဖန်သည်ခဏတာတစ်ရေးတစ်မော
အိပ်ဖို့အချိန်ကျန်ရှိ သေးသည်။

“တတိယပွဲကတော့အရှေ့တောင်အာရှက ဂန်းမူနဲ့
ဗြိတိန်နယ်ပယ်ကလူးကတ်စ် တို့ဘဲဖြစ်ပါတယ်။”

ဂိတ်တခါးများကဖြည်းညင်းစွာပွင့်လာကြသည်၊
လူးကတ်စ်သည်သူ့နောက်တွင်

သားရဲနှစ်ကောင်နှင့်အတူထောင့်တစ်ဖက်မှကွင်းပြင်ထဲသို့ဝင်လာသည်။ သူ၏ဘယ်ဘက်တွင်တော့, ၁၃ပေရှည်ပြီးငွေရောင်အမွေးများသည်လက်မောင်းများနှင့် ကျောရိုးများ၌စီထားသော လူဝံတစ်ကောင်ဖြစ်သည်၊ သူ့ညာဘက်တွင် ရွှံနွံအမျိုးအစား သားရဲလျှောတိုက်ထွက်လာသည်။

တစ်ခြားဂိတ်တစ်ခုမှအဝါရောင်အမွေးများဖုံးလွှမ်းထားေ ေကြီးမားသည့်သားရဲကြီး ထွက်ပေါ်လာသည်၊ သူ့ကဝိုင်းစက်နေတဲ့မျက်လုံးကြီးတွေနဲ့ စိတ်လှုပ်ရှားစွာဖြင့် ပတ်ဝန်းကျင်ကိုကြည့်နေသည်။ ၎င်း၏ဦးခေါင်းကၡင်းခန္ဓာကိုယ်၏ သုံးပုံတစ်ပုံခန့် ရှိသည်။

အနည်းငယ်ညိုညစ်ညစ်အသားအရောင်နှင့်ထူထဲသော လှိုင်းတွန့်ဆံပင်ရှိသော ကောင်လေးတစ်ယောက်သည်သူ့ဘေးရှိအရာကိုညင်သာ

စာစဉ် ၁၆

စွာဖြင့်ပွတ်သတ်လိုက်သည်၊ “စိတ်အေးအေးထား, မား၊ ငါတို့ဒါပြီးသွားတာနဲ့ မင်းအနှစ်သက်ဆုံးအစားအစာဖြစ်တဲ့ ပုရစ်တွေကိုငါကျွေးမယ်”

***

စာစဉ် ၁၆

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၅၀*

ပရိတ်သတ်များသည်
အရှေ့တောင်အာရှမှပြိုင်ပွဲဝင်ကတီးတိုးပြောသည့်စကား
များကို မကြားနိုင်ပေ။

သူ့သခင်၏တည်ငြိမ်သောအသံကိုကြားသောအခါတွင်,
ကြီးမားသောမျက်လုံးများ
ရှိသည့်သားရဲသည်သိသိသာသာပင်စိတ်အေးသွားတော့
သည်။

ဂန်းမူကသူ၏ကြီးမားသောမိုးသစ်တောကင်းမြီးကောက်
ကိုလည်းသူနှင့်အတူတူ ခေါ်ဆောင်လာခြင်းဖြစ်သည်။
၎င်းကပထမအကြိမ်တွင်သအသုံးပြုခဲ့သည့်မိုးသစ်တော
ကင်းမြီးကောက်နှင့်အတူတူပင်ဖြစ်သည်။

စာစဉ် ၁၆

[မကောင်းဆိုးဝါးအမည်]-ကြီးမားသောTarsier

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၃၃

[မကောင်းဆိုးဝါးအဆင့်အတန်း]-
ပြီးပြည့်စုံသောအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]-သစ်သား

[ထူးခြားသောသွင်ပြင်လက္ခဏာများ]-
ဦးခေါင်းခွံကြီးမားခြင်း

(တုန်လှုပ်မှုမရှိသောသက်ရောက်မှု၁-
၎င်းကဦးခေါင်းခွံကြီးမားခြင်း၏ကျေးဇူးကြောင့်,
၎င်းကိုမယုံကြည်နိုင်လောက်သောစိတ်စွမ်းအင်နှင့်အရာ
ဝတ္ထုများကိုရွှေ့လျားစေနိုင်ခြင်းစွမ်းအားဖြင့်ထောက်ပံ့ပေ
ေးထားသည်။

သက်ရောက်မှု၂–
၎င်း၏ကြီးမားသောဦးခေါင်းခွံသည်ဉာဏ်ရည်အားနည်း
သော အဆင့်နိမ့်သားရဲများကိုထိန်းချုပ်နိုင်စေသည်။)

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]–
မြှင့်တင်ထားသောစိတ်စွမ်းအင်အဆင့်၂

[မကောင်းဆိုးဝါးအားနည်းချက်]–
၎င်းသည်ထက်မြက်သောစိတ်ရှိသော်လည်း
ကြီးမားသောTraiser
သည်အလွန်အားနည်းသောခန္ဓာကိုယ်ရှိသည်။

–

[မကောင်းဆိုးဝါးအမည်]–မိုးသစ်တောကင်းမြီးကောက်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၉

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

စာစဉ် ၁၆

[မကောင်းဆိုးဝါးစွမ်းရည်]-ရေ

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]-
ခိုင်မာသောကျောရိုးအဆင့်၁

[မကောင်းဆိုးဝါးအားနည်းချက်]-မြေကြီး

ကောင်းဖန်ကကြီးမားသောTraiserကိုစူးစမ်းစွာဖြင့်ကြ
ည့်လိုက်သည်။

တာစီယာများသည်အရှေ့တောင်အာရှဇာတိဖြစ်ကြသည်
။ ၎င်းတို့သည်ပုရစ်များနှင့်
အခြားအင်းဆက်ပိုးမွှားများကိုကျွေးမွေးရလေ့ရှိပြီး
၎င်းတို့သည်သူတို့၏နေထိုင်ရာ
နေရာများတွင်လည်းခံစားချက်များကြိုးချည်ထားလေ့ရှိ
ြသည်။ သူတို့၏နေရာနှင့်
အချိန်အကြာကြီးဖယ်ခွာနေရမည်ဆိုလျှင်သူတို့ကသေမ
ည်ဖြစ်သည်။

စာစဉ် ၁၆

သချောပေါက်,

ကြီးမားသောတာစီယာများသည်ယခုမျက်မှောက်ဒီတုန္ဒ

တည်ရှိမှုသည်

နောက်ဆုံးတွင်၎င်း၏ရှက်ကြောက်ခြင်းတို့ကိုအတိုင်းအ

တာတစ်ခုအထိကျော်ဖြတ်နိုင်

နေပြီဟုဆိုလိုသည်ဖြစ်သည်။

ကြီးမားသောတာစီယာသည်သံဂိတ်ထဲမှခေါင်းကိုသတိ၂

ြိးကြီးဖြင့်ထုတ်လိုက်ပြီး

အရိုးများလက်များကိုထုတ်လိုက်သည်၊

၎င်း၏ရှည်သွယ်ပြီး, သွယ်လျသော

လက်ချောင်းများသည်ပါးလျသောအရေပြားတစ်လွှာဖြင့်

ဖုံးအုပ်ထားသည်။

ပရိတ်သတ်များ၏တတွတ်တွတ်စကားပြောနေသံများကို

ကြားရသည်မှာ

စာစဉ် ၁၆

ကြီးမားသောတာစီယာကိုစိတ်ဒုက္ခရောက်စေသည်။ ခေါင်းကိုအလျင်အမြန်ပင် ဆွဲသွင်းလိုက်သည်။

“မား, သွားကြစို့၊ ဒီလူတွေကမင်းကိုနာကျင်အောင်မလုပ်ပါဘူး” ဂန်းမူက ကြီးမားသောတာစီယာ၏နားနားသို့ထပ်မံ၍တီးတိုးပြော လိုက်သည်။

မား?

ဒီတစ်ခေါက်တွင်တော့ ဂန်းမူပြောတာကိုကောင်းဖန်ကြားလိုက်ရသည်။

ကြီးမားသောတာစီယာသည်၎င်း၏မွေးရာပါရှက်ရွံ့မှုကို ကျော်လွှားရန်ရုန်းကန်နေသည် ကိုသူမြင်နိုင်သည်၊ ၎င်းသည်ဂန်းမူကိုကြည့်ကာဂန်းမူ၏ခေါင်းကိုသူ၏လက် များဖြင့် ညင်သာစွာပွတ်ပေးလိုက်သည်။

## စာစဉ် ၁၆

အမေတစ်ယောက်ကသူမ၏ကလေးကိုကာကွယ်သလိုဘဲ, ကြီးမားသောတာစီယာက
ဂန်းမူ၏အရှေ့သို့သူ့ကိုယ်သူရွှေ့လိုက်သည်။

ကောင်းဖန်ကဒီလိုမျိုးထူးဆန်းသောမြင်ကွင်းကိုကြည့်ကာမျက်မှောင်ကြုတ်လိုက် သည်။

ဒီကြီးမားတဲ့တာစီယာကစတင်ပြီးကွင်းပြင်အတွင်းသို့ရွေ့လျားလာပြီဖြစ်ကာ, မိုးသစ်တောကင်းမြီးကောက်ကလည်းထိုဂိတ်ဘက်မှအပြေးအလွှားထွက်လာသည်။

လူးကတ်စ်၏မျက်လုံးများကမိုးသစ်တောကင်းမြီးကောက်ကိုဖြတ်ကျော်၍ကြီးမားသောတာစီယာပေါ်သို့အကြည့်ရောက်သွားတော့သည်။ သူဒီလိုမျိုးထူးဆန်းတဲ့ သတ္တဝါမျိုးပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။

စာစဉ် ၁၆

"ရွှံ့နွံသားရဲ,
အဲ့ဒီမိုးသစ်တောကင်းမြီးကောက်ကိုတားထားလိုက်!"

ရွှံ့နွံသားရဲသည်မိုးသစ်တောကင်းမြီးကောက်ထံသို့ဖြည်း
ညှင်းစွာဖြင့်လိမ့်ကာသွား လိုက်သည်၊
မိုးသစ်တောကင်းမြီးကောက်သည်ယခုတွင်ငင်းကိုပြန်၍ြ
ြည့်နေသည်။

သူကကြီးမားသောတာစီယာမှထိန်းချုပ်ထားမည်ဖြစ်ေ
ေကြောင့် မိုးသစ်တော
ကင်းမြီးကောက်သည်ထိတ်လန့်ခြင်းမရှိဘဲ
ရွှံ့နွံသားရဲဆီသို့ပြေးသွားလိုက်သည်။
အေးစက်ပြီးစိုစွတ်သောစွမ်းအင်တစ်ခုသည်
ငင်း၏လက်မများအနီးပတ်လည်တွင်
လှည့်၍စီးဆင်းလာသည်၊
ကင်းမြီးကောက်ကငင်း၏လက်မနှစ်ဖက်လုံးကို

ရှံ့နွံသားရဲကသူနှင့်အလုံအလောက်နီးကပ်လာသောအခါ တွင်ညှပ်ချလိုက်သည်။

၎င်း၏အနက်ရောင်လက်မများသည်ရှံ့နွံသားရဲအတွင်း သို့နစ်မြုပ်သွားပြီးနေရာအနှံ့သို့ ရှံ့နွံများလွင့်ပျံသွားစေသည်။ သို့သော်လည်းမိုးသစ်တောကင်းမြီးကောက်၏ လက်များသည်ရှံ့နွံသားရဲအတွင်း၌ပိတ်မိနေတော့သည်။

ရှံ့နွံသားရဲ၏ရှံ့များသည် မိုးသစ်တောကင်းမြီးကောက်၏လက်မများမှအစိုဓာတ်မျ ားကို စုပ်ယူလိုက်ပြီးပိုပြီးနစ်ဝင်သွားစေသည်။

ရှံ့နွံသားရဲသည်မိုးသစ်တောကင်းမြီးကောက်ဖြင့်အလုပ် များနေသောကြောင့် ငွေရောင်ကျောပြင်လူဝံသည်ကြီးမားသောတာစီယာဆီ သို့ခုန်တက်သွားတော့သည်။

စာစဉ် ၁၆

ကြီးမားသောတာစီယာသည်ဂရင်း၏ကြီးမားသောမျက်လုံ
းရွဲကြီးများဖြင့်
ငွေရောင်ကျောပြင်လူဝံကိုစိုက်ကြည့်နေသည်။
ရုတ်တရက်ပင်ကြီးမားသောတာစီယာ
၏ဦးခေါင်းခွံမှမမြင်နိုင်သောစွမ်းအားတစ်ခုပေါက်ကွဲထွ
က်လာသည်။
ငွေရောင်ကျောပြင်လူဝံသည်သဲကြီးမဲကြီးရွှေ့လျားနေရာ
မှနှေးကွေးလာတော့သည်။

ကြီးမားသောတာစီယာ၏မျက်လုံးတစ်ဝိုက်တွင်သွေးပြန်
ကြောများကနီရဲနေသည်။

ငွေရောင်ကျောပြင်လူဝံ၏လှုပ်ရှားမှုများသည်ပို၍ပင်နှေး
ကွေးလာပြီး, အကယ်၍
မရေမတွက်နိုင်သောမမြင်နိုင်သည့်ပင့်ကူအိမ်များကဂရင်း
ကိုနောက်သို့ပြန်ဆွဲကိုင်ထား သလိုဖြစ်နေသည်။

စာစဥ် ၁၆

“အာ မား,

သူကငါတို့ကိုနာကျင်အောင်လုပ်ဖို့ကြိုးစားနေတယ်!

သူ့ကိုအခုသတ်လိုက်!”

ဂန်းမူကကြီးမားသောတာစီယာ၏နားထဲသို့တီးတိုးပြော

လိုက်သည်။

၎င်းကဂန်းမူ၏မျက်ရည်များနှင့်တောင်းဆိုမှုကိုကြားလို

က်ရသောအခါတွင်

ကြောက်မက်ဖွယ်ကောင်းသောအကြည့်က

ကြီးမားသောတာစီယာ၏မျက်နှာတွင် ပေါ်လာသည်။

သတိပေးချက်မရှိဘဲ,

ငွေရောင်ကျောပြင်လူဝံ၏မျက်စံများကငင်းတို့၏မျက်အိ

မ်ထဲ၌ ပေါက်ကွဲသွားကြတော့သည်!

ကြီးမားသောတာစီယာသည်၎င်း၏ပြိုင်ဘက်မျက်လုံးအိ

မ်များကိုကျော်၍

၎င်း၏စိတ်စွမ်းအင်ကိုဖြတ်တောက်ကာဦးနှောက်ကိုအပို င်းပိုင်း ပိုင်းဖြတ်သွားခဲ့သည်။

ငွေရောင်ကျောပြင်လူဝံသည်မြေပြင်ပေါ်သို့လဲကျသွားေ ှော့သည်၊ မြေပြင်ပေါ်တွင် ဆက်တိုက်ဆန့်တငင်ငင်ဖြစ်နေကာ, ၎င်း၏နှာခေါင်းနှင့်မျက်အိမတို့မှသွေးများနှင့် ဦးနှောက်အတွင်းမှအရာများစိမ့်ကျလာသည်…

“ငွေကျောပြင်!” လူးကတ်စ်ကအော်လိုက်သည်။

သူ၏သားရဲကသေဆုံးသွားသောကြောင့် လူးကတ်စ်ပေါ်တွင်ကြီးမားသောစိတ်ဝိညာဉ် ဆိုင်ရာထိခိုက်မှုဖြစ်စေခဲ့ကာ မျက်နှာကလည်းချက်ချင်းဖြူဖျော့သွားတော့သည်။ ဒီအခြေအနေမှပြန်ကောင်းဖို့အချိန်အကြာကြီးအနားယူရ ဦးမည်ဖြစ်သည်။

စာစဉ် ၁၆

ကြီးမားသောတာစီယာကလူးကတ်စ်ကိုအေးစက်စွာဖြင့်ပြ
ြည့်လိုက်သည်၊
၎င်းကစတင်၍စိတ်ဝိဉာဉ်စွမ်းအင်ကိုအမျှင်အစုံလိုက်ကဲ့
သို့ သူ့ဆီထုတ်လွှတ်လိုက် သည်။

ရုတ်တရက်,
ကြီးမားသောတာစီယာသည်နာကျင်မှုတို့ဖြင့်သူ့ခေါင်းကို
လက်တို့ဖြင့် ကိုင်ကာအော်ဟစ်လိုက်သည်။

ဒမ်ဘီကအဖြူရောင်မီးတောက်ဘောလုံးကိုလေထဲတွင်
ဆင့်ခေါ်လိုက်ပြီး, ကြီးမားသော
တာစီယာ၏ဝိဉာဉ်စွမ်းအင်အမျှင်များကိုလောင်ကျွမ်းသွာ
းစေသည်။

“ပြိုင်ဘက်ဖြစ်သူကိုတိုက်ရိုက်တိုက်ခိုက်တာ
တားမြစ်ထားတယ်၊ ဒါမင်းကိုပထမဆုံး
သတိပေးတာဘဲ”
ကောင်းဖန်ကခပ်ပြတ်ပြတ်ပြောလိုက်သည်။

စာစဉ် ၁၆

ကြီးမားသောတာစီယာသည်ပြစ်ဒဏ်ထိသွားသော်လည်း
ပွဲ၏ရလဒ်ကတော့ မပြောင်းလဲပေ၊
လူးကတ်စ်ကကောင်းဖန်ကိုကျေးဇူးတင်စွာဖြင့်ကြည့်လို
က်သည်၊ အကယ်၍ဒိုင်လူကြီးသာဝင်ပါမလာရင်,
သူသေချာပေါက်သတ်ခံရမှာဖြစ်သည်။
သူ့ရဲ့ငွေကျောပြင်လူဝံကဘယ်လိုသတ်ခံလိုက်ရမှန်းသူမ
သိပေ။ ရွံ့နွံအမျိုးအစား
သားရဲသည်လည်းငွေကျောပြင်လူဝံကဲ့သို့တူညီသောနာ
ကျင်မှုကိုခံစားရမည်စိုးသော ကြောင့်,
လူးကတ်စ်ကပြိုင်ပွဲကိုအရှုံးပေးဖို့အတွက်ဆုံးဖြတ်ခဲ့သ
ည်။

"အနိုင်ရရှိသူကတော့ ဂန်းမူ"
ကောင်းဖန်ကကြေငြာလိုက်သည်၊ သူ့ကိုပြန်၍
ကြည့်နေသည့်ကြီးမားသောတာစီယာကိုကောင်းဖန်ကြ
ြည့်နေလိုက်ပြီးနောက်,

ငင်း၏အကြည့်ကိုသူနှင့်ဝေးဝေးသို့ပြန်လွှဲလိုက်ကာ, သူသခင်နှင့်အတူကွင်းထဲမှ ထွက်သွားတော့သည်။

နားနေခန်းသို့ပြန်လာပြီးနောက်, ကောင်းဖန်ကကုချင်းရှန်ကိုမေးလိုက်သည်,
"ဒါကအတော်လေးကိုထူးဆန်းတဲ့ပွဲဘဲ၊ ဂန်းမူကတာစီယာကောင်ကို "မား" ဆိုပြီး ခေါ်နေတာ၊ အရှေ့တောင်အာရှလူတွေက သူတို့သားရဲတွေကိုအဲ့လိုခေါ်ကြတာလား?"

ကုချင်းရှန်ကရယ်လိုက်သည်၊
"အရှေ့တောင်အာရှကပြိုင်ပွဲဝင်တွေက ဒီလိုမျိုးပြောလို့ စိတ်ရှုပ်သွားတာဖြစ်မယ်၊ ဒါပေမယ့်, အဲ့ဒါကိုတော့ငါသိတယ်: အရှေ့တောင်အာရှ နယ်ပယ်တွေမှာ မကြာသေးခင်ကကလေးတွေဆုံးရှုံးခဲ့ရတဲ့လူဝံလိုမျိုးသာ းရဲတွေနဲ့

အထူးလေ့ကျင့်ထားတဲ့ကလေးတွေကိုတွဲပေးတဲ့သွေးစာချုပ်အမျိုးအစားတစ်မျိုး ရှိတယ်။”

“ရေရှည်အတူတွဲပြီးနေထိုင်ပြီးတော့, အဲ့ဒီသားရဲတွေကလူသားကလေးတွေကို သူတို့ရဲ့ ကိုယ်ပိုင်ကလေးတွေအဖြစ်တဖြည်းဖြည်းမြင်လာပြီး သူတို့နဲ့သွေးစာချုပ်ချုပ်ဖို့အတွက် လည်းအဲ့တာကပိုလွယ်လာတယ်လေ၊ ဒီအတွက်တစ်ခုတည်းသောမကောင်းတဲ့ဘက်ကတော့,အဲ့ဒီလူသားကလေးတွေကတကယ်တော့သားရဲတွေရဲ့မွေးစားသားသမီးတွေ ဖြစ်လာကြတာဘဲ”

ကောင်းဖန်ကလူသားများ၏အဆုံးမရှိသောဉာဏ်ရည်ဉာဏ်သွေးကိုချီးကျူးရမည်လား, သို့မဟုတ် ထိုကဲ့သို့ဖြတ်သန်းခဲ့ရသောကလေးတွေအတွက် ဝမ်းနည်းရမည်လား မသိဘဲ တိတ်ဆိတ်နေတော့သည်။

"အဲ့လိုသွေးစာချုပ်မျိုးကမြင့်မားတဲ့အောင်မြင်မှုနှုန်းရှိလ
ား?" ကောင်းဖန်ကမေးလိုက် သည်။

"ဟင့်အင်း, အရမ်းနည်းတယ်၊
လူဝံလိုမျိုးသားရဲတွေကနူးညံ့တဲ့သတ္တဝါတွေလို့
ထင်ပေမယ့်, သူတို့ရဲ့ကလေးတွေကိုဆုံးရှုံးပြီးတဲ့နောက်,
သူတို့အတော်လေး စိတ်ထိခိုက်လွယ်ပြီး
ပြင်းပြင်းထန်ထန်ပေါက်ကွဲလွယ်ကြတယ်၊
လူငယ်တော်တော် များများ
အဲ့သားရဲတွေကြောင့်စုတ်ပြတ်သတ်ကုန်ကြတယ်လေ"
ကုချင်းရှန်က သက်ပြင်းချ၍ပြောလိုက်သည်။

***

# စာစဉ် ၁၆

# *သားရဲလှေကျှင့်သူ*

## *အပိုင်း ၂၅၁*

ကြည့်ရတာတော့အကျွမ်းတဝင်သားရဲရှိသူနှင့် ရင်းနှီးကျွမ်းဝင်မှုကိုပျိုးထောင်ရန် အမှန်တကယ်အခြေခံနည်းလမ်းတစ်ခုဟုထင်ရသည်။ ထိုအရာကသေချာတာကတော့ အရှေ့တောင်အာရှရဲ့ပတ်ဝန်းကျင်ခံစားမှုဖြစ်လိမ့်မည်၊

သေချာတာပေါ့, ဒါကတွေးကြည့်သလောက်တော့ စောင့်စည်းမှုမရှိအကျင့်ပျက်နေတာ တော့မဟုတ်ပေ။

ကုချင်းရှန်ကသူ့ကိုရှင်းပြခဲ့သော ‘မွေးစားခြင်း’ ထုံးတမ်း၏အားသာချက်များနှင့် အားနည်းချက်များကိုယခုကောင်းဖန်သိပြီဖြစ်သည်။

ငင်း၏အားနည်းချက်မှာ သေဆုံးမှုမြင့်မားခြင်းဖြစ်သည်၊ သို့ရာတွင် တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သောအခွင့်အရေးကိုရရှိခြင်းဖြင့် အန္တရာယ်များနှင့်စွန့်စားမှု ဝေးကွာခြင်းအားပို၍အလေးသာစေသည်။

သာမန်အခြေအနေများ၌, တစ်ဦးသည်သိမြင်မှုဖွံ့ဖြိုးတိုးတက်မှု၏အစောပိုင်းအဆင့် များတွင်သားရဲတစ်ကောင်နှင့်သွေးစာချုပ်ချုပ်ဆိုလေ့ရှိသည်။ ငင်း၏အားနည်းချက် မှာ ထည့်သွင်းတွက်ချက်ပြီး တိုက်ပွဲဝင်ရန်အချိန်လိုအပ်ခြင်းဖြစ်သည်။

အရှေ့တောင်အာရှဒေသ၏ 'မွေးစားခြင်း' ထုံးတမ်းသည်ကြီးထွားလာမှုလုပ်ငန်းစဉ် တစ်ခုလုံးကိုလုပ်ဆောင်ရန်မလိုအပ်ဘဲ

အပြည့်အဝရင့်ကျက်သူနှင့် သားရဲများ,
သွေးစာချုပ်ချုပ်ရန်
သားရဲလေ့ကျင့်သူများအတွက်နည်းလမ်းတစ်ခုဖြစ်သည်
။

သို့သော်လည်း, မကြာသေးမီက
ကလေးဆုံးရှုံးခဲ့သောသားရဲများနှင့်သာလုပ်ဆောင်နိုင်
မည်ဖြစ်သည်။ ကလေးတစ်ယောက်ဆုံးရှုံးခြင်းသည်
သူတို့အတွက်စိတ်ပိုင်းဆိုင်ရာ
ထိခိုက်လွယ်သည့်အခြေအနေမှာရှိနေလေ့ရှိပြီး
မတူညီသောမျိုးစိတ်တစ်ခုရဲ့
နောက်ထပ်ကလေးကိုမွေးစားဖို့သူတို့ကိုအရှုံးလုပ်ရာတွ
င်လွယ်ကူမည်ဖြစ်သည်။

…

“မား, ငါတို့လုပ်နိုင်ခဲ့ပြီ၊
ငါတို့မကောင်းတဲ့ကောင်တွေကိုရှုံးအောင်လုပ်နိုင်ခဲ့ပြီ”

ဂန်းမူကကြီးမားသောတာစီယာ၏သားမွေးတွေကိုညင်သာစွာပွတ်သတ်ရင်းပြောလိုက် သည်၊ ကြီးမားသောတာစီယာဘယ်နားကိုပွတ်သတ်ခံရတာကိုကြိုက်တယ်ဆိုတာ သူသေချာသိသည်။

ဂန်းမူကကြီးမားသောတာစီယာ၏မျက်လုံးများကိုတည့်တည့်ကြည့်လိုက်သည်၊ သူက ၎င်းနှင့်သွေးစာချုပ်ချုပ်ဆိုထားတယ်ဆိုရင်တောင်မှ ၎င်းနှင့်ပတ်သတ်သည့်ခံစားချက်များကရောထွေးနေသေးသည်။

ကြီးမားသောတာစီယာသည်သူ့ဘဝကိုအမျိုးမျိုးပြောင်းလဲစေခဲ့သည်။

အစက

အကိုကြီးတစ်ယောက်ညီသုံးယောက်,ညီမသုံးယောက်တို့နှင့်အတူသစ်သီး တောင်သူ၏ကလေးဖြစ်ခဲ့သည်။

စာစဉ် ၁၆

ဘဝကသူနှင့်သူ့မိသားစုအတွက်ခက်ခဲခဲ့သည်။ သူ့မိဘတွေကနေ့တိုင်းစေ့ပင်မတွေ့နိုင် ပေ။ ငယ်စဉ်ကတည်းက အိမ်ရှိအခြားလူရှစ်ယောက်ကိုလည်းကျွေးမွေးရသောေ ြ ြောင့် ဗိုက်ဝအောင်ပင်မစားခဲ့ရပေ၊

ထို့နောက်ကပ်ဆိုးကြီးဖြစ်ပွားသည့်နေ့တွင်အရာအားလုံး ပြောင်းလဲသွားခဲ့သည်။

ကပ်ဆိုးကြီး၏ရိုက်ချက်ကြောင့် သူ၏မွေးချင်းနှစ်ယောက်ကသန္ဓေပြောင်းလဲသွား သောတောတောဝက်များက စားသွားခဲ့သည်။

ဂန်းမူ၏အိမ်ထောင်ရေးအတွက်ရည်ရွယ်ထားသည့်ငွေမျ ားကို သူတို့၏အသုဘအတွက် အသုံးပြုခဲ့ရသည်။

သူ့အဖေက သူ့ကိုညီငယ်နှစ်ယောက်၏စေ့စပ်ပွဲအတွက်သုံးခဲ့သည့်

စာစဉ် ၁၆

ငွေအားလှည့်ကာ
သူ့အားစစ်တပ်ရှိလေ့ကျင့်ရေးစခန်းသို့ပို့ရန်အတွက်ကြိုး
စားခဲ့သည်။

ဂန်းမူကလေ့ကျင့်ရေးလုပ်ငန်းစဉ်တစ်လျှောက်တွင်
ရှန်သန်ဖို့အတွက်မျှော်လင့်မထား ခဲ့ပေ။
လေ့ကျင့်ရေးစခန်း၏ရယ်စရာကောင်းလောက်အောင်ေ
ဆိုးမှုနှုန်းအားသိရပြီး နောက်
သူကိုယ်သူပြင်ဆင်ထားခဲ့သည်။

သူကအသက်ရှင်ကျန်ရစ်ရုံသာမကသူသည်ကြီးမားသော
တာစီယာ၏ယုံကြည်မှုကိုပါ ရရှိခဲ့ပြီး ၎င်း၏တရားဝင်
‘မွေးစားကလေး’ ဖြစ်လာခဲ့သည်။

သူတို့အချင်းချင်းနီးစပ်လာသောအခါတွင်
ကြီးမားသောတာစီယာကိုသူနှင့်သွေးစာချုပ်
ချုပ်ဆိုရန်အတွက်စည်းရုံးခဲ့ပြီး
သားရဲလေ့ကျင့်ပေးသူအဖြစ်တရားဝင်ဖြစ်လာခဲ့သည်။

လူ့အဖွဲ့အစည်းတွင်သူ၏နေရာအသစ်ဖြင့် သူသည်လယ်ပိုင်ရှင်အားပိုက်ဆံပိုရရန် အလွယ်ဆုံးအလုပ်များဖြင့် သူ့မိဘများကိုလယ်၌လုပ်ခွင့်ပေးရန်လယ်ပိုင်ရှင်ကို ဆွဲဆောင်နိုင်ခဲ့သည်။

ပြိုင်ပွဲမှပြန်ရောက်သည်နှင့်လေ့ကျင့်ရေးစခန်းတွင်အဆင့်မြင့်နည်းပြတစ်ဦး ဖြစ်လာစေရန် သူ၏ယခင်နည်းပြများနှင့်လည်းစာချုပ်ချုပ်ဆိုပြီးဖြစ်သည်။

လူမှုရေးလောကားကိုမြှင့်တင်လိုက်သည်နှင့် ပြင်းပြသောရည်မှန်းချက်များကပို၍ ကြီးမားလာသည်။

ပထမတော့သူလိုချင်တာက, အသက်ရှင်ကျန်ရစ်ဖို့သာဖြစ်သည်။ အခုတော့, သူပို၍ လိုချင်လာသည်။

သူ၏ကြီးမားသောတာစီယာဌင်း၏ပွဲစဉ်ကိုထိုနေ့မတိုင်ခင်အထိမကြုံဖူးသေးပေ။

အကယ်၍သူတို့ကတူညီတဲ့ကွင်းပြင်မှာရှိနေရင်တောင်
သူ့ရဲ့ကြီးမားသောတာစီယာက
ကောင်းဖန်၏အရိုးကောင်ကိုသေချာပေါက်အနိုင်ယူနိုင်မှာမဟုတ်ပေ၊ ငါပိုပြီးသန်မာဖို့ လိုတယ်,
ဂန်းမူကတွေးလိုက်သည်၊
သူကသူ့လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက် သည်။
သူကလေးကတည်းက,
တစ်ခုခုလိုချင်လျှင်ထိုအတွက်အလုပ်လုပ်ရမည်ဆိုတာ
ကောင်းကောင်းနားလည်သည်၊
ငွေလင်ဗန်းပေါ်မှာဘယ်သူကမှသူ့အတွက်အစေခံဖြင့်
အမှုထမ်းပေးမည်မဟုတ်ပေ။

...

ကောင်းဖန်ကပြိုင်ပွဲဝင်များသည်နားနေခန်းမှထွက်သွား
ြသည်ကိုကြည့်ရင်း ကသိကအောက်ဖြစ်နေသည်။

ငါကအရမ်းစွမ်းအားကြီးတာကြောင့်
ဒိုင်လူကြီးတစ်ယောက်ဖြစ်လာခဲ့တယ်၊ ပြီးတော့,
ငါကပိုက်ဆံတွေအများကြီးလည်းဒီမှာလုပ်နိုင်တယ်။
ဒီလိုမျိုးအမြတ်အစွန်းရတဲ့ အခွင့်အရေးမျိုးတွေကို
သူဖြတ်ကျော်သွားနိုင်မှာမဟုတ်ပေ!။

ခဏလောက်စဉ်းစားနေပြီးနောက်,
ကောင်းဖန်ကသူ့ဖုန်းကိုထုတ်လိုက်ပြီး
နံပါတ်တစ်ခုကိုနှိပ်လိုက်သည်။

အားကစားကွင်း၏မိုင်အနည်းငယ်တွင်,
အဝါရောင်အမွေးများဖြင့်ပုံရိပ်ကသစ်ကိုင်း
တစ်ခုပေါ်မှနေ၍
အမျိုးသမီးရေချိုးခန်းပြတင်းပေါက်မှချောင်းကြည့်နေသ
ည်။

စာစဉ် ၁၆

ရုတ်တရက်ကြိုးသိုင်းလွယ်အိတ်မှငင်း၏ပုခုံးကိုတုန်ခါသွ
ားစေသည်။

နှစ်စက္ကန့်လောက်ကြာပြီးနောက်,
သီချင်းသံကလွယ်အိတ်ထဲမှထွက်ပေါ်လာတော့ သည်။
“ဘဲလေးတစ်ကောင်ဟာ
တောင်တွေနဲ့အဝေးကြီးကိုရေကူးသွားတယ်…”

ဂိုဒီသည်တုန်ခါနေသောကြိုးသိုင်းအိတ်ကိုစိုက်ကြည့်လို
က်သည်။

ရေချိုးခန်းထဲမှတစ်စုံတစ်ယောက်ကအော်ဟစ်လိုက်သ
ည်, “အပြင်မှာဘယ်သူ ရှိနေတာလဲ!”

“ဂတ်?” ဂိုဒီကလန့်ဖျပ်ပြီးသစ်ကိုင်းပေါ်မှပြုတ်ကျကာ
မြေပြင်ပေါ်သို့လဲကျသွားတော့ သည်။

ငင်းသည်လူးလဲထလိုက်ပြီး
ယက်ကန်ယက်ကန်ဖြင့်အနီးနားရှိတောထဲသို့ဝင်သွားက

စာစဉ် ၁၆

ာ,

မြေပြင်ပေါ်သို့ဖုတ်ခနဲပြုတ်ကျပြီးထူးထူးခြားခြားဘာက မှစိုက်ကြည့်မှုမရှိသလို လုပ်လိုက်သည်။

ဖုန်းသည်ဘဲတစ်ကောင်၏ ကြိုးသိုင်းလွယ်အိတ်ထဲ၌တုန်ခါနေသေးသည်။

နားနေခန်းထဲတွင်တော့, ကောင်းဖန်ကသူ့ကိုယ်သူတီးတိုးရေရွတ်လိုက်သည်, "ကိုင်စမ်း, ဂိုဒီ..."

ကောင်းမွန်သောအသံရှိသည့်အမျိုးသမီးတစ်ယောက်က အဝတ်အပြည့်အစုံဝတ်၍ ရေချိုးခန်းထဲမှထွက်လာသည်။ သူမကမီးဖိုချောင်ထဲသို့ဝင်၍ အံဆွဲထဲမှ မီးဖိုချောင်ဓားကိုယူလိုက်သည်။

စာစဉ် ၁၆

“ငါ့ကိုရေချိုးခန်းထဲမှာကြည့်နေတဲ့ဘယ်ငတုံးကိုမဆိုအကုန်ဖြတ်ပစ်မယ်!”

မုထျယ်ရင်းလိုက္ခြက်သားများဖြင့်သန်မာလှသည့်အမျိုးသမီးက, အိမ်ထဲမှထွက်လာပြီး သူ့ပတ်ဝန်းကျင်ကိုသိမ်းငှက်ကဲ့သို့စူးစမ်းကြည့်နေသည်။ ဤသည်မှာတောင်ပေါ် အိမ်ကြီးတွင်အလုပ်လုပ်သောအလုပ်သမားများနေထိုင်ရ ာနေရာဖြစ်သည်။ အထူးသဖြင့်လူသူကင်းမဲ့သောနေ့အချိန်တွင် အတော်အတန်တစ်သီးတစ်သန့်ဖြစ်သည့် နေရာဖြစ်သည်။

ရုတ်တရက်, အနီးအနားရှိတောအတွင်းမှရင်းနှီးသောအသံတစ်ခုကိုသူမနားက ကြားလိုက်ရသည်။ တောအတွင်းသို့ဖြည်းညှင်းစွာလျှောက်လာရင်း

အမျိုးသမီး၏
မျက်လုံးများကအန္တရာယ်ရှိစွာဖြင့်တောက်ပသွားတော့သ
ည်…

“ဂတ်?”

ချုံပုတ်နှစ်ခုကိုဖြတ်ကျော်ရင်းနောက်ဆုံးတွင်သူမသည်ပု
ခုံးပေါ်၌ ကြိုးအနီ
သိုင်းထားသည့်အိတ်ဖြင့်အဝါရောင်ဘဲတစ်ကောင်၏မျ
က်နှာချင်းဆိုင်ရှေ့သို့ရောက်ရှိ လာခဲ့သည်။

လီရှန်းလျန်ဟုခေါ်သည့်အမျိုးသမီးသည်သူ့ပတ်ဝန်းကျင့်
ကိုကြည့်လိုက်သောအခါ
အနီးအနားဒ္ဓတစ်ခြားသံသယဖြစ်စရာပုံစံမျိုးမတွေ့ရပေ
။

သူမကဂိုဒီကိုပြန်၍ကြည့်လိုက်သည်။

စာစဥ် ၁၆

ဂိုဒီကလည်းမှုန်ကုပ်ကုပ်ဖြင့်ပြန်ကြည့်သည်၊ အချိန်အတော်ကြာပြီးနောက် သူကပြောလိုက်သည်, “ဂတ်,ဂတ်,ဂတ်?”

လီရှန်းလျန်က ချောင်းကြည့်သည့်ကောင်က ဘဲတစ်ကောင်ဖြစ်နေသည်ကို သတိထားမိသွားသောအခါ သူမကအနည်းငယ်စိတ်သက်သာရာရသွားသည်။ သူမက ဘောက်ဆတ်ဆတ်နှင့်၎င်းကိုပြောလိုက်သည်, “မင်းမှာဒီထက်ပိုကောင်းတာလုပ်စရာ မရှိဘူးလား?”

“ဂတ်,ဂတ်,ဂတ်” ဂိုဒီကလီရှန်းလျန်ကိုလျစ်လျူရှုလိုက်ပြီး တောအတွင်းမှ ယက်ကန်ယက်ကန်ဖြင့်လျှောက်လာသည်…

သူကနောက်ဆုံးအလုပ်သမားနေရာမှထွက်လာပြီးနောက်, ၎င်း၏ဖုန်းကိုသူ၏

စာစဉ် ၁၆

အတောင်ပံဖြင့်နှိုက်၍အိတ်ထဲမှထုတ်လိုက်သည်။

“ဂတ်?”

“ဘာလို့ဒီလောက်ကြာနေတာလဲဟ?”

ကောင်းဖန်ကစိတ်မရှည်စွာဖြင့်ပြောလိုက်သည်၊

သားရဲများနှင့်သွေးစာချုပ်များမှတစ်ဆင့်ဆက်သွယ်နိုင်ေ
ော်လည်းသတ်မှတ်ထားသောအကွာအဝေးတွင်သာလု
ပ်နိုင်သည်။

သို့သော်,

သွေးစာချုပ်ချုပ်ဆိုထားခြင်း၏ကောင်းသောအချက်မှာ,

သူ၏သားရဲများ

ပြောသည်ကိုနားလည်နိုင်ခြင်းဖြစ်သည်။

“ငါ....အလုပ်များနေတယ်”

ဂိုဒီကအထစ်ထစ်အငေါ့ငေါ့နှင့်ပြောလိုက်သည်။

စာစဉ် ၁၆

“ကောင်းပြီ, မင်းကိုငါ့အတွက်တစ်ခုလုပ်ခိုင်းချင်တယ်၊ ငါ့အတွက်အလောင်းအစား နည်းနည်းလုပ်ရအောင်ကူညီပေးစမ်းပါ” ကောင်းဖန်ကပြောလိုက်သည်၊ “ငါတို့သချာပေါက် ဒါနဲ့ပိုက်ဆံတွေအများကြီးရအောင်လုပ်နိုင်မှာ၊ငါ့အတွက် လုပ်ပေး, ပြီးတော့ တစ်လလုံးနေ့တိုင်းငါးခြောက်နှစ်ကောင်ပေးမယ်”

“ဂတ်?” ဂိုဒီ၏မျက်လုံးများကတောက်ပလာသည်။

***

စာစဉ် ၁၆

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၅၂*

ကောင်းဖန်ကကျိုးထျန်းမင်နှင့်တခြားသူများကိုထိုကိစ္စအားမသိစေချင်ပေ။
ဒီလိုကိစ္စမျိုးတွေကတခြားသူတွေကိုပြောလို့ကောင်းတဲ့အရာမဟုတ်။

သူဘာလုပ်နေလဲဆိုတာကိုတစ်ယောက်ယောက်ကသိရင်သူ၏ထောက်ခံမှုကိုပြိုင်ပွဲများမှာမျက်နှာသာရရန်အတွက် ကောင်းဖန်ကဒိုင်လူကြီးနေရာကိုအလွဲသုံးစားလုပ်နေသည်ဟုသံသယဖြစ်လာကြလိမ့်မည်။

ထီထိုးဖို့လက်မှတ်ကိုဂိုဒီအားဝယ်ဖို့ပြောပြီးတာနဲ့ကောင်းဖန်ကဖုန်းကိုချလိုက်သည်၊

## စာစဉ် ၁၆

ဂိုဒီကသူ့ဖုန်းကိုအိတ်ထဲသို့ပြန်ထည့်လိုက်ကာ ထိုနေရာတွင်အမှတ်တမဲ့ မိနစ်အနည်းငယ်လောက်ရပ်နေပြီးနောက်, ၎င်း၏အာရုံပြန်ရလာကာသူ၏အိတ်ထဲရှိ ကြေမွ၍အပုံလိုက်ဖြစ်နေသည့် ငွေစက္ကူများကိုကြည့်လိုက်သည်။

သခင်ကငါ့ဆီကနေခိုးယူချင်နေတာလား? ဂိုဒီကတွေးလိုက်သည်။

ထို့နောက်သူ့ခေါင်းကိုယမ်းလိုက်သည်၊ ဒါကမဖြစ်နိုင်ဘူး၊ ငါသိသမျှထဲမှာ သခင်ကောင်းက အချမ်းသာဆုံးလူဘဲ! ဂိုဒီကကောင်းဖန်၏ဘဏ်အကောင့်ထဲတွင် ဘယ်လောက်ရှိလဲဆိုတာအမြဲသိချင်နေခဲ့တာဖြစ်သည်, ဒါပေမယ့်နောက်ပိုင်းတွင် ထိုအကြောင်းအရာများနှင့်ပတ်သတ်၍တင်းတင်းကြပ်ကြ ပ်ပါးစပ်ကိုသာစေ့စေ့ပိတ်ထားတော့သည်။

စာစဉ် ၁၆

အနီးဆုံးလောင်းကစားဆိုင်သည်တရုတ်redbudလမ်းဧ
ောင်ထိပ်အနီးတွင်ရှိသည်၊
ဂိုဒီကခမ်းနားကြီးကျယ်သည့်ပုံစံရှိသောအိမ်ယာအနည်း
ငယ်ကိုတွေ့မြင်ရသည်အထိ
လမ်းမကြီးအတိုင်းလျှောက်လာခဲ့သည်။
ထိုနေရာတွင်နေထိုင်သူများသည်
အတော်လေးချမ်းသာသောကြောင့်
လောင်းကစားဆိုင်သည်အချိန်လျှော့ချနေသည့်
အချိန်၌ပင်စီးပွားလုပ်ရန်အတွက်အနည်းငယ်အခက်အခဲ
ရှိနေသည်။

လောင်းကစားဆိုင်က 'ပျော်ရွှင်ခြင်းလောင်းကစား'
ဟုခေါ်ပြီး, ဟွားရှားနယ်ပယ်ရှိ
ကျော်ကြားသောတရားဝင်တစ်ပိုင်းလောင်းကစားဆိုင်မျ
ားထဲမှတစ်ခုဖြစ်သည်။

ဟွားရှားနယ်ပယ်ရှိလူအများစုအတွက်, ၎င်းတွင် ‘တရားဝင်’ ဟူသည့်စကားလုံးကို ရိုက်နှိပ်ထားခြင်းကြောင့် အရာအားလုံးကပိုပြီးကောင်းမွန်လာခဲ့သည်။

ဆိုင်ကတော့အကြီးကြီးမဟုတ်ပေ၊ သို့သော်, အတွင်းပိုင်းတွင် ခမ်းနားသောပရိဘောဂ များခင်းကျင်းထားသည်၊ အထဲ၌အပူပေးစက်လည်းလည်ပတ်နေပြီး သစ်သားပြားဖြင့် ဆိုင်ကိုနှစ်ပိုင်းခွဲထားသည်၊ ၎င်းတို့ထဲမှတစ်ခုကလူငယ်လေ့ကျင့်သူချန်ပီယံပွဲကို နံရံကပ်ပရော်ဂျက်တာဖြင့်ပြထားသောနားနေခန်းဖြစ်သ ည်။

လောင်းကစားလုပ်ခြင်းက ဘယ်ပြိုင်ပွဲ၌ပင်မဆိုပါဝင်သည်။

စာစဉ် ၁၆

လူအနည်းငယ်လောက်က ဆိုဖာပေါ်တွင်ထိုင်ရင်းဖြင့် ပြိုင်ပွဲကိုကြည့်နေကြသည်။

“ကောင်းဖန်ဆိုတဲ့ကောင်လေးက ငါ့နေရာနဲ့အနီးလေးမှာနေတယ်ဆိုတာ မင်းတို့သိလား?” မျက်ခုံးမွေးထူထူ, ရုပ်အကျီအနက်နှင့်အမျိုးသားတစ်ယောက်က လက်ရှိတွင်မှန်ပြင်၌နေရာယူထားသောကောင်းဖန်ကိုညွှန်ပြကာပြောလိုက်သည်။

“တကယ်ကြီး?” တစ်စုံတစ်ယောက်ကပြောလိုက်သည်။

“ဟုတ်တယ်, သူကတောင်ပေါ်မှာနေတာလေ” မျက်ခုံးထူထူနှင့်အမျိုးသားက ရယ်ကာ ပြောလိုက်သည်။ သူကသူ၏လက်ဖက်ရည်ခွက်ကိုစားပွဲမှယူလိုက်ပြီး အကြိမ် အနည်းငယ်လောက်မှုတ်လိုက်ကာ, ဂရုတစိုက်ဖြင့်အနည်းငယ်သောက်လိုက်သည်။

ထို့နောက်,

ထိုလူကငွေရှင်းစာရင်းရှင်းသည့်ကောင်တာနောက်တွင်

ထိုင်နေသော လူငယ်အား "အကိုချန်း,

လက်ဖက်ရည်အိုးထဲမှာလက်ဖက်ရည်မရှိတော့ဘူး၊

ကျွန်တော်နောက်ဆုံးထားခဲ့တဲ့လက်ဖက်ခြောက်ရွက်

တွေကိုယူလာပေးပါဦး"

လူငယ်ကဖုန်းကိုချလိုက်ပြီး

ထိုလူမေးသည့်အရာကိုအမြန်ဆုံးလုပ်လိုက်သည်၊

ထိုလူက ဟေးကျုံးဖြစ်ပြီး,

ဆိုင်၏အကြီးစားသုံးဖြုန်းသူထဲများထဲမှတစ်ယောက်ဖြစ်

သည်၊ သူကဆိုင်၏မန်နေဂျာမဟုတ်သော်လည်း,

အကုန်လုံးကတကယ့်မန်နေဂျာ

အတိုင်းပင်ဆက်ဆံကြသည်။

ထိုအချိန်တွင်အကိုချန်းကဝင်ပေါက်နားမှကန့်လန့်ကာ
သံကိုကြားလိုက်ရသည်၊
ညှော်သည်အသစ်တစ်ယောက်ဆိုင်ထဲသို့ဝင်လာသည်။

အကိုချန်းကလှည့်ကြည့်လိုက်သောအခါ
အဝါရောင်အမွေးအကျႌဝတ်ထားသော
ထူးဆန်းသည့်ပုံစံကလေးတစ်ယောက်ကိုထိုနေရာတွင်
လှမ်းမြင်လိုက်သည်။

ဒီလိုနေရာမျိုးလာဖို့က
နည်းနည်းငယ်သေးသလားလို့?သူကတွေးလိုက်သည်။
ဆိုင်တွင် အကြီးအငယ်ဝါဒမရှိပေ။

အကိုချန်းကတစ်ခုခုမှုမမှန်တာကိုသတိထားမိတော့
တစ်ခုခုပြောဖို့လုပ်လိုက်သည်။ သူ့မျက်လုံးကိုပွတ်ပြီး
နောက်တစ်ချက်လောက်ဂိုဒီကိုကြည့်လိုက်သည်။

နေစမ်းဦး, မင်းက....ဘဲတစ်ကောင်?!

သူကဂိုဒီ၏ပုခုံးမှကြိုးသိုင်းလွယ်အိတ်ကိုသတိထားမိလိုက်သည်။

ဒါကတစ်စုံတစ်ယောက်ရဲ့သားရဲဖြစ်လိမ့်မယ်။

ဒီအတွက်တော့ဘာမှထူးထူးဆန်းဆန်းဖြစ်မနေပါ၊
အကိုချန်းက သားရဲများသည် စားသောက်ကုန်,
စီးကရက်နှင့်အခြားထီလက်မှတ်များကို
သူတို့၏သခင်များအတွက် ပို့ဆောင်ပေးရခြင်း
အားလုံးကိုအကုန်မြင်ဖူးသည်။

"ခဏလောက်အဲ့နားမှာစောင့်ပေးလို့ရမလား?
ငါမင်းဆီကိုမြန်မြန်ပြန်လာခဲ့မယ်"
အကိုချန်းကပြုံးကာပြောလိုက်သည်။
ဟေးကျုံးလိုမျိုးအရေးကြီးသည့် ဖောက်သည်တစ်ဦးက
ခိုင်းခြင်းကိုပယ်ဖျက်မိခြင်းဖြင့်
ဒေါသထွက်အောင်လုပ်ဖို့တော့ မစွန့်စားလိုပေ။

## စာစဉ် ၁၆

သူကဟေးကျုံးကိုလက်ဖက်ရည်ပေးပြီးနောက်, ကောင်တာသို့ပြန်လာခဲ့သည်၊

“မင်းကဒီကိုထီလက်မှတ်ဝယ်ဖို့လာတာလား?

ဂိုဒီကအကိုချန်းပြောသည့်စကားများကိုနားမလည်ဘဲခေါင်းစောင်းလိုက်သည်။

ထို့နောက်,လွယ်အိတ်ထဲမှဖုန်းကိုထုတ်လိုက်ပြီး ကောင်းဖန်၏မက်ဆေ့ချ်ကို မြင်အောင်ပြလိုက်သည်။

“ဆယ်မိနစ်အတွင်း သတ္တမမြောက်ပွဲဟွားရှားနယ်ပယ်ရဲ့အောင်ပွဲမှာ ကျန်းရီကို လောင်းကြေးထပ်တယ်”

မက်ဆေ့ချ်ကိုဖတ်လိုက်သည်။

အကိုချန်းက ဘဲတစ်ကောင်၏လောင်းကြေးမှာမည်မျှတိကျနေသည်ကိုမြင်လိုက် သောကြောင့်အံ့သြသွားတော့သည်။

## စာစဉ် ၁၆

ကျန်းရီ၏ပြိုင်ဘက်သည်
နီရှန်ခရိုင်ယဲ့ရှူးရွာမှနံပါတ်တစ်ပြိုင်ပွဲဝင်ဖြစ်ကာ
ပထမအကြိမ်တွင်လည်းကောင်းမွန်စွာစွမ်းဆောင်နိုင်ခဲ့
သည်။ တစ်ဖက်တွင် ကျန်းရီက
ဟွားရှားနယ်ပယ်၏အဆင့်ကိုးနေရာတွင်
ရပ်တည်ခဲ့ပြီးပြိုင်ပွဲ၏ပထမအကြိမ်တွင် အနိုင်ရခဲ့သည်။
ကျန်းရီသည်လာမည့်ပွဲတွင်
အနိုင်ရနိုင်မည်ဟုမည်သူမျှမယုံကြည်ကြ သောကြောင့်
လောင်းကြေးငွေမှာ ၁၀မိနစ်အောင်နိုင်မှုအတွက်၁၆မှာ
နှင့်၉၈မှာအထိ ဖြစ်သည်။

"မင်းဘယ်လောက်လောင်းကြေးထပ်ချင်လဲ?"
အကိုချန်းကမေးလိုက်သည်၊ ဂိုဒီက
သူဘာပြောလဲဆိုတာနားမလည်တာကိုသတိထားမိပြီးေ
ောက် , သူက မဟာမိတ်ဒေါ်လာငွေကိုထုတ်လိုက်ပြီး
ဘဲ၏အရှေ့တွင်ယမ်းပြလိုက်သည်။

စာစဉ် ၁၆

ဂိုဒီကတံတွေးမျိုချလိုက်ပြီးနောက်,
မဟာမိတ်ဒေါ်လာငွေများကိုထုတ်ယူကာ
ကောင်တာပေါ်တွင်ထပ်တင်လိုက်သည်။

ရုတ်တရက်ဂိုဒီသည်မဟာမိတ်ဒေါ်လာငွေများကိုငင်း၏
အိတ်ထဲသို့ပြန်ထည့်လိုက် သည်။
ကောင်တာပေါ်ရှိဒေါ်လာငွေများကိုမက်မက်မောမောငမ်
းနေသေးပြီးနောက်, သူ့မျက်လုံးများကိုပိတ်လိုက်ကာ
ငွေများကိုအကိုချန်းဆီသို့တွန်းပို့လိုက်သည်။

ကောင်းဖန်ကကြက်ဥခေါက်ကြော်လုပ်ဖို့အတွက်
ကြက်ဥအနည်းငယ်ကိုမခွဲဘဲနဲ့ မရဘူးလို့ပြောတယ်။
ငါကတစ်လလုံးသူ့ရဲ့အောင်နိုင်မှုနဲ့အတူဘုရင်တစ်ပါးလို
စားနိုင်ဖို့ အတွက်ဘဲ၊ အစာစားတိုင်း
ငါးခြောက်ကိုသုံးပိုင်းခွဲမယ်: တစ်ခုကငါ့အစာအိမ်လေး
အတွက်, တစ်ခုကမိုးရွာတဲ့နေ့အတွက် ,

ပြီးတော့တစ်ခုကဆီလီကိုပေးပြီးခြောက်လှန့်လို့ရအောင်လို့။

အကိုချန်းကသူ့ရှေ့တွင်ငွေအမြောက်အများကိုတွေ့လိုက်ရသဖြင့်အံ့ဩသွားတော့ သည်။ သူကစတင်ရေတွက်လိုက်သည်။

ဘဲ၏ပိုက်ဆံကိုသုံးကြိမ်ရေတွက်ပြီးနောက် အကိုချန်းက “ဒီမှာ မဟာမိတ်ဒေါ်လာ 5,129.70။ ဒါက မင်းလောင်းကြေးတင်ချင်သလောက်လား?”

ဂိုဒီကအကိုချန်းကိုကြောင်အစွာဖြင့်ကြည့်နေသည်။

အကိုချန်းကသူ့မေးခွန်းကိုအကြိမ်အနည်းငယ်လောက်ထပ်ပြောလိုက်သည်။ သို့သော်, ဂိုဒီဆီကသူပြန်ရတဲ့တစ်ခုတည်းသောတုန့်ပြန်မှုမှာ ဗလာမျက်လုံးများဖြင့်ကြည့်နေ ခြင်းသာဖြစ်သည်။

စာစဉ် ၁၆

ဂိုဒီကထိုလက်မှတ်များကို လေးနက်သောအမူအရာဖြင့်ကြည့်လိုက်သည်။ သူကထိုအပေါ်တွင်ဘာတွေရေးထားမှန်းမသိပေ။ ၎င်း၏အိတ်ထဲတွင်လက်မှတ်များ ပြန်ထည့်ပြီးနောက်, ဂိုဒီကဆိုင်ထဲကနေပြန်လျှောက်ထွက်သွားတော့သည်။

သတ္တမမြောက်ပွဲစဉ်ကညနေလေးနာရီခွဲတွင်စတင်ခဲ့သည်။

လီယွိကပရိတ်သတ်သိပ်ပြီးစိတ်ပါဝင်စားမှုမရှိသည့်ထိုပွဲတွင် ဒိုင်လူကြီးလုပ်ခြင်းဖြစ် သည်။

သို့သော်, ပွဲရလဒ်သည် မေးရိုးများစွာကိုအောက်သို့ပြုတ်ကျသွားစေခဲ့သည်။ ပွဲချိန်က ဆယ်မိနစ်အလိုတွင်ပြီးဆုံးသွားခဲ့သည်။

ယဲ့ရိုးရွာမှပြိုင်ပွဲဝင်ကရှုံးနိမ့်သွားခဲ့သည်။

ကျန်းရီကအမှန်တကယ်ပြိုင်ပွဲဝင်မြင်းနက်ဖြစ်သည်၊
သူ၏ကိုယ်ပိုင်သားရဲမှာ ထူးခြားအဆင့်အတန်း
ကွန်မန်ဒါအဆင့်သားရဲတစ်ကောင်သာမက, ၎င်းသည်
မီးအမျိုးအစားလည်းဖြစ်ကာ,
ယဲ့ရိုးပြိုင်ပွဲဝင်၏သစ်သားအမျိုးအစားကို ဆန့်ကျင်သည့်
အမျိုးအစားလည်းဖြစ်သည်,
ကောင်းဖန်ကတွေးလိုက်သည်၊ သူကပွဲစကတည်းက
ပြိုင်ပွဲရလဒ်ကိုကြိုတင်မှန်းဆပြီးသားဖြစ်သည်။

အိမ်ကြီးများဘက်ပြန်သွားရလျှင်,
ကောင်းဖန်၏သားရဲများသည် တီဗွီတွင် ပြိုင်ပွဲ၏
ရလဒ်ကိုကြည့်နေကြသည်။

ဂိုဒီကတော့ဘာတွေဖြစ်နေလဲဆိုတာမသိပေ။
သို့သော်လည်း ကောင်းဖန်ထံမှ
ဖုန်းခေါ်ဆိုမှုကိုလက်ခံရရှိပြီးနောက်

ဆိုဖာပေါ်မှပျော်ရွှင်စွာခုန်ဆင်းလိုက်သည်။ “ငါးခြောက်! ငါးခြောက်, ငါးခြောက်!”
ဂိုဒီကစိတ်လှုပ်ရှားနေသောကလေးလို ဆိုဖာကိုပတ်၍ပြေးနေသည်။

ဆီလီကဂိုဒီကိုထူးထူးဆန်းဆန်းကြည့်လိုက်သည်၊ ဘဲကဘာကိုအဲ့လောက်စိတ်လှုပ်ရှား နေတာတုန်း၊ ၎င်းသည်သူ၏နေရာလပ်မှသစ်သီးဖျော်ရည်ပုလင်းကိုထုတ်လိုက်ပြီး အဖုံးအားအစင်းလေးကိုကိုက်ခိုင်းလိုက်သည်၊ ထို့နောက်၎င်းကကျွမ်းကျင်စွာဖြင့်, စက္ကူဘူးထဲသို့ပိုက်ကိုထိုးထည့်လိုက်ပြီး ပျော်ရွှင်စွာဖြင့်သစ်သီးဖျော်ရည်ကိုသောက်နေတော့သည်။

ဂိုဒီကနောက်ဆုံးတော့ စိတ်အေးသွားပြီဖြစ်ကာ, ၎င်းကာသူ၏အိတ်ထဲမှထီလက်မှတ်

များကိုထုတ်လိုက်ပြီး
ၾငင်းကိုနီးနီးကပ်ကပ်ကြည့်လိုက်သည်၊ ဒါက
နည်းနည်းလေး ရုပ်ဆိုးတယ်, ၾငင်းကတွေးလိုက်သည်၊
သူ့အမွေးတွေကောဘယ်မှာလဲ? ထို့နောက် , ဂိုဒီက
လက်မှတ်ကိုအိတ်ထဲသို့ပြန်ထည့်လိုက်ပြီးကျေနပ်စွာဖြင့်
ပုတ်လိုက်သည်၊
ဒါကသူ့ရဲ့အစားအသောက်လက်မှတ်ဘဲ!။

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၅၃*

ကောင်းဖန်တောင်ပေါ်ဗီလာကိုပြန်ရောက်သည်နှင့် ပထမဆုံးမြင်လိုက်ရသည်က အဝါရောင်အမွေးများနှင့်ထုပ်ပိုးထားသည့်အရာကသူ့ဆီသို့တဟုန်ထိုးပြေးလာသည်ကို မြင်လိုက်ရသည်၊ သူကစိတ်လှုပ်ရှားနေသောဂိုဒီကြောင့်ချက်ချင်းပင်မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။

ကောင်းဖန်သည်ဘဲကိုစိုက်ကြည့်လိုက်သည်၊ “မင်းရဲ့ငါးခြောက်ကိုလိုချင်နေတုန်း လား?!”

ဂိုဒီကသဲကြီးမဲကြီးခေါင်းညိတ်လိုက်သည်၊ “အင်း!” ၎င်းကစိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

စာစဉ် ၁၆

ကောင်းဖန်ကမတ်တပ်ရပ်လိုက်ပြီး
သူ့ဘောင်းဘီမှဖုန်များကိုပုတ်ခါလိုက်ကာ,
စိတ်ဆိုးမာန်ဆိုး ဖြင့်တီးတိုးပြောလိုက်သည့်,
"ငါ့နောက်ကလိုက်ခဲ့"

ထို့နောက်သူသည်အစင်းလေးကိုခေါ်၍
၎င်း၏ကျောပေါ်သို့တက်လိုက်သည်၊
ဂိုဒီနှင့်အတူသူတို့သုံးယောက်လုံးတောင်ပေါ်မှလာမှထွ
က်လာကြသည်၊ ပွဲရလဒ်များကို
ကြေငြာပြီးကတည်းကဂိုဒီသည်အဆက်မပြတ်စိတ်လှုပ်
ရှားနေခဲ့သည်။

ဘဲကလေးဘဝကတည်းက
ဂိုဒီသည်သူ့အိတ်ထဲ၌ရှိသည့်အရာအားလုံးသည်
သူ့အတွက်ချည်းဘဲဆိုတဲ့
အခြေခံသဘောတရားကိုနားလည်ခဲ့သည်၊ ထိုတွေးခေါ်မှု
အရဖြင့်ပင်,

စာစဉ် ၁၆

သူတောင်ပေါ်မှာရှာတွေ့ခဲ့သည့်အင်းဆက်များသည်သူ့အပိုင်မဟုတ်ပေ, ၎င်းတို့ကိုတခြားသားရဲများကအချိန်မရွေးစားသုံး၍ရသည်။

ပြန်လည်ပေးအပ်ခြင်းစင်တာ၏အပြင်ဘက်၌ရပ်လိုက်ပြီးနောက် ကောင်းဖန်ကဂိုဒီကို ပြောလိုက်သည်,
"ငါတို့မင်းနဲ့တူတူမလိုက်တော့ဘူး၊ ထီလက်မှတ်တွေကမင်းရဲ့သားရဲသက်သေခံကတ်ပြားနဲ့ဝယ်ခဲ့တာ၊ မင်းဘဲသွားပြီးပြန်အမ်းဆုငွေသွားယူလို့ရမှာ"

ဂိုဒီကကောင်းဖန်ကိုစူးစမ်းစွာဖြင့်ကြည့်လိုက်သည်၊
"ဂတ်?"

"အဲ့တာမင်းရဲ့ဆုဘဲ၊ အထဲဝင်ပြီးမင်းကိုယ်တိုင်သွားယူချည်၊ ငါမင်းနဲ့အတူလိုက်မှာမဟုတ်ဘူး" ကောင်းဖန်က

## စာစဉ် ၁၆

ထိုဘဲနားလည်အောင်အတတ်နိုင်ဆုံးရိုးရိုးရှင်းရှင်း
ပြောလိုက်သည်။

…

သာမန်လူများသည် ပြန်လည်ပေးယူသောအခါတွင်
၎င်းတို့၏အထောက်အထားများကို
ဖုံးကွယ်ရန်အတွက်တစ်ခါတစ်ရံ၎င်းတို့၏မျက်နှာဖုံးများ
အပြင် တစ်ခါတစ်ရံတိရိစ္ဆာန်
ဝတ်စုံများကိုပါဝတ်တတ်ကြသည်။

မတော်တဆလိုဘဲ,
ဂိုဒီကသာမန်လူတစ်ယောက်လိုအရပ်ရှည်ပြီး
အပြင်ထွက်တဲ့အခါ
အဝါရောင်အမွှေးအကျီအမြဲဝတ်ထားသည့်ဂိုဒီက
သူတို့၏ထီထိုးသူတိုင်းနှင့် တူညီနေသည်။

## စာစဉ် ၁၆

ထိုအချိန်တွင်
ပြန်လည်ပေးအပ်ခြင်းဌာနၐ္ဍလူသိပ်ပြီးမရှိပေ။

အလုပ်သမားအနည်းငယ်က
သူထိုနေရာသို့ဝင်လာသည်ကိုတွေ့သောအခါ
အပြေးအလွှားဖြင့်ဂိုဒီဆီသို့သွားကြသည်။

"ကောင်းသောနေ့ပါ၊
ဒီကိုပြန်အမ်းဆုငွေထုတ်ဖို့ဘာတာလား?"

"ဂတ်"

"မစ္စတာ, စကားပြောပေးလို့ရမလား"

"ဂတ်"

"..."

"လုံခြုံရေး, လုံခြုံရေး!" အလုပ်သမားတစ်ယောက်က
လုံခြုံရေးကိုခေါ်တော့သည်။

ဘန်း၊
ဂိုဒီကငင်း၏ထိလက်မှတ်များကိုကောင်တာပေါ်သို့ရိုက်ခ
ျ၍တင်လိုက်ပြီး, ရင်ဘတ်ကိုဖိကာ,
အလုပ်သမားများကိုကြည့်လိုက်သည်။

"အဲ…." သူ့အသက်မွေးဝမ်းကြောင်းအလုပ်မှာ
အမှားကြီးကျူးလွန်မိတော့မယ်ဆိုတာ
သိတာနဲ့အလုပ်သမားက
ချက်ချင်းဦးညွတ်ပြီးဂိုဒီကိုတောင်းပန်လိုက်သည်။

"နားလည်မှုလွဲသွားတဲ့အတွက်တောင်းပန်ပါတယ်
မစ္စတာ၊ ကျေးဇူးပြုပြီး, ကျွန်တော့်ကို
ခင်ဗျားရဲ့သက်သေခံကတ်ပြားအရင်ပြလို့ရမလား"
အလုပ်သမားကယဉ်ကျေးစွာဖြင့် ပြောလိုက်သည်။

ငင်း၏အိတ်အတွင်း၌လှန်လှောရှာဖွေပြီးနောက်,
ဂိုဒီကသူ၏သက်သေခံကတ်ပြားကို ဆွဲထုတ်လိုက်ပြီး,
အလုပ်သမား၏လက်ထဲသို့တွန်းဖိပေးလိုက်သည်။

ဘဲ၏တောင်ပံc

မည်မျှပင်လေးလံသည်ကိုခံစားလိုက်သဖြင့်

အလုပ်သမားကစောင့်ကြပ်၍ ထိုကဒ်ကို ယူလိုက်သည်။

သူကကတ်ကိုအနီးကပ်ယူကြည့်လိုက်သည်၊

၎င်းကဖတ်လိုက်သည်, "ပထမမျိုးဆက်သားရဲ

သက်သေခံကတ်၊ အမည်–ကျောက်ဘဲ၊

မှတ်ပုံတင်နံပါတ်– 5811919။"

အလုပ်သမားကအံ့သြသွားတော့သည်၊

နောက်နေတာလား? သူကတွေးလိုက်သည်။

ခင်ဗျားကဘာလို့သားရဲတစ်ကောင်ရဲ့

သက်သေခံကတ်ပြားကိုလာပြရတာလဲ?

"တောင်းပန်ပါတယ်ဗျ,

ကျွန်တော်ခင်ဗျားရဲ့သက်သေခံကတ်ပြား…"

စာစဉ် ၁၆

“ဂတ်!” ဂိုဒီကစိတ်မရှည်စွာဖြင့်
သူ၏အတောင်များအားအလုပ်သမားကိုဝှေ့ယမ်းပြ
လိုက်သည်။

ထိုနေရာတွင်
သူတို့နှစ်ယောက်ကြားခဏလောက်တိတ်ဆိတ်သွားသ
ည်။ မကြာမီတွင်, အလုပ်သမားက
တကယ်တမ်းသူ့ရှေ့မှာရပ်နေတာဘဲတစ်ကောင်ဖြစ်ပြီး,
လူတစ်ယောက်ကcostumeဝတ်ထားတာမဟုတ်ကြောင်
းသတိထားမိလိုက်သည်။

စိတ်ရှုပ်စရာတွေအများကြီးကြားထဲမှ
ဂိုဒီသည်နောက်ဆုံးတော့ဆုကိုထုတ်ယူခွင့် ရခဲ့သည်။

လောင်းကစားကစားသူသားရဲများကရှားပါးသည်,
ဒါပေမယ့်လုံးလုံးလျားလျား မရှိတာတော့မဟုတ်ပေ။
လူသားတွေကဲ့သို့ပင်, သူတို့တွင်လည်းဆိုးရွားသော
လောင်ကစားအလေ့အထများပေါ်လာတတ်ကြသည်။

“ဘယ်လိုဖြစ်သွားလဲ? ပိုက်ဆံရခဲ့လား?” ကောင်းဖန်ကကြိုးသိုင်းအိတ်ကိုလွယ်၍ လာသောဂိုဒီကိုတစ်ချက်ကြည့်လိုက်ပြီး မေးလိုက်သည်။

ဂိုဒီကသူ့အတောင်ဖြင့် အိတ်ကိုရိုက်လိုက်သည်၊ “ငါ့ဟာ!”

“ကောင်းပြီ, ငါမင်းဟာမှန်းသိတယ်” ကောင်းဖန်ကဂိုဒီ၏ခေါင်းကိုပုတ်လိုက်ပြီး ပြောလိုက်သည်။ “ပြီးတော့, အခုမင်းမှာရှိတာထက်ငါကပိုပြီးဝင်ငွေရှိတယ်၊ ငါကမင်းဆီကနေခိုးစရာတောင်မလိုဘူး”

ကောင်းဖန်အားဝတ်ကျေတမ်းကျေဖြင့် တဂတ်ဂတ်လုပ်ပြီးနောက်, ဂိုဒီသည် အိတ်ကိုဖွင့်ကာ အတွင်းထဲရှိပိုက်ဆံများကိုလောဘကြီးစွာဖြင့်ကြည့်နေသည်။

သူ့ဘဝမှာဒီလောက်များတဲ့ငွေတစ်ခါမှမြင်ဖူးသေးဘူး။

စာစဉ် ၁၆

ညစာစားပြီးနောက်,
ကောင်းဖန်ကဆိုဖာပေါ်မှထိုင်နေပြီး
အချိန်အတိုင်းအတာတစ်ခု
အထိရှိုးတစ်ခုကိုထိုင်ကြည့်နေခဲ့သည်။ ထိုအချိန်တွင်
ဂိုဒီသည်ဆိုဖာပေါ်တက်ကာ
ကောင်းဖန်၏ပုခုံးများကိုအတောင်ပံများဖြင့်
တင်းတင်းကြပ်ကြပ်နှိပ်ပေးလိုက်သည်။

“ဘာဖြစ်နေတာတုန်း, ဂိုဒီ?”

“ကောင်းဖန်,
မင်းကငါ့တစ်ဘဝလုံးမြင်ဖူးတဲ့အထဲမှအမွေးမရှိဘဲနဲ့
အချောဆုံးလူဘဲ” ဂိုဒီကပြောလိုက်သည်။

ကောင်းဖန်ကတစ်ခစ်ခစ်ရယ်လိုက်ပြီး,
ဂိုဒီ၏အတောင်များကိုပုတ်လိုက်သည်၊
“အဲ့တာတွေကိုမင်းကိုယ်မင်းဘဲသိမ်းထားစမ်းပါ။

အပြင်မှာငါ့ရုပ်ရည်ကြည့်ကောင်းတာ မင်းချီးကျူးလိုက်မှဆိုးကုန်တော့မယ်”

ဂိုဒီကကောင်းဖန်၏ပုခုံးများကိုဆက်၍နှိပ်ပေးနေသည်၊ ခဏလောက်ကြာတော့ဂိုဒီက မေးလိုက်သည်,

“ကောင်းဖန်, နောက်ထပ်ပြိုင်ပွဲအတွက် ထပ်ပြီးစဉ်းစားထားတာတွေ ရှိသေးလား?”

“သေချာပေါက်ပေါ့၊ နေပါဦး, မင်းကနောက်ထပ်ထီလက်မှတ်တွေဝယ်ဖို့စဉ်းစားနေတာလား?”

ကောင်းဖန်ကသူ့မျက်လုံးများကိုထောင့်ကပ်ပြီးဂိုဒီကိုကြည့်လိုက်သည်။

ဂိုဒီကစိတ်လှုပ်ရှားစွာဖြင့်ခေါင်းညိတ်လိုက်သည်။

“လောင်းကစားလုပ်တာမကောင်းဘူး, မင်းသိပါတယ်” ကောင်းဖန်ကသူ့ခေါင်းကို ယမ်း၍ပြောလိုက်သည်။

စာစဉ် ၁၆

“ငါကအပျော်တမ်းအလောင်းအစားလုပ်ဖို့ဘဲ မင်းကို လွှတ်လိုက်တာ၊ ကိုယ်ကိုယ်တိုင်လောင်းကစားမစွဲတာပိုကောင်းတယ်”

“မဟုတ်ဘူး, သချာပေါက်မဟုတ်ဘူး” ဂိုဒီကခိုင်မာစွာပြောလိုက်သည်။

“ဒါဆိုလည်းကောင်းပြီလေ၊ အိပ်တော့၊ ပြီးတော့မင်းရဲ့ခေါင်းထဲမှာ ရယ်စရာကောင်းတဲ့ အကြံဉာဏ်တွေကိုစပြီးလုပ်မနေနဲ့” ကောင်းဖန်ကဂိုဒီ၏ခေါင်းကိုညင်သာစွာဖြင့် ပုတ်၍ပြောလိုက်သည်။ ထို့နောက်, သူ့ဖုန်းကမြည်လာသည်၊ သူကချက်ချင်းဘဲ ပြန်ဖြေလိုက်သည်။

“ဟယ်လို….ဟုတ်ကဲ့, ကျွန်တော်ကောင်းဖန်ပြောနေတာပါ”

စာစဉ် ၁၆

“ကျန်းရှောင်? အင်း, ကျွန်တော်သူ့ကိုသိတယ်၊ သူကဟွားရှားနယ်ပယ်ရဲ့အလားအလာ ရှိတဲ့ပြိုင်ပွဲဝင်တွေထဲကတစ်ယောက်ဘဲ၊ သူနဲ့ပွဲပြီးရင် ထမင်းစားနိုင်ဖို့အချိန်ပေးနိုင် လောက်မှာပါ”

ကောင်းဖန်ကမျက်နှာတွင်အပြုံးများချိတ်ဆွဲထားလျှက် ပြောသည်။ ဖုန်းထဲမှာကျန်းရှောင်၏အဖေဖြစ်သည်၊ သူ့လေသံကိုအကဲဖြတ်ကြည့်ရလျှင်, ထိုလူကြီးကသူ့ကိုအတော်လေး လေးစားနေပုံရသည်။ သူ့သားကိုကောင်းဖန်နှင့် ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်နိုင်ရန်စိတ်ရင်းမှန်ဖြင့်လိုလားသည်ဟု လည်းသူထင်သည်။

ကောင်းဖန်သည်မကြာသေးမီကတောင်ပိုင်းကောင်းကင်အဖွဲ့၏အမွေဆက်ခံသူအဖြစ် လည်းကောင်း, လအနည်းငယ်အတွင်း၁၉နှစ်ပြည့်တော့မည့်ဉာဏ်ကြီးရှင်

စာစဉ် ၁၆

သားရဲလေ့ကျင့်သူအဖြစ်လည်းသူ၏အထောက်အထား
ကိုကမ္ဘာသိ ထုတ်ဖော်ခဲ့သည်
ကိုတွေ့ရခြင်းဖြင့်ထိုအရာကအတော်လေးကိုသာမန်ဖြစ်
နေသည်။

ထုံးစံအတိုင်း,
ကောင်းဖန်၏အကောင်းမြင်မှုကိုလိုချင်တဲ့သူတွေ
မလုံလောက်အောင် ပင်ရှိနေလိမ့်မည်။

ကောင်းဖန်ကကျန်းရှောင်သည်စကားသိပ်မပြောဘဲ
ထောင့်တစ်ထောင့်တွင်နေ၍
သူ၏ဖုန်းဖြင့်သာကော်နှင့်ကပ်ထားသလိုဖြစ်နေသည့်အ
ရပ်ရှည်ရှည်,ဂလန်ဂလား လူငယ်တစ်ယောက်ဖြစ်သည်။

ကျန်းရှောင်သည်အလားအလာရှိသောပြိုင်ပွဲဝင်တစ်ဦး
ဟုဆိုခြင်းသည်အနည်းငယ်
တော့ချဲ့ကားထားခြင်းဖြစ်သည်။ အကောင်းဆုံးကတော့,
သူကသာမန်မျှဖြစ်သော

စာစဉ် ၁၆

သားရဲလေ့ကျင့်သူတစ်ဦးဖြစ်သည်။ သို့သော်, ပြိုင်ပွဲ၏ဒုတိယအကြိမ်သို့ရောက်ရန် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ကောင်းဖန်သည်သူ့ကိုထူးချွန်သော သားရဲလေ့ကျင့်သူ တစ်ယောက်ဖြစ်အောင်ပြုစုပျိုးထောင်နိုင်ဆဲဖြစ်ကြောင်းအသိအမှတ်ပြုသည်။

ဂိုဒီကတော့သူ့ဖုန်းချတဲ့အချိန်ထိခိုင်မာစွာကြည့်နေဆဲဖြစ်သည်။ "မင်းအဲ့မှာ ဘာလို့ဆက်ပြီးရပ်နေသေးတာလဲ? သွားအိပ်တော့လေ"

ဂိုဒီကတွန့်ဆုတ်နေပြီး သူ့အခန်းထဲသို့လျှောက်သွားတော့သည်။ ၎င်းကအိပ်ယာပေါ်၌ မငြိမ်မသက်လှည့်နေပြီး ပြတင်းပေါက်အပြင်ဘက်ရှိလကိုတစ်ညလုံးကြည့်နေသည်၊

ဒါကပထမဆုံးအကြိမ်အိပ်မပျော်ခြင်းကိုခံစားရတာဖြစ်သည်...

နောက်တစ်နေ့တွင်
ကောင်းဖန်သည်အားကစားကွင်းသို့ပြန်သွားခဲ့သည်။

ဂိုဒီသည်မျက်လုံးအောက်တွင်လေးလံနေသောမျက်အိတ်နှစ်ခုဖြင့်အခန်းထဲမှ
ထွက်လာပြီးဗီလာတစ်ဝိုက်တွင်အစင်းလေးကိုလိုက်ရှာလိုက်သည်။

"အစင်းလေး,ငါမင်းရဲ့အကူအညီလိုတယ်"

အစင်းလေးကၣင်း၏ရိုးရှင်းလှသည့်သန့်ရှင်းအိမ်စာတွေကိုလုပ်နေတာဖြစ်သည်၊ "ခရစ်, ခရစ်?"

"မင်းကငါသိတဲ့အထဲမှာပညာအရှိဆုံးသားရဲဘဲ" ဂိုဒီကပြောလိုက်သည်။

စာစဉ် ၁၆

အစင်းလေးကဘဲတစ်ကောင်၏ချီးကျူးသံကိုကြားရသေ
ာအခါသူ၏ခြေထောက်များကို
မြေပြင်ပေါ်တွင်စိတ်လှုပ်ရှားစွာဖြင့်ပုတ်လိုက်သည်။

ထို့နောက်,
၎င်းကအစင်းလေးကိုစူးစမ်းစွာဖြင့်ကြည့်လိုက်သည်၊
ထိုဘဲက အဖွဲ့ထဲကို
ပထမဆုံးစဝင်ကတည်းကတခြားသူများကိုစကားပြော
တာရှားသည်၊ ဒမ်ဘီကဲ့သို့ပင်,
၎င်းကအမြဲတမ်းထောင့်တစ်ထောင့်တွင်ထိုင်ပြီး
ဘာမဟုတ်သည့်တစ်စုံတစ်ရာကို
စိုက်ကြည့်နေရတာပိုနှစ်သက်သည်။

အခုဘာလို့အရမ်းကိုစကားပေါနေရတာလဲ?
အစင်းလေးကသိချင်မိသည်။

သို့သော်,
ဂိုဒီ၏စကားလုံးများကတော့အမှန်တကယ်ဖြစ်သည်။

အစင်းလေးသည်
ကောင်းဖန်၏အဖွဲ့ထဲတွင်ပို၍ဉာဏ်အရှိဆုံးသားရဲဖြစ်သ
ည်။

၎င်းကသူ့ကိုသင်ပေးမှုအမြောက်အများကြောင့်ကောင်းဖ
န်ကိုတိတ်တဆိတ်ဖြင့် ကျေးဇူးတင်လိုက်သည်။

"ဘယ်လိုကူညီမှုမျိုးလဲ?"
ကောင်းဖန်၏ဂုဏ်သိက္ခာရှိသောကိုယ်နေဟန်ထားကို
တုပရန်ကြိုးစားမှုတွင်
အစင်းလေးသည်၎င်း၏ခန္ဓာကိုယ်အပေါ်ပိုင်းကိုအနည်းင
ယ် မြင့်လိုက်ပြီး
၎င်း၏ရှေ့ခြေထောက်များကိုခေါက်ထားလိုက်သည်။

"ကျန်းရှောင်အပါအဝင်ကွာ, စာရေးဖို့ကူညီပေး"
ဂိုဒီကာသစ်သားဘုတ်ပြားကို
အစင်းလေးရှေ့သို့နေရာချလိုက်သည်။ မနေ့ညက,
ကောင်းဖန်ကကျန်းရှောင်သည်

အလားအလာရှိသောပြိုင်ပွဲဝင်ဟူ၍ပြောခဲ့သည်၊
အရူးဘဲသူ့ကိုလောင်းကြေးမထပ်မှာ!”

အစင်းလေးကရင်း၏မျက်လုံးများကိုကျဉ်းမြောင်း၍
ဘဲအားကြည့်လိုက်သည်၊
“မင်းသူ့ကိုသွားပြီးလောင်းကြေးထပ်မလို့လား?”

“ဘာလဲ? မဟုတ်ပါဘူး, ငါကဘဲတစ်ကောင်ဘဲကို၊
ငါကဘာလို့လူကိုလောင်းကြေး ထပ်ရမှာလဲ?”
ဂိုဒီကစိတ်လှုပ်ရှားစွာဖြင့်ပြောလိုက်သည်။

“ဟမ့်၊ အကယ်၍ကောင်းဖန်သာဒါကိုသိသွားရင်,
ငါ့ကိုဒီထဲကနေထုတ်ထားလိုက်”
အစင်းလေးကပြောလိုက်သည်။

“ကောင်းပြီ, ငါလုပ်ပါ့မယ်”
ဂိုဒီကသူ့ရင်ဘတ်ကိုတောင်ပံဖြင့်ပုတ်ပြလိုက်ပြီး

ပြောလိုက်သည်၊ “အကယ်၍ငါနိုင်ရင်,
မင်းကိုငါးခြောက်နဲ့ကျွေးမယ်!”

အစင်းလေးကစတင်၍သစ်သားဘုတ်ပြားပေါ်တွင်စာလုံးများကိုဂုင်း၏ခြေထောက်တစ်ချောင်းဖြင့်ကုတ်ခြစ်၍, သစ်သားစများကလည်းနေရာအနှံ့တွင်ပြန့်ကျဲနေကြသည်။

နေ့လည်ခင်းတွင်, အဝါရောင်အမွေးများဖြင့်ပုံရိပ်သည် ‘ပျော်ရွှင်ခြင်းလောင်းကစား’ ဆိုင်ထဲသို့ဝင်သွားပြီး သစ်သားဘုတ်ကိုမြေပြင်ပေါ်သို့ပစ်ချလိုက်သည်၊ “ဂတ်!”

အကိုချန်းမျက်လုံးများပြူးကျယ်၍ဂိုဒီကိုကြည့်လိုက်သည်၊ ထပ်ပြီးတော့မင်းဘဲ။

ဘဲကထိုအပေါ်တွင်လေးလေးနက်နက်စွဲလမ်းနေတာဖြစ်သည်။

စာစဉ် ၁၆

မနေ့က,ကျန်းရှီ၏ဆယ်မိနစ်ကြာအောင်ပွဲအပေါ်လောင်းကြေးထပ်ခဲ့တာကို,
အကိုချန်းကလုံးဝအံ့ဩသွားခဲ့ရသည်။
ပေးချေမှုရာခိုင်နှုန်းမှာ ၉၇မှ၁ဖြစ်သည်ကို
သူမှတ်မိသေးသည်၊ သူ့ဘာသာပြန်တွေးကြည့်လိုက်ရင်,
၎င်းကအတော်လေးများသည့် ပိုက်ဆံဖြစ်သည်။

သူကဂိုဒီ၏လျှို့ဝှက်ဆန်းကျယ်သောသခင်အကြောင်းကိုစူးစမ်းချင်လာသည်၊ သူ သို့မဟုတ်
သူမသည်ထိုသို့သောရလဒ်ကိုကြိုမြင်နိုင်သည့်
လောင်းကစားကျွမ်းကျင်သူ ဖြစ်ရမည်။

အကိုချန်းသည်သစ်သားဘုတ်ကိုကောက်ကိုင်လိုက်သည်၊ အကုန်လုံးကျန်းရှောင်လား?

သူကကြည့်ရတာဒုတိယအကြိမ်ဆယ့်လေးကြိမ်မြောက်ပွဲသည် ဟွားရှားနယ်ပယ်မှ ကျန်းရှောင်နှင့် ဗြိတိန်ရှိဗီးနစ်တို့ဖြစ်သည်။

ငွေပေးချေမှုအချိုးက 1:6 ဖြစ်ပြီး
လောင်းကစားဆိုင်ကကျန်းရှောင်သည်အနိုင်ရနိုင်ချေ
ရှိသည်ဟုထင်မထားခဲ့ချေ။

အကိုချန်းက
ဒီလိုမျိုးထူးထူးခြားခြားတွေ့ကြုံခဲ့ရသည့်အတွက်
ဂိုဒီ၏သခင်ကို မလေးစားဘဲမနေနိုင်ပေ။

ဂိုဒီက
သူ့ပိုက်ဆံတွေအားလုံးကိုကောင်တာပေါ်တင်လိုက်သည်
။ "ဂတ်!" အကိုချန်းကို
ထီလက်မှတ်ကိုအားယမ်းပြကာပြောလိုက်သည်။
၎င်းကသူ့ခြေထောက်တွေက
ဝါဂွမ်းပေါ်ခြေချထားရသလိုပေါ့ပါးနေသည်ကိုခံစားလို
က်ရသည်။

ဟမ်ြ,
ငါကမင်းရဲ့တုံးအတဲ့အကြံညာဏ်တွေကိုမလိုအပ်ဘူး,

ကောင်းဖန်။ ငါကိုယ်တိုင်
ပိုက်ဆံတွေရအောင်လုပ်နိုင်တယ်!
သူကတွေးလိုက်သည်။

ဂိုဒီက
သူသည်ကမ္ဘာပေါ်တွင်အချမ်းသာဆုံးဘဲတစ်ကောင်ဖြစ်
လာတော့မည်ဟု တွေးရင်းအိမ်သို့ပြန်လာခဲ့သည်။

ကောင်းဖန်ကညနေရောက်တော့ပြန်လာခဲ့ပြီး,
ဂိုဒီကသူ့ကိုထီထိုးထားသည်အား ပြလိုက်သည်၊
“ကောင်းဖန်, ဒါကိုကြည့်၊
ငါကဒါနဲ့ငွေဘယ်လောက်လုပ်နိုင်မလဲ?ဂ

“ဘာကြီး? ကောင်းဖန်က
ဂိုဒီ၏အတောင်ပံတွေထဲမှထီလက်မှတ်များကို
ဆတ်ခနဲဆွဲယူလိုက်သည်၊

ကောင်းဖန်၏မျက်နှာကဘာတွေရေးထားလဲဆိုတာကို တွေ့လိုက်တဲ့အခါ ရှုံ့တွသွားတော့သည်၊

"မင်းဒါကိုဝယ်ခဲ့တာလား?"

"အင်းလေ!" ဂိုဒီကပျော်ရွှင်စွာဖြင့်ပြောလိုက်သည်၊

ကောင်းဖန်ကသက်ပြင်းချလိုက်ပြီး ဂိုဒီကိုသနားစွာဖြင့်ကြည့်လိုက်သည်၊

"မင်းဘာလို့အနိုင်ရတာကျန်းရှောင်ဆိုပြီးသုံးလိုက်ရတာလဲ... မင်းအဲ့လောက်တောင် တုံးလား?"

"ဘာကြီး?" ဂိုဒီကရှုပ်ထွေးစွာဖြင့်ပြောလိုက်သည်။

"အားနာပါတယ်ကွာ, ဒါပေမယ့်မင်းတော့ ဆင့်ငွေတွေကိုပြန်ရမှာမဟုတ်တော့ဘူး" ကောင်းဖန်ကဂိုဒီ၏အတောင်ပံများကိုပုတ်ကာနှစ်သိမ့်ကာပြောလိုက်သည်၊

စာစဉ် ၁၆

“မင်းဘာလို့အဲ့လိုပြောရတာလဲ? ငါရှုံးသွားတာလား?!” ဂိုဒီကမျက်လုံးများပြူးကျယ်၍ အံ့သြစွာဖြင့်ပြောလိုက်သည်။

“ကျန်းရှောင်ကဒီနေ့ နေ့ခင်းသူ့ပွဲမှာရှုံးတယ်လေ၊ မင်းကမင်းပိုက်ဆံတွေကို ဘာမှမဟုတ်တာကိုသုံးပြစ်လိုက်တာဘဲ” ကောင်းဖန်ကသူ့ခေါင်းကိုယမ်းကာ ပြောလိုက်သည်၊ “ဘာငါးခြောက်မှမင်းအတွက်မရှိတော့ဘူး”

သူက အပေါက်ဝတွင်စိတ်ပျက်လက်ပျက်ဖြင့်တစ်ယောက်တည်းရပ်နေသော ဂိုဒီကို ထားခဲ့လိုက်သည်။

***

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၅၄*

ဂိုဒီသည်နေဝင်ရီမှောင်ချိန်တွင်အိမ်ထဲသို့ပြန်ဝင်လာခဲ့သ
ည်၊

ဖလိမ်မီသည်အဆီများသောငါးကြီးကိုရေပုံးထဲမှလောင်း
၍တစ်လုတ်တည်းမျိုချလိုက်ပြီးဂိုဒီကိုမျက်မှောင်ကြုတ်
၍ကြည့်လိုက်သည်။ အကြောင်းတစ်ချို့ကြောင့်ဘဲက
ကြည့်ရတာအလွန်ဆိုးရွားစွာပင်ပန်းနေပုံရသည်။

ဂိုဒီသည်မြေပြင်ပေါ်သို့လဲကျသွားပြီး
သူ့ရှေ့တွင်ရှိသောအစာကိုအသက်မဲ့စွာဖြင့်
စိုက်ကြည့်နေသည်။

ငါကတကယ်ကိုမိုက်မဲတဲ့သူဘဲ။

## စာစဉ် ၁၆

ဂိုဒီကသူ၏မျက်လုံးတွင်မျက်ရည်များစီးကျနေသည်ကိုခံစားမိနိုင်သည်။ သို့သော်, သူသန်မာရမည်ကိုသိသည်။ ဘဲကြီးတွေကမငိုရဘူး, ၎င်းကသူ့ကိုယ်သူသတိပေးလိုက်သည်။

ကောင်းဖန်ကဂိုဒီကိုယခုအချိန်တွင်စိတ်နှင့်ပတ်သတ်ပြီး ဘာနဲ့မှမလုပ်ရန်ဆုံးဖြတ်ထား သည်။
ကျန်းရီကိုနိုင်ရန်အလောင်းအစားလုပ်ဖို့အတွက် ဘဲကိုခွင့်ပြုထားမိတာ ဖြစ်သည်။
မိုးရွာတဲ့နေ့အတွက်ပိုက်ဆံစုသလိုမျိုးအသိတရားရှိသည့် လုပ်ရပ်မျိုး
လုပ်ရမည့်အစားသူ့နောက်တွင်ရှိသောပိုက်ဆံအားလုံးကို လောင်းကစားလုပ်၍ လွှတ်ပစ်လိုက်မိသည်။

“မင်းမှန်မှန်ကန်ကန်သုံးသင့်တယ်!”
ကောင်းဖန်ကရေရွတ်လိုက်သည်။

## စာစဉ် ၁၆

ဂိုဒီသည်သူ့ထံမှနှစ်သိမ့်မှုစကားတစ်ခွန်းကိုမျှော်လင့်နေသလိုမျိုးကောင်းဖန်ကို
မျက်ရည်စက်လက်ဖြင့်ကြည့်နေသည်။
သူပြောတာကိုကြားတော့မျက်ရည်များ ကျလာသည်။

"မင်းကိုတစ်ခုလောက်မေးပါရစေ_မင်းရဲ့လောင်းကြေးထပ်ဖို့ဆိုင်ပိုင်ရှင်ကို ဘယ်လိုလုပ်ခိုင်းတာလဲ၊
သူကမင်းပြောတာကိုနားမလည်နိုင်ဘူး။" ကောင်းဖန်ကစူးစမ်းစွာဖြင့်မေးလိုက်သည်။

သိပ်အဝေးကြီးမှာရှိမနေတဲ့အစင်းလေးက
ဘဲအားကောင်းဖန်ကစစ်ဆေးမေးမြန်းနေ
သည်ကိုကြားတော့တုန်လှုပ်သွားခဲ့သည်။

ငါသိနေတယ်, ဒီဘဲကငါ့ကိုသစ္စာဖောက်တော့မှာဘဲ။

အစင်းလေးကကောင်းဖန်၏မျက်နှာကိုသတိပြုမိသဖြင့်
မသက်မသာဖြစ်ကာ တုန်လှုပ်နေပြီး

ၐင်း၏ပါဝင်ပတ်သတ်မှုအားသိရှိနိုင်ခြင်းရှိမရှိအဖြေရရန်ကြိုးစားနေ သည်။

ထို့နောက်ဘယ်သူမှသတိမထားမိခင် အိမ်အပြင်ဘက်သို့ပြေးထွက်လာခဲ့သည်။

"အစင်းလေးကညာဏ်ကောင်းတယ်၊ သူ့လက်ရေးကအရမ်းလှတယ်" ဂိုဒီက စကားများထစ်ကာပြောလိုက်သည်။

အိမ်၏အပြင်ဘက်တွင်, ဘဲကသူ့နာမည်ကိုပြောတာကြားတော့ အစင်းလေးက မူးလဲလုနီးပါးဖြစ်သွားရသည်၊ အိမ်နောက်ဖေးမှာအပေါက်တစ်ပေါက်အမြန်တူးပြီး သူ့ကိုယ်သူထိုထဲတွင်မြှုပ်နေလိုက်သည်။

ဒါကငါနဲ့ဘာမှမဆိုင်ဘူး၊ ငါကရိုးသားတဲ့ပင့်ကူလေးတစ်ကောင်ဘဲ၊ ကောင်းဖန်က

သတင်းရပြီးတာနဲ့သချောပေါက်ဘဲကိုကင်စားပြီးတာနဲ့င
ါခါဆီလာမှာဘဲ။

"ငါသိပြီ, ဒါဆိုအစင်းလေးကမင်းကိုကူညီခဲ့တာဘဲ။"
ကောင်းဖန်ကခေါင်းညိတ်လိုက် သည်။
သူကအိမ်နောက်ဖေးသို့သွားလိုက်ကာလတ်လတ်ဆတ်
ဆတ်ပွထနေသည့်
မြေမှုန့်များကိုများစွာနင်းမိလိုက်သည်။ "အစင်းလေး,
သရုပ်ဆောင်နေတာ ရပ်လိုက်တော့၊
မင်းဂိုဒီကိုစာရေးပြီးကူညီတာငါသိတယ်၊ အဲ့ဒီအစား
တခြားလူရဲ့ ကိစ္စမှာနှာခေါင်းစွပ်မယ့်အစား
မင်းရဲ့လေ့လာမှုကိုဘာလို့ပိုပြီးအာရုံမစိုက်တာလဲ?"

နောက်တစ်နေ့, ဂိုဒီသည် 'ဘဏ္ဍာငွေ
ငွေကြေးဗဟိုဈေးကွက်' မဂ္ဂဇင်းခေါင်းစဉ်ကို
ဖတ်ကြည့်လိုက်သည်။
၎င်းကမဂ္ဂဇင်းတစ်ခုလုံးကိုသုံးနာရီလုံးဖတ်နေခဲ့တာဖြစ်

သည်။  နောက်ဆုံး, ၎င်းကမတ်တပ်ရပ်လိုက်ပြီး မဂ္ဂဇင်းကိုအမှိုက်ပုံးထဲသို့ပစ်ထည့်လိုက် သည်။

"ချီးဘဲ!" ဂိုဒီကအော်ဟစ်လိုက်သည်။ ၎င်းကသူ၏ရင်ဘတ်ကိုငုံ့ကြည့်လိုက်ပြီး ခဏလောက်ရပ်တန့်သွားသည်၊ အဲ့တာငါဘဲ၊ ငါကရှုပ်နေတဲ့လူဘဲ။

....

ပြိုင်ပွဲ၏တတိယအကြိမ်သည် ထိုနေ့တွင်စတင်ခဲ့သည်။ အစပိုင်းပွဲစဉ်နှစ်ခုနှင့်မတူဘဲ ပြိုင်ပွဲဝင်အားလုံးသည်တတိယအကြိမ်တွင် မူလနယ်ပယ်မခွဲခြားဘဲ အချင်းချင်းလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူဆယ့်ခြောက်ဦးသာကျန်ရှိသည်။

***(မသိ)

ပျမ်းမျှအားဖြင့်, နယ်ပယ်တိုင်းတွင် တတိယအကြိမ်သို့တက်လှမ်းသည့်သူများသည် သုံးဦးမှလေးဦးအထိရှိကြသည်။ သို့သော်လည်းအချို့သောအသင်းများမှာ လုံးဝမပါဝင်တော့ပေ။

ဟွားရှားနယ်ပယ်တွင်ပြိုင်ပွဲဝင်မှာလေးဦးကျန်ရှိသည်, ကျန်းရီ, ကျွင်းမော့ယီ, ကောင်းလဲ့ရှီနှင့် လုံပင်းယွိတို့ဖြစ်သည်။

ဗိုလ်လုပွဲတက်သူတစ်ဦးစီတွင် သူတို့၏ကိုယ်ပိုင်ACEသားရဲများရှိသည်။

ကျန်းရီ၏အသန်မာဆုံးသားရဲသည် ပရိတ်သတ်များမှ ‘ငရဲခွေးဘုရင်’ ဟုအမည်ပြောင် ပေးထားသည့်မီးအမျိုးအစား

ကောင်းကင်မီးအမဲလိုက်ခွေးဖြစ်သည်၊ သို့သော်, ကောလဟာလများအရတော့ကျန်းရီသည်ထိုနာမည်ကိုမကြိုက်ဟုပြောကြသည်။

ကျွင်းမော့ယီ၏အဓိကသားရဲမှာ အနက်ရောင်အန်ဒါကွန်ဒါမြွေဖြစ်ပြီး ကောင်းလဲ့ရှိသည်ပြီးပြည့်စုံသောအဆင့်အတန်းကွန်မန်ဒါအဆင့် သံမဏိသွေးဦးချိုဝံပုလွေဖြစ်သည်။

လုံပင်းယွိသည်ပြီးပြည့်စုံသောအဆင့်အတန်းဝက်ဝံပိတုန်းဖြစ်သည်။

ကျန်းရီ၏ကောင်းကင်မီးအမဲလိုက်ခွေးသည်သာထူးခြားအဆင့်အတန်းသားရဲဖြစ်သည်၊ ကျန်တာတွေအားလုံးကပြီးပြည့်စုံသောအဆင့်အတန်းဖြစ်သည်။ဤကဲ့သို့ကြီးမားသည့် ပွဲမျိုးတွင် ထူးခြားအဆင့်အတန်းသားရဲသည်ပြိုင်ပွဲဝင်များကြားတွင်အတော်လေးရှား သည်။

စာစဉ် ၁၆

၎င်း၏အဖွဲ့ဝင်တစ်ဦးတစ်ဦးနှင့်မျှမတွဲရတာဟွားရှားအဖွဲ့အတွက်ကံကောင်းတယ်ဆိုရ မည်။

သူတို့၏ပွဲစဉ်များကိုကြေငြာတော့, သူတို့လေးယာက်လုံးသက်ပြင်းချလိုက်ကြသည်။ ၎င်းတို့ပွဲများတွင် ကောင်းဖန်သည်သူတို့၏ဒိုင်လူကြီးအဖြစ်မရှိပါ။

အရည်အချင်းမပြည့်မီသောဟွားရှားဒေသမှပါဝင်သူရှစ်ဦးစလုံးတွင်, ခြောက်ပွဲသည် ကောင်းဖန်မှဒိုင်လူကြီးလုပ်ရသည့်ပွဲများဖြစ်သည်။

သေချာပေါက်, သူတို့အားလုံးကတော့ပြိုင်ပွဲတွင်ကျွမ်းကျင်မှုမရှိတာကြောင့်ထုတ်ပယ် ခံလိုက်ရသည်၊ သို့သော်, ကောင်းဖန်ဒိုင်လူကြီးလုပ်ခဲ့သောပွဲများအားလုံးသည် ဟွားရှားနယ်ပယ်မှရှုံးနိမ့်မှုများဖြင့်ပြီးဆုံးသွားသည်မှာတိုက်ဆိုင်မှုဆိုတာတော့ ယုံရခက်ချေသည်။

စင်ပေါ်ရှိအယူသီးသောသူများပင်ထိုကိစ္စကိုတီးတိုးပြော လာကြတော့သည်။

ကောင်းဖန်ကထိုအတွက်ကြောင့်ရယ်ရမလား, ငိုရမလားပင်မသိတော့ပေ။ ဒါကသူနဲ့ ဘာမှမဆိုင်ပေ၊ သူသည်ဟွားရှားနယ်ပယ်၏နိုင်ငံသားတစ်ဦးလည်းဖြစ် သည်၊

သူ့နယ်ပယ်ကိုတော့နှောက်ယှက်စရာအကြောင်းမရှိပေ။

ဘက်မလိုက်သောဒိုင်လူကြီးအမည်ဖြင့်, ဟွားရှားနယ်ပယ်ပြိုင်ပွဲဝင် သူ/သူမတို့၏ရှုံးပွဲ အရေးကိစ္စများကိုကိုယ့်လက်ထဲကိုယ်တော့မထည့်နိုင်ပေ ။

ကောင်းဖန်ကဒီကိစ္စကိုဘာလုပ်ရမှန်းမသိပေ၊ အမှန်တကယ်, ဒိုင်လူကြီးတစ်ဦးအဖြစ် သူ၏အလုပ်သည်ယုံကြည်ရန်တွန်းအားပေးခံရသကဲ့သို့စိ တ်လှုပ်ရှားနေရမည်တော့ မဟုတ်ပါ။

ကျန်းရီ၏ပြိုင်ဘက်မှာ
ယင်းလဲ့နယ်ပယ်မှဘရန်ဒီဖြစ်သည်။
ဘရန်ဒီသည်ပထမပွဲတွင်
ဟွားရှား၏ယွိကောကိုအနိုင်ယူခဲ့သူဖြစ်သောကြောင့်
ကွင်းအတွင်းရှိလူအများအပြား
သည်ထိုပွဲကိုကြည့်ရန်စိတ်အားထက်သန်နေကြသည်။

ထူးခြားအဆင့်အတန်းမီးအမျိုးအစားနှင့်
ထူးခြားအဆင့်အတန်းသစ်သားအမျိုးအစား
သားရဲတို့ကြားပြိုင်ပွဲသည်
အားလုံးမျှော်လင့်ထားသလိုဘဲဖြစ်သည်။ ကျန်းရီ၏
ကောင်းကင်မီးအမဲလိုက်ခွေးသည်အစပိုင်းကတည်းက
အသာစီးရနေခဲ့တာဖြစ်သည်။ မီးလျှိုင်းများလျှိုင်းထကာ
မြည်တမ်းခြင်းမြွေနဂါးသစ်ပင်ကိုအရှင်လတ်လတ်ကင်
သလို ဖြစ်နေသည်။

မြည်တမ်းခြင်းမြွေနဂါးသစ်ပင်သည်ဂုင်း၏ပင်စည်ထဲ
ကကြောက်စရာကောင်းသော
အော်သံကြီးကိုထုတ်လွှတ်လိုက်သည်၊
နောက်ဆုံးတော့ဘရန်ဒီသည်အရှုံးပေးကြောင်း
ဝန်ခံလိုက်ပြီး
သူ့သားရဲ၏ဒဏ်ရာများကိုကုသရန်အတွက်
ကွင်းထဲမှသယ်ထုတ်သွား တော့သည်။

တတိယအကြိမ်ပွဲတိုင်းသည်အံ့သြဖွယ်ကောင်းလောက်ေ
ောင်လျှင်မြန်စွာပြီးဆုံးသွား ခဲ့ပြီး
ပရိတ်သတ်များကဂုင်းတို့အသင်းကိုယ်စီကိုကျယ်လောင်
စွာအော်ဟစ်အားပေး ကြသည်။

ကွန်မန်ဒါအဆင့်သားရဲများသည်ဒြပ်စင်ထုတ်လွှတ်နိုင်သ
ည်။ သို့ဖြစ်စေကာမူ,
ကေရာဇ်အဆင့်သားရဲလောက်အစွမ်းထက်တာတော့မ
ဟုတ်ပေမယ့် သူတို့၏ စွမ်းရည်အများစုကတော့

ပရိတ်သတ်များကိုကောင်းကောင်းပြသနိုင်လောက်အောင် တောက်ပြောင်ကောင်းမွန်လှသည်။

ထိုအရာအားလုံးသည်ကောင်းဖန်နှင့်သိပ်မကွာခြားသည့်မြေအောက်သားရဲတိုက်ခိုက်ရေးကွင်းကိုအမှတ်ရစေသည်။

တစ်ခုကတရားဝင်အလံအောက်တွင်ရှိနေပြီး တစ်ခြားတစ်ခုကတော့တရားမဝင်ပေ။

***

စာစဉ် ၁၆

# *သားရဲလှေ့ကျင့်သူ*

# *အပိုင်း၂၅၅*

ကျန်းရီသည်ဘရန်ဒီကိုအနိုင်ရရှိပြီးနောက်
မကြာမီတွင်ပြိုင်ပွဲ၏တက်သစ်စ
ကြယ်ပွင့်ဖြစ်လာခဲ့သည်။
ပရိတ်သတ်အချို့ကသူသည်ပြိုင်ပွဲ၏အပြင်းထန်ဆုံး
ပြိုင်ပွဲဝင်ဟုတ်မဟုတ်သိချင်လာကြသည်။

ဒါပေမယ့်,

ကောင်းဖန်ကတော့သူတို့၏ထင်မြင်ချက်များကိုဘာမှ
မပြောခဲ့ပေ၊
ကျန်းရီကဲ့သို့ပြိုင်ပွဲတွင်အနိုင်ရရန်အခွင့်အရေးများစွာရှိ
သည်ဟုသူတွေးထားသော
အခြားတစ်ယောက်ရှိသေးသည်။

စာစဉ် ၁၆

ကောင်းဖန်က
သူ့စိတ်ထဲတွင်ရှိသောတစ်ယောက်ကိုသူ့လက်ထဲမှ
ပရိုဖိုင်ဓာတ်ပုံများ
ရှိသည့်အမည်စာရင်းအားလှန်လိုက်သည်။

ပုံထဲတွင်ရှိနေသောမိန်းကလေးကရွှေရောင်ဆံပင်နှင့်မြစိမ်းရောင်မျက်လုံးများရှိသည်။
သူမ၏ပါးတွင်တင်းတိပ်များနှင့်
သပ်ရပ်သောအဖြူရောင်ဝတ်စုံများကသူ့ကို
ဘေးအိမ်ရှိမိန်းကလေးလို့မြင်သွားစေသည်။

[ပြိုင်ပွဲဝင်အမည်]-ဒေစီ

[မူလနယ်ပယ်]-ဗြိတိန်နယ်ပယ်

[ပြိုင်ပွဲဝင်အဆင့်]-ဗြိတိန်လက်ရည်စမ်းပွဲ၌ဒုတိယနေရာ

[သားရဲအမည်]-ပင်လယ်နဂါး

ပင်လယ်နဂါးသည်ကုန်းနေရေနေသားရဲဖြစ်ပြီးမျိုးသုန်းပျောက်ကွယ်လုနီးပါးဖြစ်သောပလီဆီယက်ဆိုအမျိုးအစားဖြစ်ပြီးရှည်လျားသောလည်ပင်းနှင့်သွယ်လျသောလက်သည်းများရှိသည်။

သို့သော်, ပင်လယ်နဂါးတွင်လည်းအားနည်းချက်ရှိသည်။ ၎င်းသည်ရေတိမ်ပိုင်း၌
၎င်း၏စွမ်းရည်ကိုအပြည့်အဝလွှတ်ထုတ်နိုင်သည်။ ဒါကတခြားပြိုင်ပွဲဝင်တွေအတွက် ပြိုင်ပွဲမှာ
ခြိမ်းခြောက်မှုကြီးကြီးမားမားရှိလာမယ်လို့မထင်သည့်
အကြောင်းပြချက် ဖြစ်သည်။

ပင်လယ်နဂါး၏ရွေ့လျားသွားလာမှုကိုအဟန့်အတားဖြစ်စေသည့် ကုန်းမြေပြိုင်ပွဲကို ကျင်းပခဲ့သည်။

ဒေစီ၏ပုံဘေးဘက်တွင်သူမ၏သားရဲပုံဖြစ်သည်။
၎င်းကထုထည်ကြီးမားပြီး, ပေ၇၀ထက်ပင်ရှည်သည်၊
၎င်း၏ထူထဲသောရိုးစင်းပြေပြစ်သည့်လည်ပင်းတွင်

စိမ်းပြာရောင်အကြေးခွံများဖြင့်ဖုံးအုပ်ထားသည်၊
၎င်း၏ခေါင်းတွင်အဝါရောင်စူးရှသော
အဝါရောင်မျက်လုံးတစ်စုံရှိပြီး
၎င်းတို့တစ်ခုချင်းစီတွင်ဟက်တက်ကွဲရာကဲ့သို့
သူငယ်အိမ်တစ်စုံရှိသည်။

[မကောင်းဆိုးဝါးအမည်]–
ပင်လယ်နဂါး(မူကွဲအပင်စားသားရဲ)

[မကောင်းဆိုးဝါးအဆင့်အတန်း]–ထူးခြားအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၄

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–
မာကျောသောအကြေးခွံအဆင့်၂,ရွေ့လျားအားအမြင်
ထိုးထွင်းဉာဏ်အဆင့်၂, ရေဒြပ်စင်ကျွမ်းကျင်မှုအဆင့်၂။

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
အပင်စားသားရဲ(တုန်လှုပ်မှုမရှိသော သက်ရောက်မှု–၁–

စာစဉ် ၁၆

အမြင်အာရုံစူးစိုက်မှုပို၍အားကောင်းသည်၊
သက်ရောက်မှု၂- ??? (ထကြွမှုမရှိသေး)
သက်ရောက်မှု၃-??? (ထကြွမှုမရှိသေး) )

သားရဲ၏နှလုံး(တုန်လှုပ်မှုမရှိသောသက်ရောက်မှု၁-ရုပ်ပိုင်းဆိုင်ရာသန်မာမှု အားလုံးကိုတိုးမြင့်စေသည်။
သက်ရောက်မှု၂-အချိန်ခဏလေးအတွင်းတွင်ကိုယ့်ကိုကိုယ်စွမ်းအင်များပေါက်ဖွားလာစေသည်။)

[မကောင်းဆိုးဝါးစွမ်းရည်]-ရေ

[မကောင်းဆိုးဝါးအားနည်းချက်]-လျှပ်စီး

[ဒဏ္ဍာရီလာအဆင့်သို့တိုးမြှင့်ရန်လိုအပ်ချက်များ]-...

သူငယ်အိမ်နှစ်ခုရှိသောသားရဲကိုတစ်ခါမှမတွေ့ဖူးဘူး, ကောင်းဖန်ကတွေးလိုက်သည်၊
သူကအမြဲတမ်းထိုအရာသည်လူသားတို့၏သတ်မှတ်ချက်များသာဖြစ်သည်ဟု ယူဆခဲ့သည်။

ဒမ်ဘီလိုသွေးကြောမျှင်နှလုံးကဲ့သို့, ပင်လယ်နဂါး၏သူငယ်အိမ်များသည် သာမန်ထက်လွန်ကဲသောပုံရိပ်များစူးရှစွာမြင်စေရန်ထေ ာက်ပံ့ပေးသည်။

သို့သော်, ပင်လယ်နဂါး၏စွမ်းရည်များသည် ကြွက်သားများပို၍တိုးပွားလာစေရန် အတွက်ဂရုစိုက်ပုံရသည်။

ကောင်းဖန်က သားရဲ၏ဆင့်ကဲပြောင်းလဲခြင်းတွင်ထူးခြားသောဦးတည် ချက်များရှိခြင်း ကိုသတိထားမိလိုက်သည်။ ဒီဂြိုလ်မှမွေးဖွားလာကြသောသတ္တဝါများသည် တိုက်ခိုက်ရေးအာရုံစူးစိုက်သည့်ဆင့်ကဲဖြစ်စဉ်လမ်းကြေ ာင်းများအတိုင်းလိုက်လေ့ ရှိကြောင်းသူသတိပြုမိသည်။ မကြာသေးမီကပင် ကမ္ဘာဂြိုလ်သည်ဒြပ်စင်နိုးထမှုဖြင့်

တွေ့ကြုံခဲ့ရခြင်းကြောင့်ဒီလိုအကြောင်းများဖြစ်လာခဲ့သ
ည်လားဆိုတာကို သူသိချင်နေခဲ့တာဖြစ်သည်။

အခြားတစ်ဖက်တွင်,
ဤကမ္ဘာမှမဟုတ်သောသားရဲများသည်ဆင့်ကဲပြောင်းလဲ
လာ
သည်နှင့်အမျှ၎င်းတို့၏ဒြပ်စင်စွမ်းရည်များကလည်းဖွံ့ဖြိုး
ားလာကြသည်။

ငါထင်တာတော့, ငါတို့ရဲ့ကိုယ်ပိုင်ပတ်ဝန်းကျင်နဲ့
အားလုံးရဲ့ဓာတုဖြစ်စဉ်တွေကြောင့် ဘဲ,
ကောင်းဖန်ကတွေးလိုက်သည်။

သို့ဖြစ်စေကာမူ,၎င်းကို့ရို့ကားရားနိုင်လှသောအရွယ်အစ
ားကြောင့်, ကျန်းရီ၏
ကောင်းကင်မီးအမဲလိုက်ခွေးအားကုန်းမြေပေါ်တွင်
ထိုပင်လယ်နဂါးကအနိုင်မရနိုင်ဘူး
လို့ဘယ်သူမှမပြောနိုင်ပေ။

အကယ်၍သူတို့၏ပွဲသည်ကြီးမားသောရေပြင်တွင်ကျင်းပမည်ဆိုပါက
ကောင်းဖန်သည်ဘယ်သူကအောင်နိုင်မည်ဆိုတာကိုချက်ချင်းပြောနိုင်မည်ဖြစ်သည်။

ဒေစီသည်အခြားပြိုင်ပွဲဝင်များထံမှရင်း၏အားနည်းချက်ကိုဖုံးကွယ်ရန်အတွက်
ပင်လယ်နဂါးကိုကွင်းပြင်အတွင်းသို့အကြိမ်အနည်းငယ်သာစေလွှတ်ခဲ့သည်။

ကောင်းဖန်သည်ပြိုင်ပွဲဝင်မဟုတ်သော်လည်းအရာအားလုံးကိုရှင်းရှင်းလင်းလင်းမြင် နေရဆဲဖြစ်သည်။

…

ကောင်းဖန်ကခန့်မှန်းထားသလိုဘဲ,
ဒေစီကအဆင့်များကိုမနားမနေတက်လာသည်။

စာစဥ် ၁၆

ပရိတ်သတ်များစိတ်လှုပ်ရှားလာစေရန်အတွက်
သူမသည်ပွဲတိုင်းလိုလိုနိုင်အောင်
စွမ်းဆောင်နိုင်သည့်ဇာတ်ရုပ်အား
စိတ်အားထက်သန်စွာဖြင့်သရုပ်ဆောင်နေသည်။

ဟွားရှား၏ပြိုင်ပွဲဝင်များသည်နံပါတ်၅နေရာ၌
ကျွင်းမော့ယီ, နံပါတ်၇နေရာ၌ လုံပင်းယွိနှင့်
ကောင်းလဲ့ရှီကတော့နံပါတ်၁၁နေရာတွင်နေရာယူထားြ
ြသည်။

ကျန်းရီကတော့ထိပ်ဆုံးမှနံပါတ်လေးနေရာတွင်ရအောင်
လုပ်နိုင်ထားသည်။

ထိပ်ဆုံးလေးနေရာရှိပြိုင်ပွဲဝင်များတစ်ယောက်ချင်းစီတွ
င်ကိုယ်ပိုင်ထူးခြားအဆင့် အတန်းသားရဲများရှိကြသည်။

သူတို့လေးယောက်လုံးသည်သူတို့၏နယ်ပယ်အသီးသီး
တိုင်းအတွက်
အကောင်းဆုံးသားရဲလေ့ကျင့်ပေးသူများဖြစ်ကြသည်။

ယခုအချိန်တွင်
ထိုသားရဲလေ့ကျင့်သူများ၏အဓိကဦးစားပေးမှာ၎င်းတို့
သားရဲများ၏ အဆင့်များကိုမြှင့်တင်ရန်သာဖြစ်သည်။
သူတို့ကပြီးပြည့်စုံသောအဆင့်အတန်း၏
အထက်တွင်ရှိနေသ၍၎င်းတို့၏နောက်ဆက်တွဲအဆင့်သို့
အဆင့်မြှင့်တင်ခြင်းကို ထိခိုက်စေမည်မဟုတ်ပါ။
ထိုသားရဲလေ့ကျင့်သူများသည်အဆင့်အတန်းများကို
အာရုံစိုက်ခြင်းမပြုမီ
၎င်းတို့၏သားရဲအဆင့်များကိုမြှင့်တင်ရန်သာအာရုံစိုက်ြ
ြသည်၊ ဘာကြောင့်လဲဆိုတော့,
သားရဲ၏အဆင့်ကိုတိုးမြှင့်ခြင်းသည်နောက်ပိုင်းတွင်
ပို၍လွယ်ကူသောကြောင့်ဖြစ်သည်။

စာစဉ် ၁၆

၁၆ပေရှည်ပြီး,၁၀ပေမြင့်သောမီးတောက်နီအမွှေးများဖြင့် အလွန်ကြီးမားသော ခွေးကြီးတစ်ကောင်သည်ကွင်းပြင်ရှိကျောက်တိုင်တစ်ခုပေါ်ရှိထိပ်မှနေ၍ ကောင်းကင်ကိုကြည့်ကာအူနေသည်။ ၎င်း၏အောက်တွင်ပြင်းထန်စွာဒဏ်ရာ ရနေသည့်ကျားသစ်သည်အသက်ရှူရုံမျှသာရှူနေသည်။

ကောင်းကင်မီးအမဲလိုက်ခွေးသည်၎င်း၏ဒဏ်ရာများကို အလွန်ပြင်းထန်သောကိုယ်အပူဖြင့်ပိတ်လိုက်သည်။

"အဲ့ဒီကောင်းကင်မီးအမဲလိုက်ခွေးကအရမ်းသန်မာတယ် , အရိုင်းကျားသစ်နဲ့တိုက်ခိုက် ပြီးတာတောင်သွေးတစ်စက်မထွက်ဘူး" ပရိတ်သတ်အချို့ကအံ့အားသင့်စွာဖြင့် ပြောနေကြသည်။

"အဲ့ဒီကောင်းကင်မီးအမဲလိုက်ခွေးကပြိုင်ပွဲမှာ သေချာပေါက်အသန်မာဆုံးသားရဲဘဲ!" တခြားသူများကသဘောတူညီမှုဖြင့်အော်လာကြသည်။

ထိုဖော်လံဖာအားလုံးကိုသည်းမခံနိုင်တော့ဘဲ လူအုပ်ထဲမှတစ်ယောက်က,

“မင်းတို့မျက်စိကန်းသွားကြတာလား? ကောင်းကင်မီးအမဲလိုက်ခွေးကသူ့ဒဏ်ရာကို ကိုယ်တွင်းအပူနဲ့ပြန်ပြီးပိတ်လိုက်တာကိုမမြင်ကြဘူးလ ား? သူ့ရဲ့တိုက်ခိုက်မှုမှာ သူလည်းဒဏ်ရာဆိုးဆိုးဝါးဝါးရတာဘဲလေ”

“ကောင်းပါပြီ, ကျားသစ်လောက်တော့သွေးမထွက်ဘူးလေ….”

ဒေစီနှင့်ကျန်းရှီတို့သည်ပြိုင်ပွဲတွင်အပြင်းထန်ဆုံးသားရဲ လေ့ကျင့်သူ မည်သူဖြစ်သည် ကိုဆုံးဖြတ်ရန်နောက်ဆုံးပွဲ၌ထိပ်တိုက်တွေ့ကြရမည်ဖြစ် သည်။

စာစဉ် ၁၆

သူတို့၏သားရဲများအားလုံးဒဏ်ရာအနာတရဖြစ်ခဲ့ကြေ
ောကြောင့် တစ်ညတာ အနားယူခွင့်ရခဲ့ကြသည်။
သူတို့၏ပွဲစဉ်ကိုနောက်နေ့တွင် စီစဉ်ထားသည်။

ကောင်းဖန်ကပြန်ရောက်သောအခါ
ဂိုဒီသည်လေ့ကျင့်ရေးကွင်း၌လေ့ကျင့်နေဆဲ
ဖြစ်တာကိုမြင်တော့သူအံ့သြသွားသည်။
၎င်းသည်သူ၏အဝါရောင်အမွေးအကျႌကို
မြေပြင်ပေါ်တွင်ပစ်ချထားပြီးဘယ်ဘက်အတောင်နှင့်
ပေါင်၂၀၀အလေးချိန်ရှိသော
လေ့ကျင့်ခန်းကိရိယာကိုကိုင်ထားသောကြောင့်
၎င်း၏ပျော့ပျောင်းသော
ကြွက်သားများကမို့မောက်နေသည်။

"ဆီလီ"

ကောင်းဖန်ကဆီလီ၏ခေါင်းကိုညင်သာစွာပုတ်လိုက်ရင်း
ပြောလိုက်သည်, "ဂိုဒီကဘာဖြစ်နေတာတုန်း?"

စာစဉ် ၁၆

"မသိဘူး..."
သီချင်းဆိုနေသောအသံဖြင့်ဆီလီကပြောလိုက်သည်။
သူ့အသီးဖျော်ရည် ကိုသောက်လိုက်ပြီး
ဆက်ပြောလိုက်သည်။"နေ့လည်စာချိန်ပြီးကတည်းက
လေ့ကျင့်ခန်းလုပ်နေတာဘဲ"

မကြာသေးခင်ကအဖြစ်အပျက်ကဂိုဒီကိုပြောင်းလဲသွားေ
ေတာဖြစ်ရမယ်, ကောင်းဖန်ကတွေးလိုက်သည်။

ဒါကလည်းကောင်းတဲ့အရာပါဘဲ။

"ကောင်းကောင်းလေ့ကျင့်၊ ဒီနှုန်းအတိုင်းဆို,
မင်းအဆင့်၇ကိုလပိုင်းအတွင်းရလိမ့်မယ်,
ပြီးတော့မင်းရဲ့ကြိုးစားမှုအတွက်
ငါမင်းကိုမဟာမိတ်ဒေါ်လာ300,000ပေးမယ်။
မင်းအဆင့်တစ်ခုချင်းစီရောက်သွားတာနဲ့,
မင်းရဲ့ဆုကိုတိုးပေးမယ်" ကောင်းဖန်က

ပြောလိုက်သည်။ "လောင်းကစားလုပ်တာထက် ဒီနည်းနဲ့ပိုက်ဆံပိုရနိုင်တယ်"

ဂိုဒီကရပ်သွားပြီးနောက်ယက်ကန်ယက်ကန်ဖြင့်လေ့ကျင့်ရေးကိရိယာများရှိသည့်နေရာသို့သွားကာပို၍လေးသောပစ္စည်းကိုကောက်ယူလိုက်သည်။

"ကောင်းဖန်, ငါပိုက်ဆံမလိုချင်ဘူး၊ ငါသိချင်တာ...ကျန်းရှောင်ကိုဘယ်သူရှုံးအောင်လုပ်လိုက်တာလဲ?"

***

စာစဉ် ၁၆

စာစဉ် ၁၆

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၅၆*

"မင်းဘာလုပ်ဖို့ကြိုးစားနေတာတုန်း?" ကောင်းဖန်က အမှတ်တမဲ့ရယ်မိလိုက်သည်။

သားရဲအားလုံးကငယ်ကြသေးသည်။ သူတို့က လူသားတွေသာဆိုရင် ဆယ်ကျော်သက်လောက်ရှိမည်ဖြစ်လောက်သည်။ ကောင်းဖန်က သူတို့ကို သားသမီးတွေလိုသူ့ဂရုစိုက်မှုအောက်မှာရှိသည့်သားရဲပေ ါက်လေးတွေဟုမြင်သည်။

"ဒါကမျှတတဲ့ပွဲဘဲ၊ ကျန်းရှောင်ရှုံးခဲ့တဲ့သူက ကျန်းရှောင်ထက်ပိုပြီးသန်မာတယ်၊ ဆိုတော့, သူတို့ကအောင်နိုင်တဲ့သူကိုအတိအကျဖော်ထုတ်လိုက်တ

ယ်လေ, သူဘာမှ မမှားဘူး” ကောင်းဖန်က ဂိုဒီကိုစိတ်ရှည်ရှည်ထားပြီးရှင်းပြသည်။

ဂိုဒီသည် လူပျိုအရွယ်ကိုဖြတ်ကျော်နေပြီဖြစ်သည်။ ဒီအချိန်က သူ့ဘဝအတွက် ပင်ကိုစရိုက်ကို ပုံဖော်ရမည့်အချိန်လည်းဖြစ်သည်။ ကောင်းဖန်က ဂိုဒီကို ဆိုးညစ်တဲ့ စရိုက်မျိုးရှိမလာစေချင်ပေ။

“ဂတ်?” ဂိုဒီကကောင်းဖန်ကိုကြည့်လိုက်ပြီး, အတော်လေးမှားယွင်းနေကြောင်း ခံစားနေရသည်။ “ဒါပေမယ့်, ငါသူတို့အားလုံးကိုရှုံးခဲ့တယ်၊ ငါ့ရဲ့ဘဲစာတွေအားလုံးကို ဆုံးရှုံးခဲ့ရတယ်”

“ဒီမှာ,ဒီမှာ၊ မင်းအဲ့တာတွေအားလုံးကိုဆုံးရှုံးသွားခဲ့တယ်ဆိုရင်တောင်, မင်းပြင်းပြင်း ထန်ထန်ကြိုးစားနေသ၍, မင်းလိုချင်တဲ့ ဘဲစာတွေအားလုံးရမှာဘဲ၊ ကမ္ဘာပေါ်မှာ

အကောင်းဆုံးအရသာအရှိဆုံး
ဘဲအစားအသောက်တွေစားရမယ်လို့ ငါအာမခံတယ်”

ဂိုဒီက ကောင်းဖန်ကို ကြည့်လိုက်ပြီး,
မျက်လုံးချင်းဆုံလိုက်ကြသည်။ သူက
ကောင်းဖန်၏ဂတိကို ယုံကြည်သည်။
ဒါပေမယ့်,ၚင်းကနည်းနည်းတော့မှားယွင်းနေသလို
ခံစားနေရဆဲပေ…

သို့သော်, ကောင်းဖန်က
သူပြောနိုင်သလောက်ပြောပြီးသွားပြီဖြစ်ကာ,
ဂိုဒီသိသော အမြင်ကျဉ်းသည့်ကောင်းဖန်ကိုတော့
လေးစားကြောင်းပြသဖို့လိုအပ်သည်။
အကယ်၍လောင်းကြေးကိုဆုံးရှုံးသွားတာကောင်းဖန်သ
ာဆိုလျှင်, သူကဒါကို
လွယ်လွယ်နဲ့လက်လျှော့မှာမဟုတ်ဘူးဆိုတာဂိုဒီသိသည်
။

ဂိုဒီက ကောင်းဖန်နှင့်သူ၏ပင်ကိုစရိုက်ကို သိရှိရန် အချိန်လုံလောက်စွာ အသုံးပြုခဲ့ပြီး ဖြစ်သည်။

ကောင်းဖန်က အပြင်တွင်တော့ ဖော်ရွေကြည်သာသည့်ပုံဖြစ်သော်လည်း, သူက တကယ်တော့အတော်လေးအာဃာတထားတတ်သည်!။ အကယ်၍တစ်စုံတစ်ယောက် ကသူ့ကိုတစ်ခုခုအမှားလုပ်ထားမိလျှင်, ညဘက်ဆိုကောင်းကောင်းအိပ်ပျော်မည် မဟုတ်ပေ!။

ကောင်းဖန်က ခွေးခြေခုံကိုထုတ်လိုက်ပြီးထိုင်ကာ ဂိုဒီကိုဆက်၍သင်ကြားပေးနေတယ်၊ "မင်းကပိုပြီးသဘောထားကြီးတဲ့ဘဲတစ်ကောင်ဖြစ်သင့်တယ်၊ သန်မာပြီးစွမ်းအားကြီး တဲ့ သဘောထားကြီးတတ်တဲ့ဘဲတစ်ကောင်ဖြစ်ဖို့လိုအပ်တယ်ကွ"

ကောင်းဖန်က
သူပင်ပန်းသွားတဲ့အခါမှသာရပ်သွားတော့သည်။
သူကခြောက်သွေ့နေ
သောနှုတ်ခမ်းကိုလျှာဖြင့်သပ်လိုက်ပြီး
ရေဆာသလိုတောင်ခံစားလာရသည်။

သူကဂိုဒီကိုကြည့်လိုက်တော့
စိတ်မရှည်တော့တာကိုတွေ့လိုက်ရသည်။
မေ့လိုက်တော့၊ ငါဒီမှာဘဲရပ်လိုက်တော့မယ်၊
ဘယ်လိုဘဲဖြစ်ဖြစ်ငါအရမ်းကြီးပြောမိရင်
သူနားမလည်ဘဲနေလိမ့်မယ်။

ကောင်းဖန်က သူ့ခေါင်းကိုယမ်းလိုက်ပြီး,
ခွေးခြေခုံလေးကိုကောက်ကိုင်လိုက်ကာ,
လှေကျောင့်ရေးကွင်းမှထွက်လာလိုက်သည်၊
“ခုခေတ်ငယ်ငယ်ရွယ်ရွယ်ဘဲတွေက
စိတ်မရှည်တတ်ကြတော့ဘူး”

## စာစဉ် ၁၆

...

နောက်တစ်နေ့, ကောင်းဖန်သည် ပြိုင်ပွဲ၏နောက်ဆုံးတစ်ပွဲအတွက် တာဝန်ပေးခြင်းခံရသည့်, ဒါပေမယ့်သူကဒိုင်လုပ်ရန်ငြင်းဆိုလိုက်သည်။

ဒီလိုမျိုးအရေးကြီးတဲ့ပွဲမျိုးမှာ ငါကဒိုင်လူကြီးလုပ်ဖို့ ဘာသောက်*ကြောင်းမှမရှိဘူးကွ။

သူ့ကိုအင်တာနက်မှာ ကျန်းရီအားမလိုလားဟုစွပ်စွဲနေတဲ့သူတွေကအများကြီးရှိပြီးနေပြီ၊ အကယ်၍သူဒီပွဲမှာရှုံးရင်, လူတွေကသေချာပေါက်ငါ့လမ်းကြောင်းမှာ ချီး*တွေလာပစ်ထားကြလိမ့်မယ်။

ကောင်းဖန်သည် ဒိုင်လူကြီးဖြစ်၍ကြီးလေးသောတာဝန်ကိုထမ်းဆောင်ရငြင်းမှ သူ့ကိုယ်သူလွတ်ငြိမ်းခွင့်ပေးလိုက်ပြီး,

VIPထိုင်ခုံတွင်ထိုင်ကာပြိုင်ပွဲကိုသူ၏
စိတ်အာရုံအားလုံးပို့ထားလိုက်သည်။

"တကယ်တော့ မင်းက
ကိုယ်တိုင်ကိုယ်ကျပြိုင်ပွဲကိုလာကြည့်တာဘဲ"
သူ့ဘေးတွင်
ထိုင်နေသောမျက်မှန်တပ်ထားသည့်လူငယ်ကရယ်ကာပြေ
ပြောလိုက်သည်။

ကောင်းဖန်ကထိုကောင်လေးကိုတစ်ချက်ကြည့်လိုက်သ
ည်၊ သူပြောသောစကားက
အကယ်၍တစ်စုံတစ်ယောက်ကအိမ်သာကိုရောက်လာ
လျှင်, "အိုး, မင်းကတကယ်ကို ကိုယ်တိုင်ကိုယ်ကျ
အိမ်သာကိုလာတာပါလား" ဆိုတာမျိုးနှင့်တူပြီး
အတော်လေးကို တုံးအလှသည်။

"အင်း, လူထုရဲ့အမြင်ကိုလေ့လာဖို့ကြိုးစားနေတာလေ"
ကောင်းဖန်က ထုံထိုင်းစွာဖြင့်

သူ့အကြည့်ကိုမှန်သားပြင်မှပင် မရွှေ့ဘဲ ခေါင်းညိတ်ကာဖြေလိုက်သည်။

လူငယ်ကအနည်းငယ်မှင်တက်သွားသည်။

တိုက်ပွဲမြေပြင်ရှိနှစ်ဘက်စလုံးမှ ဂိတ်တံခါးက အပေါ်သို့မြင့်တက်သွားပြီး သားရဲနှစ်ဖွဲ့ ထွက်လာသည်။

မီးအမဲလိုက်ခွေးသည်ညာဘက်အဖွဲ့ကိုဦးဆောင်လာသည်။ ၎င်းကတစ်ဖက်တစ်ချက်စီတွင် တောဝက်နှင့်ရွှေသွားများရှိသည့်ဘိန်းဆူးခြုံပင်ဖြင့်ဝင်ရောက်လာသည်၊ ဘိန်းဆူးခြုံပင်သည် မြေပြင်ပေါ်တွင် တွားသွား၍လာသည်။

တစ်ဖက်ကအဖွဲ့ကတော့, ကြီးမားသည့်ပင်လယ်နဂါးကဦးဆောင်လာခဲ့သည်၊ ပင်လယ်နဂါးသည်ဂိတ်တံခါးလျှောထွက်လာပြီး,

မတ်တပ်ရပ်လိုက်ကာ

မီးတောက်အမဲလိုက်ခွေးကိုကြည့်လိုက်သည်။

ပင်လယ်နဂါး၏နောက်တွင်

အဝါရောင်ဖျံနှစ်ကောင်ရှိသည်၊ ဖျံနှစ်ကောင်လုံးက

အကုန်လုံးတထေရာတည်းအတူတူပင်ဖြစ်သည်။

[မကောင်းဆိုးဝါးအမည်]–မြေကြီး မြစ်ဖျံ

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၈(အဆင့်၂၉)

[မကောင်းဆိုးဝါးစွမ်းရည်]–မြေကြီး/ရေ

– –

[မကောင်းဆိုးဝါးအမည်]–ရွှေရောင်ကျောပြင်တောဝက်

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်အဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၁

[မကောင်းဆိုးဝါးစွမ်းရည်]–ရွှေ

– –

[မကောင်းဆိုးဝါးအမည်]–ဘိန်းဆူးခြံပြင်

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၇

[မကောင်းဆိုးဝါးစွမ်းရည်]–သစ်သား/စိတ်လှည့်စားခြင်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–
သေစေနိုင်အောင်အကြောသေခြင်းအဆင့်၁

ဘိန်းဆူးခြံပြင်တစ်ခုတည်းကပင် ပြိုင်ဘက်ကင်းသည်၊
တခြားသောသားရဲများများ
သည်အတော်လေးသာမန်ဖြစ်သည်။
ဘိန်းဆူးခြံပြင်သားရဲသည် ခေတ်ငွေ့များ
ထုတ်လွှတ်နိုင်သည့်အမျိုးအစားဖြစ်ပြီး,
ဘယ်သတ္တဝါမဆို ထိုခေတ်ငွေ့ကိုရှူရှိုက်မိလျှင်

စာစဉ် ၁၆

အငြိမ်မနေနိုင်သောအခြေအနေအတွင်းသို့ ရောက်သွားမည်ဖြစ်ပြီး သူတို့၏ နာကျင်သောအာရုံခံစားမှုကို ဆုံးရှုံးသွားစေသည်။

ဤသည်မှာ ဘိန်းဆူးခြုံပင်၏တောရိုင်းထဲတွင် ၎င်း၏သားကောင်အားအမဲလိုက်ပုံပင် ဖြစ်သည်။ ၎င်းကသူ၏ပစ်မှတ်နှင့်နီးကပ်စွာနေပြီးအရောင်မဲ့,အနံ့မဲ့ အငွေ့ကို ထုတ်လွှတ်သည်၊ သားကောင်သည်အလွန်အမင်းစိတ်လှုပ်ရှားနေပြီး သူတို့၏နာကျင်သောခံစားမှုကိုဆုံးရှုံးသွားစေသည်။

ထို့နောက်အပင်က သားကောင်ကိုမသတ်ခင်၎င်း၏ရှည်ပြီး ဆူးချွန်များရှိသည့်နွယ်ပင်များဖြင့် သားကောင်အားရစ်ပတ်လိုက်သည်။

သို့သော်, ၎င်းကအမှန်တကယ်ထက်ကြားရသည်ကပို၍ကြောက်ဖို့

ကောင်းသည်၊ တကယ်တော့,
ဘိန်းဆူးခြုံပင်သည်သိပ်ပြီးမသန်မာပေ။

တူညီသောအဆင့်ရှိသည့်သားရဲများနှင့်နှိုင်းယှဉ်ပါက,
၎င်းသည်ရုပ်ပိုင်းဆိုင်ရာ
သန်မာမှုနှင့်,တိုက်ခိုက်မှုအမှတ်များတွင်သိပ်ပြီးအသာစီး
မရှိပေ။ ၎င်းအသာစီးရသည့် တစ်ခုတည်းသောအရာမှာ
အဆိပ်ငွေ့ဖြစ်သည်။

အရင်ကပွဲအနည်းငယ်တုန်းက,
မီးတောက်အမဲလိုက်ခွေးသည် ခာတ်ငွေ့၏
သက်ရောက်မှုဖြင့်နာကျင်မှုကို
အာရုံခံစားနိုင်ခြင်းအားဆုံးရှုံးစေ၍ ပြိုင်ဘက်အား
စိတ်လှုပ်ရှားသောအခြေအနေတွင်ရောက်စေခဲ့သည်။
၎င်းကတိုက်ခိုက်မှုအငွေ့အသက်
များဖြင့်သာပြည့်နှက်နေပြီး

စာစဉ် ၁၆

ငင်း၏အသာစီးရမှုတွင်ဘိန်းပင်၏စွမ်းရည်ကိုအသုံးပြုခဲ့သည်။

ကြည့်ရတာ, ဘိန်းဆူးခြုံပင်က သားရဲများအတွက် အထောက်အပံ့ကောင်းရရှိစေလိမ့် မည်။

ကြီးမားသောပူပန်မှုမှာ တခြားသောသားရဲများသည်ဘိန်းဆူးခြုံပင်၏အငွေ့အား စွဲလမ်းသွားမည်လား, မသွားလားဆိုတာကရှိသေးသည်။

အကယ်၍, သူတို့ကစွဲလမ်းနေပြီး ဘိန်းဆူးခြုံပင်ကရုတ်တရက်သေသွားလျှင်… ငင်းကပြဿနာအကြီးကြီးဖြစ်နိုင်သည်။

ဘိန်းဆူးခြုံပင်သည် ပြိုင်ပွဲမြေပြင်တွင်ရပ်နေသည်၊ ငင်း၏နွယ်များတွင် ဘိန်းစေ့များဖြင့်ပြည့်နေပြီး, စတင်၍ပြန့်ထွက်လာသည်။

ဒိုင်လူကြီးကပြိုင်ပွဲအားစတင်ရန်ကြေငြာသည်နှင့်, အစေ့များကရုတ်တရက် စတင်၍ ပေါက်ထွက်လာသည်။ များပြားသောဝတ်မှုန်များကိုလေထုထဲတွင်မြင်နေရသည် ။

ဝတ်မှုန်များစ၍ပြန့်လာသည်နှင့်, မီးတောက်အမဲလိုက်ခွေးသည်စိတ်လှုပ်ရှားစွာဖြင့် နှာမှုတ်လိုက်သည်။ မတိုင်ခင်, ၎င်း၏မျက်လုံးများကအနည်းငယ်ပင်ပန်းနေပေမယ့်, အခုတော့, ၎င်းတို့ကပွင့်နေပြီး တောက်ပနေသည်။ ၎င်းကသူ၏ပါးစပ်ကိုဟလိုက်ပြီး, ၎င်း၏ချွန်ထက်သောအစွယ်များကိုထုတ်ဖော်ပြလိုက်သည်။

ရွှေရောင်, ရွှေရောင်သွားများရှိသည့်တောဝက်သည်စတင်၍အော်ဟစ်လိုက်ပြီး

၎င်း၏ဦးချိုကိုမြေပြင်တွင်ထိုးစိုက်လိုက်သည်၊ မြေပြင်ကအရမ်းမာသည်။ ထို့ကြောင့်, ၎င်း၏နာကျင်ခြင်းအာရုံခံစားမှုစတင်၍ပျောက်မသွားခင်အထိ ဦးချိုများက တကယ်တော့နာကျင်နေသေးသည်။

၎င်းကရုတ်တရက်ကောင်းကင်ကိုမော့ကြည့်ကာအော်လိုက်ပြီးနောက်, ၎င်း၏ခေါင်းကို ငုံ့လိုက်ကာ, ၎င်း၏ချွန်ထက်သောအစွယ်များကိုအရှေ့သို့ညွှန်ထားလိုက်ပြီး အပြေးအလွှားသွားတော့သည်!

မီးတောက်အမဲလိုက်ခွေးသည်ရွှေရောင်ကျောပြင်တောဝက်၏နောက်တွင်နေ၍ နောက်မှလိုက်လာသည်။

မြစ်ဖျံနှစ်ကောင်သည်မတ်တပ်ရပ်နေပြီး ၎င်းတို့၏လက်သည်းများကိုမြင့်လိုက်ကာ, မြေကြီးကိုခြေမွရန်သုံးလိုက်သည်။

အဖြူရောင်မီးသင့်ကျောက်ပါးကြမ်းပြင်သည်,
အဝါရောင်အငွေ့များထွက်ပေါ်လာပြီး,
ပွဲခင်းတွင်သဲမုန်တိုင်းပုံစံကဲ့သို့ဖြစ်ပေါ်အောင်လုပ်လိုက်
သည်။

အဝါရောင်အငွေ့များကဆိုးရွားသောအနံ့ကိုသယ်ဆောင်
လာပြီး နှေးကွေးစွာဖြင့် သိပ်သည်းစေသည်။ အဆုံး၌,
၎င်းကတစ်ဝက်ရှိသောဖောက်ထွင်းမြင်ရသည့်
အညိုနုရောင်နံရံတစ်ခုဖြစ်ပေါ်လာသည်။

ရွှေရောင်ကျောပြင်တောဝက်က ၎င်းကိုမကြောက်ရွံ့ပေ။
ထို့ကြောင့်၎င်းထံသို့
ရဲရင့်စွာဖြင့်အပြေးအလွှားသွားတော့သည်။

နံရံကပြင်းထန်စွာဖြင့်တုန်ခါသွားသည်၊
ရွှေရောင်ကျောပြင်တောဝက်ရိုက်မိသည့်နေရာ၌
အက်ကွဲကြောင်းများရှိလာသည်။ ထို့အပြင်,

စာစဉ် ၁၆

နံရံ၏ထိပ်ဆုံးအထိကွဲအက်နေသော
အက်ကွဲကြောင်းတစ်ခုလည်းဖြစ်လာသည်။

ဒေစီကသူမကိုယ်သူမတည်ငြိမ်အောင်နေလိုက်သည်။
ကျေးဇူးတင်စရာကောင်းစွာဘဲ,
ကျောက်စိမ်းဖြူမီးသင့်ကျောက်ပြားများကအလွန်ခိုင်ခံ့ေ
ာကြောင့်, ဆိုလိုသည်မှာ
ဖျံများဖန်တီးထားသောနံရံသည်လည်းအတော်လေးခိုင်မ
ာသည်ဟုဆိုရမည်။
မဟုတ်လျှင်နံရံကတော၀က်ကြောင့်ကျိုးကြေသွားလိမ့်မ
ည်။

***

စာစဉ် ၁၆ ပြီး၏။